မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၇၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ တနင်္လာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်စီမံကိန်း အလားအလာများဆွေးနွေး

နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဂျပန်နိုင်ငံကထောက်ခံ

တိုကျို ဒီဇင်ဘာ ၁၅

မြန်မာ-ဂျပန်နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်ရုံး၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း အလားအလာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် စာတိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံ-ဂျပန်ဆက်ဆံရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

အာဆီယံ-ဂျပန်ဆက်ဆံရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ်ရုံး၌ ကျင်းပသည့် မြန်မာ-ဂျပန်နှစ်နိုင်ငံဆွေးနွေးပွဲ တက်ရောက်စဉ်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး

M.V Seven Sea Voyager သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၅

ယနေ့ညနေ ၃ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ ကမ္ဘာလှည့်ခရီးသည် ၆၅၉ ဦး လိုက်ပါလာသည့် အပျော်စီးသင်္ဘောကြီး M.V Seven Sea Voyager ရောက်ရှိလာသည်။

အဆိုပါ အပျော်စီးသင်္ဘောကြီးသည် မြန်မာနိုင်ငံသို့ တတိယအကြိမ်ရောက်ရှိလာခြင်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံ Trincomalee ဆိပ်ကမ်းမှ တစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များသည် ဒီဇင်ဘာ ၁၇ ရက်အထိ သုံးရက်ကြာ နေထိုင်

သတင်းနှင့်ဓာတ်ပုံ-ခင်ချိုဝင်း

ကြပြီး ရန်ကုန်၊ ပုဂံ၊ ပဲခူး ဒေသများသို့ သွားရောက်လည်ပတ်ကြမည် ဖြစ်သည်။ ရန်ကုန်မြို့ ကလေးဝ ဘုန်းကြီးကျောင်းသို့ သွားရောက်၍ မြန်မာ့ရိုးရာ ရှင်ပြုပွဲကိုလည်း လေ့လာကြည့်ရှုကြမည်ဖြစ်သည်။

ဤကမ္ဘာလှည့် ခရီးသည်တင် အပျော်စီးသင်္ဘောကြီးသည် အမေရိကန်အခြေစိုက် Prestige Cruises Holdings Inc. လက်အောက်ရှိ Regents Seven Sea Cruises မှသင်္ဘောကြီးဖြစ်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုတို့ဖြင့် Myanmar Voyages International Tourism Co., Ltd. က စီစဉ်သည့် ခရီးစဉ်ဖြစ်သည်။

"အပျော်စီး သင်္ဘောခရီးစဉ်တွေဟာ ကျွန်တော်တို့နိုင်ငံကို အမြည်းသဘောလာတဲ့ ခရီးစဉ်တွေလို့ ပြောနိုင်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေဟာ မြန်မာနိုင်ငံနဲ့စပ်လျဉ်းလို့ မြည်းစမ်းခွင့်ရပြီးနောက်ပိုင်း လေကြောင်းခရီးကနေ ထပ်ခါထပ်ခါလာကြပါတယ်။ သူတို့ရဲ့နားတွေ၊ မျက်စိတွေ၊ ပါးစပ်တွေက ကျွန်တော်တို့တိုင်းပြည်ရဲ့အေးချမ်းသာယာမှုကို သိရှိခွင့်ရပြီး Tourism ဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုပါတယ်" ဟု Myanmar Voyages International Tourism Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးသက်လွင်တိုးက ရှင်းပြသည်။

အဆိုပါ သင်္ဘောကြီးဖြင့် လိုက်ပါလာသည့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှ အသက် ၆၀ ခန့်ရှိ ကမ္ဘာလှည့် အမျိုးသားကြီးက "မြန်မာနိုင်ငံကို လာရတာ အလွန်ဝမ်းသာကြည်နူးမိတယ်။ ဒီမှာလည်ပတ်ဖို့ စီစဉ်ထားတဲ့ ခရီးစဉ်တွေကလည်း ကျေနပ်ပျော်ရွှင်စရာ ဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အီးကျူနှင့် အိုင်ကျူ

လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ထက်မြက်သွက်လက်စွာလုပ်ကိုင်ရန်ကား ယနေ့လူပြောများနေသည့် အီးကျူနှင့် အိုင်ကျူမြင့်မားရေးသည် အထူးလိုအပ်လှပေသည်။ အီးကျူ၊ အိုင်ကျူ မြင့်ခြင်း၊ မမြင့်ခြင်းသည် လုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်မှုရှိခြင်း၊ မရှိခြင်းနှင့် သက်ဆိုင်နေသော အချက်ပင်ဖြစ်သည်။

အီးကျူနှင့် အိုင်ကျူမြင့်သောသူများသည် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်တတ်ကြသည်။ အထူးသဖြင့် စီမံခန့်ခွဲရေးကိစ္စများတွင် အီးကျူနှင့် အိုင်ကျူမြင့်သူများမှာ အခြားသူများထက် ပိုမိုသာလွန်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်ကို တွေ့ရပေသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်သည့်သဘောရှိသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် အီးကျူနှင့် အိုင်ကျူကို မြင့်မားအောင် ဆောင်ရွက်ရန်သာရှိသည်။ အီးကျူနှင့် အိုင်ကျူသည် လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်လာပြီဖြစ်သည်။ အီးကျူသည် သင်ယူလေ့လာဆည်းပူးရသော အတတ်ပညာ၊ အသိပညာများနှင့် အများဆုံးသက်ဆိုင်သည်။ အတွေ့အကြုံ၊ ဗဟုသုတ၊ အသိအမြင်များနှင့်လည်း သက်ဆိုင်သည်။ အိုင်ကျူသည်ကား မှတ်ဉာဏ်စွမ်းအား ထက်မြက်မှုနှင့်ဆိုင်သည်။ တစ်နည်းဆိုလျှင် ပင်ကိုစွမ်းရည် ထက်မြက်မှုပင်ဖြစ်သည်။ သို့သော် အိုင်ကျူသည်လည်း လေ့ကျင့်ယူရသောအရာဖြစ်သည်။ ငယ်ရွယ်စဉ်ကလေးများကို သင်္ချာကဲ့သို့ အတွက်အချက် သင်ကြားပေးခြင်းအလုပ်သည် အိုင်ကျူစွမ်းအားကောင်းမွန်သည်ထက် ကောင်းမွန်လာအောင် လေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။ ငယ်ရွယ်စဉ် သင်္ချာပညာထူးချွန်သော ကလေးများသည် အရွယ်ရောက်လာသည့်အခါ စီမံခန့်ခွဲရေးအလုပ်များ ကောင်းစွာလုပ်တတ်လေ့ရှိကြောင်း ပညာရှင်တို့က ဆိုဖူးသည်။ အိုင်ကျူသည် ဦးနှောက်ကို အလုပ်များများခိုင်းပြီး လေ့ကျင့်ပေးခြင်းဖြစ်သည်။

ထို့ကြောင့် အီးကျူမြင့်လာရန် အတွေ့အကြုံဗဟုသုတများရန် လိုသည်။ အိုင်ကျူမြင့်ရန် ဦးနှောက်မှတ်ဉာဏ်စွမ်းအားကို များများ လေ့ကျင့်ပေးရန် လိုသည်။ အီးကျူနှင့် အိုင်ကျူမြင့်လာသည်နှင့်အမျှ လုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ရာတွင် ထက်ထက်မြက်မြက် ဆောင်ရွက်လာနိုင်သော လူတော်လူကောင်းများ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ငါးလုပ်ငန်းဦးစီးဌာနနှင့် Myanmar Gold Coin International Co.,Ltd.တို့ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၁၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက ဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပသော ငါးလုပ်ငန်းဦးစီးဌာနနှင့် Myanmar Gold Coin International Co.,Ltd.တို့ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဤကုမ္ပဏီအနေဖြင့် ရေချိုပုစွန် တိုးချဲ့မွေးမြူရေးလုပ်ငန်း၊ အရည်အသွေးကောင်းမွန်သော ရေချိုပုစွန်တစ်မျိုးဖြစ်သည့် ပုစွန်ဖြူ သားပေါက်ထုတ်လုပ်မှု လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် (Capacity Building) မြင့်မားစေရန် ဌာနတွင်းပညာရှင်များနှင့်ပူးပေါင်း၍ နည်းပညာများ ဖလှယ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် Myanmar Gold Coin International Co.,Ltd. တို့ လုပ်ငန်းဆောင်ရွက်ရာတွင် Product Share 40 %, 60% အဖြစ်အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ပုစွန်သားပေါက်ပိုမိုထုတ်လုပ်ပြီး ပုစွန်မွေးမြူခြင်းလုပ်ငန်းကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် စားနပ်ရိက္ခာဖူလုံပြည့်ဝရေး (Food Security)ကို များစွာ အထောက်အကူ ပြုမည်ဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းအား ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public -Private Partnership)အရ ပိုမိုနီးကပ်စွာလက်တွဲပြီး ရင်းနှီးမှု ယုံကြည်မှုအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး အစီအစဉ်အရ ငါးလုပ်ငန်းဦးစီးဌာနနှင့် Myanmar Gold Coin International Co.,Ltd. တာဝန်ရှိသူများက သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ (ဒုတိယပတ်) ရန်ကုန်၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ အားကစားလလူထုလမ်းလျှောက်ပွဲ(ဒုတိယပတ်)လှုပ်ရှားမှုကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲက ဒဂုံမြို့နယ် မြို့မကျောင်းလမ်းနှင့် စံကားဝါလမ်းဆုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်သူများသည် နံနက် ၅ နာရီခွဲတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းနှင့် စံကားဝါလမ်းဆုံ စုရပ်မှ မြို့မကျောင်းလမ်းအတိုင်း၊ ၎င်းမှအလုံလမ်း၊ ဦးဝိစာရအဝိုင်းကိုပတ်၍ ဦးထောင်ဘိုလမ်းအတိုင်း ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ၎င်းမှ အရှေ့ဘက်မုခ်၊ မြောက်ဘက်မုခ်သို့ အာဇာနည်လမ်းအတိုင်း၊ ၎င်းမှရွှေဂုံတိုင်လမ်းသို့ ညာဘက်ချိုးဝင်၍ဗဟန်း အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး ဗဟန်းအားကစားကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ အမှတ်(၁/၂) လေ့ကျင့်ခန်းများ စုပေါင်းလှုပ်ရှားကြသည်။

အဆိုပါ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲ (ဒုတိယပတ်)တွင် အားကစားနှင့် ကာယပညာသိပ္ပံမှ ကျောင်းသား ကျောင်းသူများ၊ ဗဟန်း၊ လှိုင်၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လမ်းမတော်၊ စမ်းချောင်း၊ ကမာရွတ်၊ လသာ၊ ကျောက်တံတား၊ ဒဂုံ၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်များမှ ဒေသခံပြည်သူများ ၃၅၀၀၀ ကျော် ပါဝင်ဆင်နွှဲကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အန္တရာယ်ရှိသောတံတား ပြုပြင်သင့်ပြီ

ထင်သာမြင်သာ ပြုပြင်စရာ

ခရမ်း-သုံးခွ-ပဲခူး ကားလမ်းမကြီးသည် ‘က’ စာရင်းဝင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည်။ ခရမ်းမှလည်းကောင်း၊ သုံးခွမှလည်းကောင်း သက္ကလမှလည်းကောင်း ပဲခူးမြို့သို့ သွားလာရာတွင် အခြားလမ်းမရှိဘဲ ကားလမ်းတစ်မျိုးတည်းသာရှိပြီး နေ့စဉ်ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းပို့ဆောင်ရေးယာဉ်များ၊ ကျေးလက်ဒေသများမှ ကျောင်းတက်နေကြရသည့် ကျောင်းသား ကျောင်းသူများ သွားလာအသုံးပြုနေရသော ကားလမ်းဖြစ်သည်။

ကားလမ်းကို အင်္ဂလိပ်ခေတ်က အသုံးပြုခဲ့သော ရထားလမ်းတာမြေပြင်မှ ခြောက်ပေခန့်မြင့်သည့် တာပေါ်၌ ဖောက်လုပ်ထားပြီး ချောင်းကူး၊ မြောင်းကူးတံတားများလည်း မြောက်မြားစွာ ရှိသည်။ ထိုတံတားများထဲမှ ခရမ်းမြို့နယ် ဇွဲတွန်ကျေးရွာအနီး ချောင်းပေါ်၌ရှိသည့် ကားလမ်းကူးဘေလီတံတားမှာ ပုံပါအတိုင်း အောက်ခြေကွန်ကရစ်တိုင်များ ပြိုကျလျက်ရှိသောကြောင့် **(အပေါ်ပုံ)** တံတားပေါ် ကားဖြတ်တိုင်း ညွှတ်ပက် ညွှတ်ပက်နှင့် မောင်းသော ကားတိုင်းဘုရားတ မောင်းနေကြရသည်။ တစ်နေ့မဟုတ်တစ်နေ့ တံတားကျိုးပြီး အန္တရာယ်နှင့် ကြုံတွေ့နိုင်သောကြောင့် တာဝန်ရှိသူများမှ ပြုပြင်ပေးနိုင်ရန် လိုလားနေကြသည်။

ခရမ်း-စိုးမြင့်

ဒီဇင်ဘာဒုတိယပတ် လမ်းလျှောက်

ကန့်ဘလူ ဒီဇင်ဘာ ၁၅

ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုလမ်းလျှောက်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ဒီဇင်ဘာ ၁၄ ရက် နံနက် ၅နာရီက ပိတောက်သီဂီခန်းမရှေ့ စုရပ်တွင် စုဝေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင် ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀၀ ခန့်သည် သတ်မှတ်ချိန်တွင် ဗိုလ်ချုပ်လမ်းအတိုင်း စတင်ထွက်ခွာခဲ့ပြီး ဆိပ်ဖူးမြောင်ကျေးရွာသို့ တပျော်တပါးပါဝင်ဆင်နွှဲ လမ်းလျှောက်ကြသည်။ ကန့်ဘလူမြို့နယ်တွင် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

အမှာစကားပြောကြား

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား နာဂိုယာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော် သမ္မတဦးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆူဇူကီးစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

တိုကျို ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် တိုကျိုမြို့မှ အမြန်ရထားဖြင့် ဂျပန်နိုင်ငံ ဟာမားမတ်စုမြို့ရှိ ဆူဇူကီးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာရာ ဆူဇူကီးကုမ္ပဏီဥက္ကဋ္ဌ Mr.Osamu Suzuki နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆူဇူကီးကော်ပိုရေးရှင်းသည် ဂျပန်နိုင်ငံတွင် ကုမ္ပဏီခွဲပေါင်း ၇၆ ခုနှင့် ကမ္ဘာအနှံ့တွင် ကုမ္ပဏီရုံးခွဲပေါင်း ၆၅ ခုကို ဖွင့်လှစ်ထားသည်။ ဆူဇူကီးကော်ပိုရေးရှင်းသည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ခုနစ်သန်းဖြင့် ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများကို ၂၀၁၃ ခုနှစ် မေလမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟာမားမတ်စုမြို့မှ အမြန်ရထားဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နာဂိုယာမြို့ရှိ ခေတ္တတည်းခိုမည့် Marriot Nagoya Associa ဟိုတယ်သို့ ရောက်ရှိသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား နာဂိုယာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ NHK အသံလွှင့်မီဒီယာလုပ်ငန်းမှ Senior Commentator နှင့် အဖွဲ့အားလက်ခံတွေ့ဆုံပြီး မေးမြန်းချက်များပြန်လည်ဖြေကြား

တိုကျို ဒီဇင်ဘာ ၁၅

ဂျပန်နိုင်ငံ၌ ထိပ်သီးအစည်းအဝေးများတက်ရောက်ရန် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် တိုကျို မြို့ Imperial ဟိုတယ် The Salon ခန်းမ၌ ဂျပန်နိုင်ငံ NHK အသံလွှင့်မီဒီယာလုပ်ငန်းမှ Senior Commentator ဖြစ်သူ Ms.Aiko Doden နှင့် အဖွဲ့အား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂျပန်နိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရင်းနှီးမှု ဖလှယ်ရေးကောင်စီ ဥက္ကဋ္ဌ မစ္စတာ ကန်မတ်ဆူဇာဝါနှင့် အဖွဲ့အားလည်းကောင်း၊ International University of Japan (IUJ) မှ ပါမောက္ခ ဦးမောင်အောင်မျိုးနှင့် အဖွဲ့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် JGC ကော်ပိုရေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ မစ္စတာ ယိုရှိုဟီရိုရှိဂဲဟိစနှင့် အဖွဲ့အားလည်းကောင်း၊ နံနက် ၈ နာရီခွဲတွင် နီခေးအကျိုးတူလုပ်ငန်းစု ဥက္ကဋ္ဌ Mr. Yoshihiro Shigehisa နှင့်အဖွဲ့အားလည်းကောင်း၊ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့အားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်သည် Sumitomo Corporation မှ ဒုတိယဥက္ကဋ္ဌ Mr.Minoura နှင့် အဖွဲ့ကိုလည်းကောင်း၊ Sompo Japan Insurance Inc မှ Mr.Ken go Sakurada နှင့် အဖွဲ့ကိုလည်းကောင်း၊ တိုကျိုမြို့ Imperial ဟိုတယ်၌ အသီးသီးလက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ NHK အသံလွှင့်မီဒီယာလုပ်ငန်းမှ Senior Commentator ဖြစ်သူ Ms.Aiko Doden တွေ့ဆုံမေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

အထက(၁)ဒဂုံ ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၅

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မိဘဆရာအသင်းနာယကဒေါ်ခင်သန်းနွဲ့နှင့် ဒေါ်ခင်သက်ဌေးတို့က ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် ရန်ကုန်တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ဗီယက်နမ်နိုင်ငံသည် အဓိကကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာရန် အလားအလာရှိ

ဟိုချီမင်း ဒီဇင်ဘာ ၁၅

ဗီယက်နမ်သည် ဒေသတွင်းတွင် အမေရိကန်၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်လာရန် များစွာအလားအလာရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ဗီယက်နမ်တောင်ပိုင်းရှိ ဟိုချီမင်းမြို့တော်တွင် ကျင်းပသော အမေရိကန်နှင့်ဗီယက်နမ်တို့၏ ဆွေးနွေးပွဲတွင် ဗီယက်နမ်သည် ကမ္ဘာ့ဖွံ့ဖြိုးမှုကို အမီလိုက်ရန် အလားအလာကောင်းသော ဖွံ့ဖြိုးရေးကို ဆက်လက်ထိန်းသိမ်းထားသည်ဟု ကယ်ရီက ပြောကြားသည်။

ဆက်လက်ပြောကြား

အမေရိကန်နှင့် ဗီယက်နမ်တို့သည် ကုန်သွယ်မှုလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်။ နှစ်နိုင်ငံ၏ ကုန်သွယ်ရေး အနုတ်အသိမ်းသည် ၁၉၉၅ ခုနှစ်တွင် ဒေါ်လာ ၅၅၀၀၀ ရှိရာမှ လက်ရှိတွင် ဒေါ်လာ ၂၅ ဘီလီယံသို့ တိုးတက်လာကြောင်း ကယ်ရီက ဆက်လက်ပြောကြားသည်။

အမေရိကန်ပြည်သူများသည် ဗီယက်နမ်နှင့် ပတ်သက်ပြီး စစ်ပွဲများအကြောင်းကို မစဉ်းစားတော့ဘဲ အမေရိကန် ပြည်ထောင်စုနှင့် သံတမန်ဆက်ဆံရေး ကောင်းမွန်ပြီး ဖွံ့ဖြိုးရေးအလားအလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်လျက်ရှိကြောင်း ကယ်ရီက ပြောကြားခဲ့သည်ဟု နိုင်ငံပိုင်သတင်းဌာန ဗွီအင်န်အေက ဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဒီဇင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် လေးရက်တာခရီးလည်ပတ်လျက်ရှိသည်။ **(ဆင်ဟွာ)**

လေကြောင်းကာကွယ်ရေးဇုန်အပေါ် ဂျပန်ဝန်ကြီးချုပ်၏ ဝေဖန်မှုကို တရုတ်က ရှုတ်ချ

တိုကျို ဒီဇင်ဘာ ၁၅

တရုတ်နိုင်ငံသည် ၎င်း၏လေကြောင်းကာကွယ်ရေးဇုန်နှင့်ပတ်သက်၍ ဂျပန်နိုင်ငံနှင့်အချေအတင် စကားစစ်ထိုးမှုများ အရှိန်မြင့်တက်လာစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ "ရန်ငြိုးဖွဲ့အသရေဖျက်မှု"နှင့် ပတ်သက်၍ ရှုတ်ချလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ဖော်ပြထားသည်။

အရှေ့တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားနေသော ကျွန်းများအပေါ်လွှမ်းခြုံလျက် လေကြောင်းကာကွယ်ရေးဇုန်ကို မကြာသေးမီက တရုတ်နိုင်ငံက ကြေညာခဲ့ခြင်းသည် "ပင်လယ်ပြင်များပေါ်လွတ်လပ်စွာ ဖြတ်ကျော်ပျံသန်းခွင့်ကို မတော်မတရား ချိုးဖောက်စော်ကားခြင်းဖြစ်သည်"ဟူ၍ ယမန်နေ့က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ဂျပန်ဝန်ကြီးချုပ်က ပြောကြားလိုက်ပြီး ပေကျင်းအစိုးရသည် ၎င်း၏ထုတ်ပြန်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းရန်လည်း တောင်းဆိုလိုက်သည်။

ဂျပန်၊ အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံတို့တွင် ဆန္ဒပြပွဲများကို ဖြစ်ပေါ်စေခဲ့သည့် အဆိုပါ လေကြောင်းကာကွယ်ရေးဇုန်ထုတ်ပြန်ကြေညာမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟုန်လီက ကာကွယ်ပြောကြားသွားသည်။

တရုတ်နိုင်ငံကို အသရေပျက်စေသည့် ဂျပန်ဝန်ကြီးချုပ်၏ ပြောဆိုမှုများနှင့်ပတ်သက်၍ မိမိတို့ပြင်းပြင်းထန်ထန် မကျေမနပ်ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဟုန်က ထည့်သွင်းဖော်ပြထားသည်။

တိုကျိုမြို့တွင် ယမန်နေ့ကကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲတစ်ခု၌ ရေကြောင်းနှင့်လေကြောင်း သွားလာမှု လွတ်လပ်ခွင့်လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များအကြား သဘောတူညီခဲ့ကြပြီး အငြင်းပွားမှုများကို ငြိမ်းချမ်းသော နည်းဖြင့်ဖြေရှင်းရန် တောင်းဆိုလိုက်သည်။

အာဆီယံနိုင်ငံအတော်များများမှာ တရုတ်နိုင်ငံနှင့်စီးပွားရေးဆက်ဆံမှု နက်နက်ရှိုင်းရှိုင်းရှိနေကြသည်။ **(ရိုက်တာ)**

ယူကရိန်း ဆန္ဒပြသူများ အစိုးရနှင့်ဆွေးနွေးရန် သဘောတူ

ကိယက်ဗ် ဒီဇင်ဘာ ၁၅

နိုင်ငံရေးအကျပ်အတည်းလျော့ကျစေရန် သမ္မတယာနူကိုဗစ်၊ အစိုးရကိုယ်စားလှယ်များနှင့်အတူ စေ့စပ်ဆွေးနွေးမည်ဟု ယူကရိန်းဆန္ဒပြခေါင်းဆောင်များက ဒီဇင်ဘာ ၁၃ ရက်က သဘောတူခဲ့သည်။

အဓိကဆန္ဒပြခေါင်းဆောင်နှင့် အတိုက်အခံ အူဒါပါတီခေါင်းဆောင် ဗီလာလီကလစ်ကိုက ၎င်းတို့အနေဖြင့် ဆွေးနွေးပွဲတွင် ပါဝင်မည်ဖြစ်ကြောင်း ဆန္ဒပြသူများနှင့် သတင်းထောက်များအား ကိယက်ဗ်မြို့လယ်တွင် ပြောကြားခဲ့သည်။ ယူကရိန်းအတိုက်အခံပါတီသည် ဆွေးနွေးပွဲတွင် အာဏာပိုင်များနှင့် ကိစ္စရပ်များစွာကို ဆွေးနွေးလိုသည့်အပြင် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးနှင့်အစိုးရ နုတ်ထွက်ရေး ကိစ္စရပ်များသည် ဆွေးနွေးပွဲအစီအစဉ်တွင် အရေးအကြီးဆုံးဖြစ်ကြောင်း ကလစ်ကိုက ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

မြောက်ကိုရီးယားခေါင်းဆောင်၏ ဩဇာကြီးမားသော အဒေါ်ကင်မ်ကျုံဟွီ ခင်ပွန်းဖြစ်သူသေဒဏ်ချမှတ်ခံရပြီးနောက် အစိုးရအသိုင်းအဝိုင်းတွင် တည်ရှိနေဆဲ

ပြုံယမ်း ဒီဇင်ဘာ ၁၅

မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်၏ ဩဇာတိက္ကမကြီးမားသည့် အဒေါ်ကင်မ်ကျုံဟွီသည် ၎င်း၏ခင်ပွန်းဖြစ်သူ လွန်ခဲ့သည့် ရက်သတ္တပတ်က ကွပ်မျက်ခံခဲ့ရပြီးသည့်တိုင်အစိုးရအဖွဲ့၏ အတွင်းစည်းအစိတ်အပိုင်းတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း၊ ကွပ်မျက်ခံခဲ့ရသည့် ၎င်း၏ခင်ပွန်းသည် မြောက်ကိုရီးယားတွင် ဒုတိယအာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်ခဲ့ကြောင်း သတင်းတစ်ရပ်က ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်ဟောင်း ကင်မ်အီဆွန်း၏ သမီးဖြစ်ပြီး အသက် ၆၇ နှစ်ရှိပြီဖြစ်သည့် ကင်မ်ကျုံဟွီကို မြောက်ကိုရီးယား အာဏာရပါတီ၏ နှစ်ပတ်လည်ဈာပနအခမ်းအနား ကော်မတီဝင်တစ်ဦးအဖြစ် ရွေးချယ်လိုက်ကြောင်း ယမန်နေ့ ညပိုင်းက ကြေညာလိုက်ရာ ယင်းမှာ ဂုဏ်ဒြပ်ကြီးမားသောအဆောင်အယောင်နေရာတစ်ခုဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိ ခေါင်းဆောင်ကင်မ်ဂျုံအန်၏ ဖခင် ကင်မ်ဂျုံအီးလ် ကွယ်လွန်သည့် ဒုတိယနှစ်ပတ်လည်နေ့ မတိုင်မီ ရက်အနည်းငယ်မျှအလိုတွင် ကင်မ်၏ ဦးလေးတော်သူ ဂျန်ဆုန်သက်ကို အာဏာသိမ်းရန် ကြံစည်မှု၊ တိုင်းပြည်စီးပွားရေးကို ကမောက်ကမ ဖြစ်စေမှုတို့ဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား ခေါင်းဆောင်ဟောင်း ကင်မ်ဂျုံအီးလ်၏ ဒုတိယမြောက်နှစ်ပတ်လည် ဈာပနအခမ်းအနားကို လာမည့် အင်္ဂါနေ့တွင် ကျင်းပမည် ဖြစ်သည်။ **(ရိုက်တာ)**

လူမပါသည့် တရုတ်အာကာသယာဉ် လမျက်နှာပြင်ပေါ် ဆင်းသက်

ရှန်ဟိုင်း ဒီဇင်ဘာ ၁၅

တရုတ်နိုင်ငံကလွှတ်တင်ခဲ့သည့် လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်သည် ယမန်နေ့က လမျက်နှာပြင်ပေါ်သို့ ညင်သာစွာ ဆင်းသက်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။



တရုတ်ရိုးရာ ဒဏ္ဍာရီလာ လနတ်သမီးတစ်ပါး၏ အမည်ကို ပေးထားသည့် အဆိုပါ အာကာသယာဉ်သည် "ကျောက်စိမ်းယုန်" အမည်ရှိ နေစွမ်းအင်သုံး လမျက်နှာပြင် စူးစမ်းလေ့လာရေး ယာဉ်ငယ်ကိုလည်း သယ်ဆောင်သွားခဲ့သည်။

ကြိုပမ်းဆောင်ရွက်

တရုတ်နိုင်ငံသည် စစ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် သိပ္ပံရေးရာတို့အတွက် ၎င်း၏အာကာသအစီအစဉ်များကို မြှင့်တင်ရန် ရည်မှန်းချက် ကြီးကြီးမားမားထားရှိကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **(ရိုက်တာ)**

ကမ္ဘာ့တစ်ဝှမ်းမှမြန်မာဆရာဝန်များနှင့်သွားနှင့်ခံတွင်းဆရာဝန်များ ပြန်လည်တွေ့ဆုံပွဲ

ကမ္ဘာ့တစ်ဝှမ်းမှမြန်မာဆရာဝန်များနှင့်သွားနှင့်ခံတွင်းဆရာဝန်များပြန်လည်တွေ့ဆုံပွဲ (Global Reunion of Myanmar Medical and Dental Graduates) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၈)ရက်နေ့မှ (၁၀)ရက်နေ့အထိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)နှင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်မည့်သူများ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) [illegible] ရန်ကုန်မြို့ တွင် ရုံးအချိန်အတွင်း (၃၁-၁၂-၂၀၁၃)ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် ကြေညာအပ်ပါသည်။

ဆက်သွယ်စုံစမ်းရန်

[illegible]

(ကျင်းပရေးကော်မတီ)

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပြေးခုန်ပစ်၊ လမ်းလျှောက်၊ ဂေါက်သီးရိုက်၊ စက်ဘီး၊ ကရာတေးဒိုပြိုင်ပွဲများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကီလိုမီတာ၂၀ လမ်းလျှောက်ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ရွှင်ရယ်မြန်မာဂေါက်ကလပ်၌ မြန်မာ့ လက်ရွေးစင်အားကစားသမားများကို အားပေးစကားပြောကြားကာ ရွှင်ရယ် မြန်မာဂေါက်ကွင်းကို ကြည့်ရှု စစ်ဆေးခဲ့သည်။

ဆက်လက်၍ ရာဇဌာနီလမ်းနှင့်ဆီအဝိုင်း၌ စက်ဘီးပြိုင်ပွဲ ကီလိုမီတာ ၃၀ တစ်ဦးချင်း စံချိန်ပြုအမျိုးသမီးပွဲစဉ်တာလွှတ်ခြင်းကို ကြည့်ရှုအားပေးပြီး ကီလိုမီတာ ၂၀ အမျိုးသား၊ အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို တက်ရောက်ရာ ပြိုင်ပွဲတွင် ပထမဆုရမြန်မာမှ စောမာလာနွယ်၊ ဒုတိယဆုရ ဗီယက်နမ်နှင့် တတိယဆုရ မြန်မာမှ ကေခိုင်မျိုးထွန်းတို့အား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် အာရှပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးတို့ကလည်းကောင်း၊ အမျိုးသားပွဲစဉ် ပထမဆုရ အင်ဒိုနီးရှား၊ ဒုတိယဆုရ ဗီယက်နမ်နှင့် တတိယဆုရမြန်မာမှ မျိုးသီဟတို့အား အာရှပြေးခုန်ပစ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့ကလည်းကောင်း ဆုချီးမြှင့်ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း ကီလိုမီတာ ၂၀ အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရ အားကစားမယ် စောမာလာနွယ်နှင့်အတူ အောင်ပွဲခံစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကရာတေးဒို ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

✻ ကျောဖုံးမှ

ပထမဆုရရှိသည့် မြန်မာအားကစားသမား ဇေယျာအား (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ချက်ချင်းငွေသားဆု ခုနစ်သိန်းနှင့် ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီမှ ငွေကျပ်သိန်း ၁၀၀ တိတိ ဆုချီးမြှင့်သည်။

ဆက်လက်၍ ၆၀-၆၅ကီလို (D) Class ပြိုင်ပွဲမှ ဆုရရှိသည့် အားကစားသမားများဖြစ်ကြသည့် မြန်မာက ကျော်နိုင်ထွန်း၊ ဒုတိယရရှိသော မလေးရှားမှ အားကစားသမား၊ ပူးတွဲ တတိယရရှိသော ထိုင်းနှင့် အင်ဒိုနီးရှားမှ အားကစားသမားတို့အား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဆုများချီးမြှင့်သည်။ ပထမဆုရရှိသော မြန်မာအားကစားသမား ကျော်နိုင်ထွန်းအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ချက်ချင်းငွေသားဆု ခုနစ်သိန်း၊ ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀ တို့ကို ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကံမမြို့နယ်အသင်း(ရန်ကုန်) (၁၄)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ကံမမြို့နယ်အသင်း (ရန်ကုန်)(၁၄)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ မဟာပုညောပကာရဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းအောင်(ငြိမ်း)က အသင်းဖွဲ့စည်းတည်ထောင်ရသည့် ရည်ရွယ်ချက်များနှင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ(၂) ဦးသိန်းတန်က အသင်း၏ ၂၀၁၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် အသင်းဝင်များ၏ သားသမီးများအား ဆုများချီးမြှင့်ပြီး ၇၀ နှစ်နှင့်အထက် ဘိုးဘွားများအား ကန်တော့ကြသည်။ **(သတင်းစဉ်)**

ကော့သောင်း ခုနစ်မိုင် မြို့ရှောင်ကွင်းတောင်ပတ်လမ်းတွင် ဆယ်ဘီးယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ကော့သောင်း ဒီဇင်ဘာ ၁၅

ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ ခုနစ်မိုင်မြို့ရှောင်ကွင်းတောင်ပတ်လမ်းတွင် ဒီဇင်ဘာ ၁၄ ရက် နေ့လယ်ပိုင်းက ဆယ်ဘီးမော်တော်ယာဉ် တစ်စီးတိမ်းမှောက်မှုဖြစ်ပွားသည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ ယုဇနဆီအုန်းစိုက်ပျိုးရေး ကုမ္ပဏီပိုင် အဆိုပါဆယ်ဘီးယာဉ်သည် တော်ဝင် ဆိပ်ကမ်းတံတားတွင် ဓာတ်မြေသြဇာ တင်ဆောင်ပြီး အပြန်ခရီးတွင် မြို့ ရှောင်ကွင်းလမ်းဖြစ်သည့် ရွှေပြည်စိုးကျေးရွာ ခုနစ်မိုင် တောင်ပတ်လမ်းအတိုင်း ကုမ္ပဏီသို့အပြန် ကုန်းအဆင်းအကွေ့တွင် ဘရိတ်ပေါက်သဖြင့် ယာဉ်မောင်းဖြစ်သူက ဝဲဘက်တောင်ကမ်းပါးယံသို့ အရှိန်ထိန်းရန် ဝင်ရောက်တိုက်ခဲ့သော်လည်း ယာဉ်မှာပြန်လည်ထွက်လာပြီး ယာဘက်ကုန်းစောင်းပေ ၂၀၀ ခန့်နက်သည့် ရော်ဘာစိုက်ခင်းချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အရေးယူ

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် ယာဉ်မောင်းဦးကျော်မင်းသိန်းမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ယာဉ်နောက်လိုက်မှာ ဒဏ်ရာအနည်းငယ်ရရှိသည်မှလွဲ၍ လမ်းပေါ်ရှိ တခြားမည်သည့်ယာဉ်နှင့် လူများကို ထိခိုက်မိခြင်းမရှိကြောင်း၊ တိမ်းမှောက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

အလိုမှာ စာမှာရှိ

ပုသိမ်မြို့ ငွေဆောင်၌ ကျင်းပသည့် ဆီးဂိမ်းအားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲအဖွင့်ပွဲစဉ်များကို ဒီဇင်ဘာ ၁၅ ရက် နံနက်က စတင်ကျင်းပရာ ရွက်လှေပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-(သတင်းစဉ်)

ထိုင်းအမျိုးသမီးအလေးမ ရွှေတံဆိပ်နှစ်ခုဖြင့် စံချိန်သစ်နှစ်ခုတင်

ရန်ကုန် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးအလေးမပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ရန်ကုန်မြို့ သိမ်ဖြူ အားကစားရုံ၌ ဒီဇင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီက စတင်ကျင်းပသည်။

အမျိုးသမီးအလေးမ ၅၈ ကီလိုတန်းတွင် ထိုင်းနိုင်ငံမှ အမြန်မ ၁၀၂ ကီလို၊ နှစ်ဆင့်မ ၁၂၃ ကီလို စုစုပေါင်း ၂၂၅ ကီလိုဖြင့် အရှေ့တောင်အာရှ အမျိုးသမီး ၅၈ ကီလိုတန်းတွင် အမြန်မနှင့် နှစ်ဆင့်မစုစုပေါင်း စံချိန်သစ်တင်ပြီး ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီးအလေးမ ၆၃ ကီလိုတန်းတွင် ထိုင်းနိုင်ငံမှပင် အမြန်မ ၉၉ ကီလို၊ နှစ်ဆင့်မ ၁၃၂ ကီလို စုစုပေါင်း ၂၃၁ ကီလိုဖြင့် အရှေ့တောင်အာရှအမျိုးသမီး ၆၃ ကီလိုတန်းတွင် အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်း စံချိန်သစ်တင်ပြီး ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ **(သတင်းစဉ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ကနေဒါ

ပါမောက္ခဒေါက်တာ အောင်ထွန်းသက်

ကျွန်တော် ကနေဒါကို မရောက်တာ ၁၅ နှစ်ကျော်ခဲ့ပြီ။ အရင်တစ်ခေါက်က ကုလသမဂ္ဂမှာ တာဝန်ယူတုန်းက အလုပ်နဲ့ ကနေဒါနိုင်ငံရဲ့ မြို့တော်ကို ရောက်ခဲ့တယ်။

ဒီတုန်းက မိတ်ဆွေတစ်ယောက် အိမ်မှာတည်းခဲ့တယ်။ သူနဲ့က စီးပွားရေးတက္ကသိုလ်မှာအတူတူ။ ကျွန်တော့်ထက် နှစ်နှစ်ငယ်တယ်။ နိုင်ငံခြားပညာသင်ကို ကိုယ်ပိုင်စရိတ်နဲ့ ရုန်းကန်ပြီး ပါရဂူဘွဲ့ယူခဲ့တာ။ ကမ္ဘာ့ဘဏ်တို့၊ IMFတို့မှာ တာဝန်ယူခဲ့ပြီး တလောကတင် ဆုံးသွားရှာတယ်။ သူသာရှိသေးရင် အခု ကျွန်တော်တို့နိုင်ငံမှာ ဆောင်ရွက်နေတဲ့ ဘဏ်လုပ်ငန်း ပြုပြင်ပြောင်းလဲမှုနဲ့တော့ အသင့်တော်ဆုံးဖြစ်မှာ။

ဒီတစ်ခေါက်တော့ ကနေဒါနိုင်ငံရဲ့ အနောက်ဘက်ခြမ်းမှာရှိတဲ့ ဗန်ကူးဗားမြို့ကိုသွားခဲ့တာ။ ဒီမြို့မှာရှိတဲ့ University of British Columbia (UBC)တက္ကသိုလ်က ဖိတ်ကြားလို့။ ဒီတက္ကသိုလ်က နာမည်ကြီး တက္ကသိုလ်တစ်ခုဖြစ်တယ်။ သွားခဲ့ရတာကလည်း လွန်ခဲ့တဲ့နှစ်နှစ်လောက်က ကျွန်တော် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ (ယခင်အခေါ် ဇင်းမယ်မြို့)က ပါရပ်တက္ကသိုလ် မှာ စာသွားသင်ခွင့်ရခဲ့တယ်။ ဘွဲ့လွန်သင်တန်းမှာ ဆွေးနွေးပွဲပေးခဲ့တယ်။ စာသင်ဝါသနာပါတဲ့ ကျွန်တော့်အတွက်တော့ အတော်ဖြစ်သွားတာပေါ့။ ကျွန်တော့်ကိုဖိတ်ကြားတဲ့ ပါမောက္ခက ထိုင်းကရင်လူမျိုး။ ထိုင်းနိုင်ငံမှာ ကရင်လူမျိုးတွေ အများကြီးရှိတယ်။ သူကရွာမှာမွေး၊ ရွာမှာပဲကြီးပြင်းလာတဲ့သူ။ ပညာထူးချွန်ပြီး ဩစတြေးလျနိုင်ငံက ပါရဂူဘွဲ့ရခဲ့တယ်။ သူအထူးပြုနေတာက ကျေးလက်ဒေသဖွံ့ဖြိုးမှု။

ကျွန်တော့်ကို သိပ်မကြာသေးမီက မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးက အကူအညီတောင်းလို့ ကျေးလက်ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး နေပြည်တော်မှာ ဆွေးနွေးပွဲတစ်ရပ် လုပ်ပေးခဲ့ပါတယ်။ အခုလိုလုပ်ပေးပြီး ပါရပ်တက္ကသိုလ်က ပါမောက္ခနဲ့ အဆက်အသွယ် လုပ်ခဲ့ပြန်တယ်။ မြန်မာပြည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးမှုသင်တန်းဖွင့်လှစ်ဖို့ တိုင်ပင်ရင်း ကနေဒါနိုင်ငံမှာရှိတဲ့ UBC နဲ့ ဆက်သွယ်ခဲ့တယ်။

UBC မှာ တာဝန်ရှိတဲ့သူတွေကလည်း လိုလိုချင်ချင်ပါပဲ။ ကျွန်တော့်ကို မြန်မာပြည်အကြောင်း ဟောပြောပေးဖို့လည်း အကူအညီတောင်းခဲ့တယ်။ သွားဖို့က ဗီဇာလိုတော့ ရန်ကုန်မှာအခြေစိုက်တဲ့ ကနေဒါသံအမတ်ကြီးနဲ့ သွားတွေ့ခဲ့တယ်။ သံရုံးက မကြာမီကဖွင့်ထားပေမယ့် ဗီဇာကို ဗန်ကောက်မှာယူရပါတယ်။ သူ့အကူအညီနဲ့ရခဲ့တယ်။

ခရီးစဉ်ရွေးတော့ တိုက်ရိုက်ဖြစ်မယ့် ကိုရီးယားနိုင်ငံကတစ်ဆင့် သွားဖို့ စီစဉ်ခဲ့တယ်။ ရန်ကုန်ကနေ ဆိုးလ်မြို့ရောက်ပြီး တစ်နေကုန်လေယာဉ်ကွင်းထဲက ဟိုတယ်မှာနားရတယ်။ ညနေမှထွက်ပြီး Vancouver မြို့ရောက်တော့ ရက်တစ်ရက် အမြတ်ရခဲ့တယ်။ အင်္ဂါနေ့ညကထွက်ပေမယ့် Vancouver ရောက်တော့ အင်္ဂါနေ့မနက်ဖြစ်နေတယ်။ လေယာဉ်ကွင်းမှာ UBC က ပါမောက္ခတစ်ယောက်က လာကြိုတယ်။ သူကမြန်မာပြည်က တစ်နေ့ကမှ ပြန်ရောက်လာသူ။

သူကဇနီးနဲ့အတူ နှစ်(၄၀)မြောက် အိမ်ထောင်ကျတဲ့ အထိမ်းအမှတ်နဲ့ မြန်မာပြည်ကို တစ်ပတ်အလည်အပတ်လာခဲ့တယ်။ ရန်ကုန်မှာ ကျွန်တော်နဲ့ ခဏတွေ့လိုက်တယ်။ ကလောကနေ အင်းလေးကန်ကို တောလမ်းခရီး လျှောက်ခဲ့သူဖြစ်တယ်။

လေယာဉ်ကွင်းကနေ တည်းမယ့်ဟိုတယ်ရောက်၊ အဝတ်အစားကို မြန်မြန်ဆန်ဆန်လဲပြီး UBCကို ချက်ချင်းထွက်လာခဲ့တယ်။ UBC ဟာ ကနေဒါနိုင်ငံအနောက်ဘက်အပိုင်းက နာမည်အကြီးဆုံးတက္ကသိုလ်ဖြစ်တယ်။ အရွယ်အစားအနေနဲ့လည်း အတော်ကြီးတာ။ ကျောင်းသား ၅၀၀၀၀ ခန့်ရှိတယ်။ ကျွန်တော်က UBCက ပါမောက္ခချုပ်နဲ့တွေ့ရတယ်။ ကျွန်တော့်အတွက် လုပ်ထားတဲ့ အစီအစဉ်တွေကို ရှင်းပြတယ်။ လိုလေသေးမရှိပါပဲ။

နောက်တစ်နေ့မနက်မှာ ဟိုတယ်ကနေ UBCကို သွားခဲ့တယ်။ ဆွေးနွေးပွဲတစ်ပွဲကို စီစဉ်ထားတာ။ စုစုပေါင်း ပရိသတ် ၈၀ လောက် တက်ရောက်လာခဲ့တယ်။ မြန်မာစံချိန်နဲ့တော့ အတော်နည်းတဲ့ပမာဏပါ။ ဒါပေမယ့် UBC အတွက်တော့ အတော်စိတ်ဝင်စားလို့ ခုလို ၈၀လောက်တက်တယ်လို့ ပြောကြတယ်။ ထူးခြားတာက ပရိသတ်ထဲက မြန်မာပြည်က ၁၀ ဦး ကျော်ကျော်ပါတယ်။ ကျွန်တော့်ကိုလာပြီး နှုတ်ဆက်ကြတယ်။ ဆွေးနွေးပွဲရဲ့ ခေါင်းစဉ်က "မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲမှုများ" ဖြစ်တယ်။ ကျွန်တော်ကလည်း ပြင်ဆင်ထားတဲ့ Slides တွေသုံးပြီး တင်ပြခဲ့ပါတယ်။ တင်ပြပြီးချိန်မှာ မေးခွန်းတွေမျိုးစုံထုတ်ကြတယ်။ ပါမောက္ခတွေရော၊ ကျောင်းသားတွေရော၊ မြန်မာတွေရောပါပဲ။ ကျွန်တော်လည်း ကြိုးစားပြီး ဖြေခဲ့တယ်။ ၁၀ နာရီကစတဲ့ပွဲဟာ ၁၂ နာရီကျော်မှ ပြီးသွားတယ်။

> ပညာရှင်လို့ပြောရင် တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ဆွေးနွေးခွင့်ရှိတယ်။ ကိုယ့်အမြင်နဲ့သူ့အမြင်ကို ဖလှယ်ခွင့်ရှိတယ်။ အယူအဆ၊ အမြင်မတူတာဟာ ရှင်သန်တဲ့ ကိစ္စတစ်ရပ်ဖြစ်တယ်။ ငြင်းခုံမှုဟာ ပညာရှင်တွေရဲ့ အသက်သွေးကြောဖြစ်။ ကိုယ့်အမြင်သာမှန်ပြီး သူ့အမြင်မှားတယ်လို့ မယူဆသင့်ဘဲ ကိုယ်က ဒီလိုမြင်ပေမယ့် သူက တစ်မျိုးမြင်တာကို လေးစားရမယ်။ ဆွေးနွေးငြင်းခုံရင်း ပညာကိုရှာဖွေရတာ။

နေ့လယ်စာကိုတော့ မြန်မာထမင်းဟင်းနဲ့ ဧည့်ခံတယ်။ Vancouver မှာ မြန်မာစားသောက်ဆိုင်နှစ်ဆိုင်ရှိတယ်တဲ့။ တစ်ဆိုင်က ထမင်းဟင်းကို မှာပြီး တက်လာတဲ့သူတွေကို ကျွေးမွေးတယ်။ ထမင်းစားသောက်ရင်း မြန်မာတွေနဲ့စကားပြောကြတယ်။ အားလုံးက မြန်မာပြည်မှာဖြစ်နေတဲ့ အခြေအနေတွေကို သိချင်ကြတယ်။ ထူးခြားတာက ကျွန်တော့်ကျောင်းနေဖက် သူငယ်ချင်းရဲ့သမီးကို တွေ့ရတယ်။ သူက UBC မှာပဲ ပါရဂူဘွဲ့လုပ်နေသူဖြစ်တယ်။ နောက်တစ်ဦးကတော့ တူမတော်တဲ့သူ။ သူ့ဖခင်က နာမည်ကျော် အားကစားသမား ကိုကြည်လှဟန်။ UBC မှာ ပထမနှစ်ကျောင်းသူ မဆုကို မထင်မှတ်ဘဲတွေ့ရတော့ ဝမ်းသာမိတယ်။

နေ့လယ်စာထမင်းစားပြီး ဆွေးနွေးပွဲကို ဆက်ဆောင်ရွက်တယ်။ ဒီတစ်ခေါက်တော့ Round Table Discussion (စားပွဲဝိုင်းဆွေးနွေးပွဲ)ကျင်းပခဲ့တယ်။ မနက်က ကျွန်တော့်တင်ပြမှုတွေကို အသေးစိတ်ဆွေးနွေးပေးတဲ့သူလေးဦး။ ဦးဆောင်ဆွေးနွေးသူက UBC က ပါမောက္ခ၊ သူနဲ့အတူ ပါရပ်တက္ကသိုလ်က ပါမောက္ခ၊ နောက်တစ်ဦးက UN မှာ အလုပ်လုပ်ခဲ့တဲ့ ပညာရှင်တစ်ဦး၊ နောက်တစ်ဦးကတော့ ထိုင်းနိုင်ငံကပါရဂူဘွဲ့ရထားတဲ့သူ။ သူတို့လေးဦးက သူတို့ရဲ့အယူအဆတွေ၊ အမြင်တွေကို တစ်နာရီလောက် ဆွေးနွေးကြတယ်။ သူတို့ပြောတာတွေကို ကျွန်တော်က အသေးစိတ်မှတ်သားခဲ့တယ်။ သူတို့ပြောပြီးချိန်မှာ ကျွန်တော့်ကိုပြန်ပြီး တုံ့ပြန်စေပါတယ်။ အခုလိုဆောင်ရွက်တာဟာ အလွန်မြတ်နိုးစရာကောင်းတဲ့ကိစ္စဖြစ်တယ်။

ပညာရှင်လို့ပြောရင် တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ဆွေးနွေးခွင့်ရှိတယ်။ ကိုယ့်အမြင်နဲ့ သူ့အမြင်ကို ဖလှယ်ခွင့်ရှိတယ်။ အယူအဆ၊ အမြင်မတူတာဟာ ရှင်သန်တဲ့ကိစ္စတစ်ရပ်ဖြစ်တယ်။ ငြင်းခုံမှုဟာ ပညာရှင်တွေရဲ့ အသက်သွေးကြောဖြစ်တယ်။ ကိုယ့်အမြင်သာမှန်ပြီး သူ့အမြင်မှားတယ်လို့ မယူဆသင့်ဘဲ ကိုယ်က ဒီလိုမြင်ပေမယ့် သူကတစ်မျိုးမြင်တာကို လေးစားရမယ်။ အခုလို ဆွေးနွေးငြင်းခုံရင်း ပညာကိုရှာဖွေရတာပါပဲ။

ကိုယ်နဲ့မတူတဲ့အမြင်ကို သိခွင့်ရတာဟာ အကျိုးအမြတ်တစ်ခုပါပဲ။ တစ်ဖက်သားပြောတာကို နားလည်အောင် နားထောင်နိုင်စွမ်းရှိရမယ်။ တစ်ဖက်ကလည်း ကိုယ့်ရဲ့အယူအဆကို ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ခွင့်ရှိရမယ်။ Round-table Discussion က နှစ်နာရီ ကြာသွားတယ်။ နေ့ညမှားနေတာမို့ ကျွန်တော်က အတော်လေးအိပ်ချင်နေပြီ။ UBC ကနေ ဟိုတယ်ကိုရောက်တော့ ကျွန်တော်အိပ်ပစ်လိုက်တယ်။ ဒါပေမယ့် ခဏလောက်ပါပဲ။

ညစာစီစဉ်ထားတာမို့ Vancouver မြို့က နာမည်ကြီးတဲ့ စားသောက်ဆိုင်တွေ အများကြီးရှိနေတဲ့ ဆိပ်ကမ်းအနီးက စားသောက်ဆိုင်တစ်ခုကို သွားခဲ့တယ်။ ပင်လယ်နဲ့နီးတာမို့ ပင်လယ်စာတွေပေါတယ်။ ကျွန်တော်က အသားမစားတဲ့သူမို့ အတော်ဖြစ်သွားတယ်။ မြို့မှာ နာမည်ကြီးတဲ့ Salmon ငါးကင် မှာစားခဲ့တယ်။

နောက်တစ်နေ့မှာ UBCက ဘွဲ့လွန်ကျောင်းသားတွေနဲ့တွေ့ရတယ်။ သူတို့က အရှေ့တောင်အာရှရဲ့ အာရှနိုင်ငံတွေနဲ့ပတ်သက်ပြီး စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးစိတ်ဝင်စားပြီး မဟာဝိဇ္ဇာဘွဲ့တက်နေကြတဲ့သူတွေ။ ကျောင်းသားတွေနဲ့တွေ့ဖို့ ကျွန်တော်က ခွင့်တောင်းခဲ့တာ။ ကိုယ်က ရန်ကုန်မှာ ဘွဲ့လွန်သင်တန်းတွေ သင်နေသူမို့ UBC က ကျောင်းသားတွေရဲ့ အနေအထားနဲ့ ယှဉ်သိချင်လို့တွေ့ချင်တာ။ သူတို့ကရဲတင်းတယ်။ ပွင့်လင်းတယ်။ သိချင်တာပြောချင်တာကို အားမနာတမ်းတင်ပြတယ်။ ငြင်းရဲတယ်။ ဆွေးနွေးတယ်။ ကျွန်တော်က ဒါမျိုးကို သိပ်သဘောကျတာ။ ဒါကြောင့်လည်း ဘွဲ့လွန်သင်တန်းတွေမှာ ကျောင်းသားကျောင်းသူတွေကို အမြဲအားပေးခဲ့တာ။ သူတို့က နိုင်ငံအသီးသီးက လာကြသူတွေ။ အာရှနိုင်ငံ၊ ဥရောပနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံမျိုးမှာပဲ မဟာဝိဇ္ဇာသင်တန်းတက်နေပေမယ့် ပါရဂူဘွဲ့တက်ဖို့ ရည်ရွယ်နေကြတဲ့သူတွေ။

နေ့လယ်စာကိုတော့ UBC မှာရှိတဲ့ ကျောင်းသားရိပ်သာမှာ ပါမောက္ခတချို့နဲ့ သွားစားခဲ့တယ်။ သူတို့က သစ်တောပညာ၊ ဘူမိဗေဒပညာဌာနတွေကလူတွေ။ မြန်မာနိုင်ငံကို စိတ်ဝင်စားတယ်။ အဆက်အသွယ်လည်း ရှိတယ်။

နေ့လယ်ပိုင်းမှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးမှုပညာကို အထူးပြုနေတဲ့ စီးပွားရေးပညာပါမောက္ခနဲ့ ဆွေးနွေးဖြစ်တယ်။ မြန်မာပြည်မှာ ဘယ်လိုသင်တန်းမျိုးပေးသင့်သလဲဆိုတာကို အသေးစိတ်ဆွေးနွေးဖြစ်တယ်။ သူ့ဆီက ပညာတွေအများကြီးရခဲ့ပါတယ်။ ညနေစာကိုတော့ ကနေဒါနိုင်ငံက အာရှ-ကနေဒါဖောင်ဒေးရှင်းရဲ့တာဝန်ရှိသူတွေ တည်ခင်းတဲ့ တရုတ်စာစားဖြစ်တယ်။ Vancouver မှာ အာရှနိုင်ငံကသူတွေ အတော်များတယ်။ မြို့ရဲ့တစ်ဝက်ကျော်က တရုတ်လူမျိုးတွေ၊ ဂျပန်ဆူရှီဆိုင်တွေကလည်း အများကြီးပဲ။ တရုတ်စာက မြန်မာပြည်က တရုတ်စာနဲ့အတူတူပါပဲ။ အခင်းအကျင်းနဲ့ အဆင်အပြင်ကောင်းတာပဲရှိတယ်။

ကျွန်တော်က UBCမှာ နှစ်ရက်ပဲနေပြီး အပြန်ခရီးမှာ အလာအတိုင်းပဲ ကိုရီးယားနိုင်ငံကတစ်ဆင့် ပြန်ခဲ့ပါတယ်။ ခရီးကဝေးလွန်းလို့ ပင်ပန်းတယ်။ ဒါပေမယ့် အခုလိုသွားခဲ့တာ အကျိုးရှိမယ်လို့ယူဆမိပါတယ်။ ပညာရှင်တွေအချင်းချင်း အမြင်တွေ၊ အယူအဆတွေမျှဝေခွင့်ရတာမို့ ကျေနပ်မိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အခုအချိန်မှာ လက်တွေ့ကျတဲ့ ပညာရေးစနစ်သစ်တစ်ရပ်ဖော်ထုတ်ဖို့ ကြိုးစားနေတယ်။ တာဝန်ရှိသူတွေကလည်း အားပေးနေတယ်။ ဦးဆောင်နေတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးအဆင့်အတန်းကို ကမ္ဘာ့အဆင့်ရောက်အောင် အစပျိုးနေကြပြီ။

နေ့ချင်းညချင်းရဖို့ မဖြစ်နိုင်ပေမယ့် လိုအပ်တဲ့အခြေခံတွေကို စပြီးချမှတ်ဖို့ လိုအပ်ပါတယ်။ အခုလို နိုင်ငံခြားတက္ကသိုလ်အသီးသီးနဲ့ အဆက်အသွယ်တွေလုပ်ခွင့်ရပြီး ဒီအဆက်အသွယ်တွေနဲ့ လိုအပ်တဲ့ပြုပြင်မှုတွေလုပ်ဖို့ လိုပါတယ်။ ။

ဂန့်ဂေါ ဒီဇင်ဘာ ၁၅

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းအကောင်အထည်ဖော်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးတွင် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆောင်ရွက်နေသဖြင့် **(ယာပုံ)** အနီးဝန်းကျင်ကျေးရွာများနေ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြကြောင်း သိရသည်။

ဝင်ငွေကောင်း

မြစ်သာရေလှောင်တမံစီမံကိန်းကို ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိရာတွင် ပင်မတမံ တည်ဆောက်ခြင်း၊ ကုန်းကျောတမံ တည်ဆောက်ခြင်း၊ ယာယီရေထိန်းတမံတည်ဆောက်ခြင်း၊ ရေလွှဲမြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများတည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း၊ တမံချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ တံတားဆောက်လုပ်ခြင်း၊ ရှင်းလင်းဆောင်၊ ဧည့်ရိပ်သာ၊ စားရိပ်သာ၊ ရုံးအဆောက်အအုံ၊ ခတ်ခွဲစမ်းသပ်ခန်း၊ သိုလှောင်ရုံ၊ အမှုထမ်းနေအိမ်စသည်များဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများတွင် ကျွမ်းကျင်မှုအလိုက် လုပ်သားအင်အား ၅၀၀၀ ခန့်ကို အသုံးပြုနေရရာ ယင်းလုပ်သားများတွင် အနယ်နယ်အရပ်ရပ်မှ လုပ်သားများအပြင် ဒေသခံလုပ်သားများလည်း ပါဝင်ကြောင်း သိရသည်။ ယင်းကဲ့သို့ ဒေသခံများသည် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လုပ်သားများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြသည့်အပြင် မြို့တမျှစည်ကားနေသော စီမံကိန်းဧရိယာ၌ ဈေးရောင်း၍လည်း ဝင်ငွေကောင်းလျက်ရှိကြသည်။

တည်ဆောက်

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ရေဆင်းဧရိယာ ၇၀၀ စတုရန်းမိုင်ရှိသော မြစ်သာမြစ်ပေါ်တွင် ရေလှောင်တမံတည်ဆောက်လျက် ဧက ၃၇၇၆၀၀ ဧကပေ ရေသိုလှောင်၍ ဂန့်ဂေါမြို့နယ်အတွင်းရှိ မြေဧရိယာ ၁၂၀၀၀ ဧကခန့်ကို ဆည်ရေပေးသွင်းရန်နှင့် ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ်နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၁၇၀ ကီလိုဝပ်နာရီသန်းပေါင်းကို ထုတ်လုပ်ပေးသွားရန် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ပြည်တွင်းသတင်း

✳ *ရှေ့ဖုံးမှ*

ထို့နောက် သဘောတူညီမှုစာချုပ်များ လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်နှင့် နှစ်နိုင်ငံဝန်ကြီးဌာနအကြား ကျန်းမာရေးကဏ္ဍ၌ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးတို့နှင့် ဂျပန်နိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးများက နိုင်ငံတော်သမ္မတနှင့်ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။

ထောက်ခံ

ယင်းနောက် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က စီမံကိန်းလေးခုဖြစ်သော ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးဝေမှုဖွံ့ဖြိုးရေးစီမံကိန်း၊ သီလဝါဆိပ်ကမ်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပဲခူးအနောက်ခြမ်းဒေသ ဆည်ရေပေးဝေမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ယန်းငွေ ၆၃ ဒသမ ၂ ဘီလီယံ အကူအညီပေးမည့် အခြေအနေနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများတွင် ဂျပန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့ပြင်သမ္မတကြီး ဆောင်ရွက်

သဘောတူစာချုပ်လက်မှတ်ရေးထိုး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ မြန်မာ-ဂျပန် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေသည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဂျပန်နိုင်ငံက ထောက်ခံကြောင်း ပြောကြားခဲ့သည်။

ရှင်းလင်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှစ်နိုင်ငံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ရေး၊ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ် Bilateral Investment Agreement, BIA ကို လက်မှတ်ရေးထိုးနိုင်သည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာအားကစားအသင်းအတွက်အားကစားဝတ်စုံအား ဒီဇိုင်းတီထွင်ချုပ်လုပ်ပေးခဲ့မှုနှင့် ဆုဖူကီးဆိုင်ကယ်များ လှူဒါန်းခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

(သတင်းစဉ်)

အရိပ်လည်းရ ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

ဆီးဂိမ်းပွဲတော် လုံခြုံရေးဆိုင်ရာဆောင်ရွက်နေမှု ပြည်သူအများနှစ်ခြိုက်

နေပြည်တော် ဒီဇင်ဘာ ၁၅

ကျင်းပနေဆဲဖြစ်သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆိုင်ရာဆောင်ရွက်နေမှုများအပေါ် ပြိုင်ပွဲကိုလာရောက်အားပေးကြည့်ရှုကြသူ ပြည်သူအများစုက သဘောကျနှစ်ခြိုက်ထောက်ခံကြကြောင်း မေးမြန်းစူးစမ်းလေ့လာမှုများအရ သိရသည်။ "လူတွေက လုံခြုံရေးတင်းကျပ်လို့ သဘောမကျချင်ပေမယ့် သေသေချာချာတွေးကြည့်ရင် ဒါဟာကိုယ့်အတွက်ဆိုတာ နားလည်လာပါလိမ့်မယ်။ သူတို့တွေလည်း ဒီလိုအများငြိမ့်ငြင်ရလောက်အောင် ဘယ်လုပ်ချင်မလဲဆိုတာကိုတော့ ကျွန်တော်တို့ သဘောပေါက်နားလည်ထားဖို့လည်း လိုပါတယ်" ဟု လုံခြုံ ရေးစစ်ဆေးမှုခံယူသည့် ဂိတ်ဝအမှတ်(၄)တွင် တွေ့ရှိမေးမြန်းခဲ့သည့် ပျဉ်းမနား မြို့မှ လာရောက်ကြည့်ရှုအားပေးသူ ဦးခင်နိုင်က ပြောပြသည်။

"အရင်က ရဲဆိုရင် ပြည်သူတွေရဲ့အမြင်က သိပ်ကြည်လင်မှုမရှိဘူးလေ။ အခုဒီဆီးဂိမ်းပွဲတော်မှာတော့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ ပြည်သူအပေါ် ပြောဆိုဆက်ဆံမှုတွေ၊ ထိတွေ့ဆက်ဆံတာတွေ အင်မတန်ကောင်းမွန်တာကို မှတ်မှတ်ရရ သတိထားမိတယ်။ ပြောရရင် သဘောကျတယ်ပေါ့ဗျာ။ အခုလိုမျိုးသာ ပြည်သူအပေါ် အမြဲတမ်းထိတွေ့ဆက်ဆံပြောဆိုတတ်ရင်တော့ ပြည်သူချစ်တဲ့ရဲဆိုတာ သိပ်မကြာခင်မှာ ဖြစ်လာပါလိမ့်မယ်" ဟုလည်း သူ၏ထင်မြင်ယူဆချက်ကို ဆက်လက်ပြောကြားပေးခဲ့သည်။

"စကားအပြောအဆိုလေးတွေ ရည်မွန်ပြေပြစ်တယ်၊ တာဝန်အရလုပ်ဆောင်နေရတယ်ဆိုတာ နားလည်ပေမယ့် အားနာဖို့ကောင်းလောက်အောင် သူတို့သိမ်မွေ့နူးညံ့လွန်းတော့ ပြည်သူတစ်ယောက်အနေနဲ့ ကျွန်မတို့သဘောကျကျေနပ်ပါတယ်။ နောင်ကာလတွေမှာလည်း အမြဲတမ်းအခုလို ပြည်သူနဲ့ ဆက်ဆံတဲ့နေရာမှာ နူးညံ့မယ်၊ သိမ်မွေ့မယ်၊ ယဉ်ကျေးပျူငှာစွာ တာဝန်ကျေမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပိုကောင်းမှာပါ" ဟု ရုံးပိတ်အလုပ်နားရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် မြန်မာ့အားကစားအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို လာရောက်အားပေးသည့်အမျိုးသမီးဝန်ထမ်းတစ်ဦးက ပြုံးပြုံးရွှင်ရွှင်ဖြင့် ဖြေကြားပေးခဲ့သည်။

အောင်နိုင်(သတင်းစဉ်)

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗီယက်နမ်က မြန်မာကိုနိုင်

မန္တလေး ဒီဇင်ဘာ ၁၅

မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(A) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗီယက်နမ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ကျောနံပါတ်(၂၂)THU THANH HUONT LE က ပထမပိုင်း ၁၇ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းကလည်း အရှုံးဂိုးကို ပြန်လည်ချေပနိုင်ရန် ခြေကုန်ထုတ်ကစားခဲ့သော်လည်း ဗီယက်နမ်အသင်းက ခါးလယ်မှစတင်ပြီး ဖြတ်တောက်ကာ ဘောလုံးပိုင်ဆိုင်မှုကို အဓိကထားကစားသွား၍ မိနစ် ၉၀ ပြည့်ချိန်အထိ ဂိုးမရရှိခဲ့ပေ။ မြန်မာအသင်းသည် ရှုံးပွဲကြုံတွေ့ရသော်လည်း အုပ်စု (A) တွင် အုပ်စုဒုတိယရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ကာ ဒီဇင်ဘာ ၁၈ ရက်တွင် အုပ်စု (B) မှ ပထမရရှိသောအသင်းနှင့် အကြိုဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။

အားပေး

အဆိုပါဘောလုံးပွဲသို့ မြန်မာပရိသတ်သုံးသောင်းနီးပါး လာရောက်အားပေးကြပြီး နိုင်ငံတော်အလံများ၊ မြန်မာနိုင်ငံအလံအမှတ်တံဆိပ်များ ရိုက်နှိပ်ထားသည့် တူညီဝတ်စုံများနှင့် မျက်နှာကို အလံတံဆိပ်ချယ်သပြီး အားပေးခဲ့ကြကြောင်း သိရသည်။

အေးမြ(မန္တလေး)

မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်း၌ မြန်မာအမျိုးသမီးအသင်း တိုက်စစ်မှူး ဗီယက်နမ်အသင်းဘက်သို့ ထိုးဖောက် ကစားစဉ်။

ဓာတ်ပုံ-တင်မောင်

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ကော်လံ ၅ ပါ ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ် မလေးရှားနှင့် ထိုင်းအသင်းတို့ပွဲတွင် ထိုင်းက မလေးရှားကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိဟု ပြင်ဆင်ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

သေနတ်ပစ်၊ ဟော်ကီ၊ အလေးမ၊ ကာယဗလပြိုင်ပွဲများ ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်ဇုန်၊ ရန်ကုန်ဇုန်၊ မန္တလေးဇုန်နှင့် ငွေဆောင်(ပုသိမ်)တို့တွင် ကျင်းပလျက်ရှိရာ ရန်ကုန်ဇုန်၌ ကျင်းပလျက်ရှိသော သေနတ်ပစ်ပြိုင်ပွဲ၊ ဟော်ကီပြိုင်ပွဲ၊ အလေးမပြိုင်ပွဲနှင့်ကာယဗလပြိုင်ပွဲများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသော ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် ရန်ကုန်ဇုန် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော ကာယဗလပြိုင်ပွဲတွင် အမျိုးသား ၈၀ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ မင်းဇော်ဦးက ပထမ ရွှေတံဆိပ်ဆု၊ ထိုင်းနိုင်ငံက ဒုတိယ ငွေတံဆိပ်ဆုနှင့်အင်ဒိုနီးရှားနိုင်ငံမှ တတိယ ကြေးတံဆိပ်ဆုတို့ကို လည်းကောင်း၊ အမျိုးသား ၉၀ ကီလိုတန်းတွင် မလေးရှားနိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ မြန်မာနိုင်ငံမှ အောင်ဆွေနိုင်က ဒုတိယငွေတံဆိပ်ဆုနှင့် ထိုင်းနိုင်ငံက တတိယ ကြေးတံဆိပ်ဆုတို့ကိုလည်းကောင်း အသီးသီးရရှိသွားပြီး မြန်မာနိုင်ငံအနေဖြင့် ၄င်းပြိုင်ပွဲတွင် စုစုပေါင်းရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်နှစ်ဆု ရရှိသွားသည်။

ရန်ကုန်ဇုန် သိမ်ဖြူအားကစားရုံတွင်ကျင်းပသော အလေးမပြိုင်ပွဲတွင် အမျိုးသမီး ၅၈ ကီလိုတန်းတွင် ထိုင်းနိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ ဖိလစ်ပိုင်နိုင်ငံက ဒုတိယ ငွေတံဆိပ်ဆုနှင့် ဗီယက်နမ်နိုင်ငံက တတိယကြေးတံဆိပ်ဆုတို့ကို လည်းကောင်း၊ အမျိုးသား ၈၅ ကီလိုတန်းတွင် ထိုင်းနိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ ဗီယက်နမ်နိုင်ငံက ဒုတိယ ငွေတံဆိပ်ဆုနှင့် ထိုင်းနိုင်ငံက တတိယ ကြေးတံဆိပ်ဆုတို့ကို လည်းကောင်း ၊အမျိုးသမီး ၆၃ ကီလိုတန်းတွင် ထိုင်းနိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ အင်ဒိုနီးရှားနိုင်ငံက ဒုတိယ ငွေတံဆိပ်ဆုနှင့် ဗီယက်နမ် နိုင်ငံက တတိယ ကြေးတံဆိပ်ဆုတို့ကို လည်းကောင်း ရရှိသွားသည်။

ရန်ကုန်ဇုန် ဒဂုံမြို့သစ် (မြောက်ပိုင်း) ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားကွင်းတွင် ကျင်းပသည့် 10m Air Pistol Men Team ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ၁၇၀၅-၅၀ မှတ်ဖြင့် ပထမ ရွှေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံက ၁၇၀၃-၄၆ မှတ်ဖြင့် ဒုတိယငွေတံဆိပ်ဆုနှင့် မလေးရှားနိုင်ငံက ၁၇၀၂-၄၇ မှတ်ဖြင့် တတိယ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ 10m Air Pistol Men Qualification ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ၁၉၉-၇ မှတ်ဖြင့် ပထမရွှေတံဆိပ်ဆု၊ မလေးရှားနိုင်ငံက ၁၉၈-၀ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်ဆုနှင့် စင်ကာပူနိုင်ငံက ၁၇၆-၆ မှတ်ဖြင့် တတိယ ကြေးတံဆိပ်ဆုတို့ကိုလည်းကောင်း ရရှိသွားသည်။

ရန်ကုန်ဇုန် သိမ်ဖြူဟော်ကီကွင်းတွင် ကျင်းပလျက်ရှိသော ဟော်ကီအားကစားပြိုင်ပွဲ အမျိုးသား ပွဲစဉ် (၃)တွင် မလေးရှားနိုင်ငံအသင်းက ဗီယက်နမ်နိုင်ငံအသင်းအား ၁၃ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသားပွဲစဉ် (၄)တွင် စင်ကာပူနိုင်ငံအသင်းက မြန်မာနိုင်ငံအသင်းအား တစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကာယဗလပြိုင်ပွဲ အမျိုးသား ၈၀ ကီလိုတန်းတွင် ပထမ ရွှေတံဆိပ်ဆုရ မြန်မာနိုင်ငံမှ မင်းဇော်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၃)ကြိမ်မြောက် မြန်မာ-တရုတ် ကုန်စည်ပြပွဲ

မြန်မာနှင့် တရုတ်စီးပွားရေး ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး မှတ်တိုင်အဖြစ် (၁၃)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ နိုင်ငံတကာကုန်စည်ပြပွဲ ရင်ပြင် (ကျယ်ဂေါင်)၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ယင်းပြပွဲကြောင့် မြန်မာ-တရုတ်ကုန်သွယ်မှု ပိုမိုမြင့်မားလာပြီး ကုန်ပစ္စည်းစီးဆင်းမှုများ ယခင်ကထက်ပို၍ လျင်မြန်သွက်လက်အောင်မြင်လာလိမ့်မည်ဟု ယူဆမိပါသည်။

ယင်းပြပွဲကြောင့် နှစ်ဖက်နိုင်ငံ တာဝန်ရှိသူများနှင့် စီးပွားရေးအဖွဲ့အစည်းများ ပိုမိုရင်းနှီးလာသည်ကို တွေ့မြင်ခဲ့ရသည်။ ကုန်စည်ပြပွဲနှင့် ဆက်စပ်၍ နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များတွေ့ဆုံသည့် ဖိုရမ်တစ်ခုလည်း ကျင်းပနိုင်ခဲ့သည်။ ၄င်းအပြင် နှစ်နိုင်ငံညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပုဂ္ဂိုလ်များအချင်းချင်းညှိနှိုင်းဆွေးနွေးသည့် လယ်ယာကဏ္ဍ၊ ရေထွက်ပစ္စည်းကဏ္ဍ၊ သစ်တောထိန်းသိမ်းမှုကဏ္ဍ၊ လူ/ယာဉ်နှင့် ပစ္စည်းဝင်/ထွက်မှု ကိစ္စရပ်များကိုလည်း အကျေအလည်ဖြေရှင်းနိုင်သည်အထိ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးပြောကြားခဲ့ရာတွင် မန့်မုန်နယ်စပ် ဝင်/ထွက်ဂိတ်ကို မိမိတို့နိုင်ငံဘက်မှ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရွှေလီ-မူဆယ် စီးပွားရေးအထူးဇုန်ဖြစ်လာရေး နှစ်ဦးနှစ်ဖက်ကြိုးစားကြရန်၊ နှစ်ဖက်နိုင်ငံ ဝင်/ထွက်ဂိတ်ပေါက်များကို ယခုထက်ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်သွားကြရန်၊ မိမိတို့နှင့် တတိယနိုင်ငံသားများ မြန်မာနိုင်ငံဘက်သို့ အလွယ်တကူ ဝင်ရောက်နိုင်ရေးအတွက် ရွှေလီမြို့နှင့် မူဆယ်မြို့များတွင် ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သွားကြရန်၊ နှစ်ဖက်နိုင်ငံ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်တို့ကို အထူးအလေးထား ဆွေးနွေးသွားခဲ့သည်။

မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များက ကုန်စည်စီးဆင်းမှုများအပေါ် မြန်မြန်ဆန်ဆန် စီးဆင်းနိုင်အောင် ဖြေလျှော့မှုများ လုပ်ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ မိမိနိုင်ငံဘက်မှ တင်ပို့သည့် ကုန်ပစ္စည်းများအရည်အသွေးပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ် သြဂုတ် ၂၈ ရက်က မြန်မာနှင့်ထိုင်းနယ်စပ်များ၌ ဖွင့်လှစ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်များကဲ့သို့ မြန်မာ-တရုတ် နယ်စပ် မူဆယ်-ရွှေလီဂိတ်ကိုလည်း အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် တိုးမြှင့်ဖွင့်လှစ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွင့်လှစ်ပြီးပါက သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် သက်တမ်းရှိသောဗီဇာကိုင်ဆောင်သည့် တရုတ်နိုင်ငံသားများနှင့် တတိယနိုင်ငံသားများကို ဝင်/ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အဆိုပါ တရုတ်နိုင်ငံသားများနှင့် တတိယနိုင်ငံသားများသည် မြန်မာပြည်၏ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်များ ဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ထီးခီးနှင့် ကော့သောင်း ဝင်/ထွက်ပေါက်များနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်များမှ ဝင်/ထွက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတွင် ကျင်းပသည့် ကျောက်မျက်ရတနာပြပွဲများကိုလည်း တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လေလံဆွဲနိုင်အောင် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း၊ ယခုနယ်စပ်ကုန်စည်ပြပွဲအား မိမိတို့နိုင်ငံဘက်မှ အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း ဆွေးနွေးသွားခဲ့ပါသည်။

ဤကုန်စည်ပြပွဲနှင့် ဆက်စပ်၍ နှစ်ဖက်နိုင်ငံ တာဝန်ရှိသူများ ရှေ့မှောက်တွင် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း နှစ်နိုင်ငံအကျိုးရှိမည့် စီမံကိန်းစာချုပ်များ ချုပ်ဆိုကတိပြုခဲ့သည်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရမည့်ကိစ္စပင်ဖြစ်ပါသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်စည်ပြပွဲကို နှစ်စဉ်မပျက်မကွက် ကျင်းပလာခဲ့သည်မှာ ယခု(၁၃)ကြိမ်မြောက် ပြည့်ခဲ့ပြီဖြစ်သည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစွာ ရပ်တည်နိုင်ခဲ့သည့်ထင်ရှားသော သက်သေသာဓကပင်ဖြစ်ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် နှစ်နိုင်ငံမှ ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြမည်ထင်ပါသည်။ တရုတ်နှင့်မြန်မာသည် နှစ်နိုင်ငံနယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေရုံသာမက နှစ်နိုင်ငံပြည်သူများသည် သမိုင်းကြောင်း ချစ်ကြည်ရင်းနှီးစွာ ဆွေမျိုးပေါက်ဖော်အဖြစ် ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်သည့် ကောင်းမွန်သော အစဉ်အလာရှိသည့် မိတ်ဆွေနိုင်ငံတစ်ခု ဖြစ်ရုံသာမက မြန်မာနိုင်ငံအတွက် အရေးကြီးဆုံး မိတ်ဖက်နိုင်ငံလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအစိုးရ စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ အစိုးရအုပ်ချုပ်မှုယန္တရားဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေချိန်တွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ယခင်ရှိသည့် ကန့်သတ်ချက်များနှင့် အတားအဆီးများကိုဖြေလျှော့ပေးပြီး လုပ်ငန်းရှင်များလွယ်ကူစွာဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် လုပ်ထုံးလုပ်နည်းဆိုင်ရာများ၊ ဥပဒေများနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုဆိုင်ရာ အခြေအနေများကို ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုကဲ့သို့ ဆောင်ရွက်နေစဉ်ကာလများအတွင်း ဤကုန်စည်ပြပွဲကြီးနှင့် တိုက်ဆိုင်နေချိန်ဖြစ်သဖြင့် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်များသည် နှစ်နိုင်ငံပြည်သူများအတွက် အထူးပင်အကျိုးရှိလိမ့်မည်ဟု ထင်မြင်ယူဆကြောင်း ရေးသား ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ **ထွန်းဦး(ကိုယ်ပွား၊ စစ်တွေ)**

နှစ်နိုင်ငံ နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေရုံသာမက နှစ်နိုင်ငံပြည်သူများသည် သမိုင်းကြောင်း ချစ်ကြည်ရင်းနှီးစွာ ဆွေမျိုးပေါက်ဖော်အဖြစ်ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်သည့် ကောင်းမွန်သော အစဉ်အလာရှိသည့် မိတ်ဆွေနိုင်ငံတစ်ခု ဖြစ်ရုံသာမက မြန်မာနိုင်ငံအတွက် အရေးကြီးဆုံး မိတ်ဖက်နိုင်ငံလည်းဖြစ်။

■ *ရှေ့ဖုံးမှ*

ရွှင်ရွှင်လန်းလန်းပြောပြသည်။

အမေရိကန်နိုင်ငံသူတစ်ဦးကလည်း "မြန်မာပြည်ကို လာရတာပျော်တယ်၊ အခုရောက်တဲ့အချိန်မှာ ရာသီဥတုကလည်း နေမပူဘဲ သာယာနေပါတယ်" ဟု MITT ဆိပ်ခံတွင် ကြိုဆိုနေသည့် ရှမ်းအိုးစည်အကအဖွဲ့များ၊ ဆင်အကအဖွဲ့များကို ကြည့်ရင်း ပြောပြသည်။ **(ယာပုံ)**

ကမ္ဘာလှည့် ခရီးသည်တင် အပျော်စီးသင်္ဘောများ မြန်မာနိုင်ငံသို့ အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင်လည်း အပျော်စီးသင်္ဘောကြီး နှစ်စင်း ရောက်ရန်ရှိကြောင်း သိရသည်။

မလေးရှားအမျိုးသားဟော်ကီအသင်း ပွဲဦးထွက်အနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၁၅

အမျိုးသားဟော်ကီအုပ်စုပတ်လည် ဒုတိယနေ့ပွဲစဉ်တွင် မလေးရှားအသင်းသည် ပွဲဦးထွက်အနေဖြင့် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ဗီယက်နမ်အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသားဟော်ကီအုပ်စုပတ်လည် ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ဆက်လက်ကျင်းပသည်။ ယနေ့ပွဲစဉ်များတွင် မလေးရှားနှင့်ဗီယက်နမ်၊ စင်ကာပူနှင့်မြန်မာတို့ ယှဉ်ပြိုင်ကစားကြသည်။ အိမ်ရှင်မြန်မာအသင်းက စင်ကာပူအသင်းနှင့် ညနေ ၃ နာရီတွင် ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့သည်။ အမျိုးသားဟော်ကီအုပ်စုပတ်လည်ပွဲစဉ်တွင် မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ယှဉ်ပြိုင်လျက်ရှိကြရာ စင်ကာပူ၊ ထိုင်းနှင့်မလေးရှားအသင်းတို့ အနိုင်ရရှိလျက်ရှိသည်။ ဆက်လက်၍ ဒီဇင်ဘာ ၁၆ ရက်တွင် အမျိုးသမီးဟော်ကီအုပ်စုပတ်လည်ပွဲစဉ်အဖြစ် အင်ဒိုနီးရှားနှင့်ကမ္ဘောဒီးယား၊ မြန်မာနှင့် ထိုင်း၊ စင်ကာပူနှင့် မလေးရှားပွဲစဉ်သုံးခု ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသားဟော်ကီအုပ်စုပတ်လည်ပွဲစဉ်အဖြစ် ထိုင်းနှင့်မလေးရှား၊ မြန်မာနှင့်ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားကြမည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုဦးထိပ်ထား၍ မျက်ခြည်မပြတ်ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်းကို ယခင်ကဗဟိုနှင့်မြို့နယ်အဆင့်များတွင်သာ တရားဝင်ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာမှ ယခုအခါ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ်ဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေဖြစ်စေရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊ ဗဟို၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်အသင်းများကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်**(ယာပုံ)**က ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ကျင်းပသော မြန်မာနိုင်ငံဆရာဝန်အသင်း (ပဲခူးတိုင်းဒေသကြီး)သတ္တမအကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း၏ အဓိကကျသော လုပ်ငန်းများတွင် ယခုကဲ့သို့ ညီလာခံများကျင်းပပြီး ဆေးပညာရှင်များ အချင်းချင်းနှီးနှော ဖလှယ်ခြင်းသည် အလွန်အရေးကြီးပြီး ဆရာဝန်များအတွက်သာမက ပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတော်အတွက် အကျိုးရှိသောလုပ်ငန်းဖြစ်သဖြင့် ပုံမှန်ကျင်းပနိုင်ရန် ဆောင်ရွက်ကြစေလိုကြောင်း၊ ဆေးပညာဆိုသည်မှာ သင်ကြား၊ သင်ယူ၍မဆုံးနိုင်သော ပညာရပ်တစ်ခုဖြစ်ပြီး စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေမှသာ ထက်မြက်ကျွမ်းကျင်ပြီး အများပြည်သူ အားကိုးထိုက်သော ဆရာဝန်များအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ ပိုသိ၊ ပိုတတ်အောင် အမြဲလေ့လာနေခြင်းအားဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့်အခါ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဦးထိပ်ထား၍ မျက်ခြည်မပြတ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ညီလာခံ၏ ဆောင်ပုဒ်တွင် ရည်ညွှန်းထားသော Quality and safety in Healthcare; Medical Protection Society and Beyond ဆိုသည့်အတိုင်း ဆရာဝန်နှင့် လူနာများဘေးကင်းပြီး လုံခြုံစိတ်ချရရေး၊ လူနာနှင့်ဆရာဝန် ဆက်ဆံရေး အစဉ်အမြဲကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်လာစေရန် Medical Protection Society တစ်ခု မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးစားကြရန် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း (ပဲခူးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ချစ်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးနှင့်ဆေးပစ္စည်းပြခန်းကို ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပဲခူးတိုင်းဒေသကြီး) နာယကဒေါက်တာ နေမျိုးအုန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ပဲခူးတိုင်းဒေသကြီး)ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ငူ)ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးသည်။

ဆရာဝန်ညီလာခံကို ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကာ ပဲခူး၊ တောင်ငူ၊ ပြည်နှင့် သာယာဝတီခရိုင်တို့မှ ညီလာခံကိုယ်စားလှယ်များတက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးတင်ငွေ ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာများသို့ ကွင်းဆင်းဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် ရှမ်းပြည်နယ် ကလောမြို့နယ် နမ့်ပန်တက်ရွာ အခြေခံပညာမူလတန်းကျောင်း၌ ဝက်ဖြူရေကျေးရွာအုပ်စုအတွင်းရှိ နမ့်ပန်တက်ရွာ၊ မငွေကျေးရွာ၊ ရေယောင်းမကျေးရွာ၊ ရေယားကျေးရွာနှင့် ဝက်ဖြူရေကျေးရွာများမှ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့်ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များနှင့် ဒေသခံများက ၎င်းတို့ကျေးရွာများ၏ လိုအပ်ချက်ဖြစ်သော ရေရရှိရေးကိစ္စ၊ လျှပ်စစ်မီးရရှိရေးကိစ္စ၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းဖောက်လုပ်ပေးရေး ကိစ္စများအား တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျေးလက်လူငယ်များအား လုံချည်၊ အင်္ကျီ၊ လွယ်အိတ်၊ ဘောလုံး၊ ဦးထုပ်၊ ပြက္ခဒိန်များ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ကမ္ဘားနီကျေးရွာအုပ်စု သရက်ပုကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တောင်လေးလုံးကျေးရွာအုပ်စုအတွင်းရှိ ကျောက်တဲကျေးရွာ၊ ဥမှင်ကျေးရွာ၊ ဖက်နမ်ကျေးရွာ၊ ဘုရားနီကျေးရွာ၊ သရက်ပင်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းကာလပွဲတော်အတွင်း Free Shuttle Bus Service ဝန်ဆောင်မှုဆိုင်ရာများကို ဆောင်ရွက်ပေးလျက်ရှိ

အောင်နိုင်(သတင်းစဉ်)
ရွှေကိုကိုလေး(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၅

နေပြည်တော်၌ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝဏ္ဏသိဒ္ဓိ အားကစားဝင်းအတွင်း အားကစားပြိုင်ပွဲ ပွဲစဉ်များအား လာရောက် အားပေးကြည့်ရှုသူ ဧည့်ပရိသတ်များ သွားလာရေး အဆင်ပြေ လွယ်ကူချောမွေ့စေရန်အတွက် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၊ သယ်ယူပို့ဆောင်ရေး ကော်မတီက အစစအရာရာ အဆင်ပြေချောမွေ့စေရန် Free Shuttle Bus Service ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း ကြားသိရသည်။

ထို့အတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနအောက်ရှိ သယ်ယူပို့ဆောင်ရေးတာဝန်ခံရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် သွားရောက်တွေ့ဆုံကာ Shuttle Bus Service ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ မေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ Accreditation Card (လည်ဆွဲကတ်) ပါရှိသော တာဝန်ကျအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် နိုင်ငံတကာမှ အားကစားအဖွဲ့များအတွက် Shuttle Bus Service ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ လမ်းကြောင်းဆိုင်ရာများအပေါ် ဦးစိန်ဝင်းလှိုင်က ရှင်းလင်းပြောပြရာ၌ “Shuttle Bus လမ်းကြောင်းတွေအနေနဲ့ လမ်းကြောင်း သုံးခုပေးထားပါတယ်။ Shuttle Bus လမ်းကြောင်း အမှတ်(၁) အနေနဲ့ကတော့ အားကစားရွာဂိတ် (၁)က စထွက်ပြီး အထက ၁၁/၁၀/၉ (နေပြည်တော်) ကျောင်းတွေကို သွားရောက်ပြီး Liaison Officer တွေကို ကြိုပါတယ်။ ပြီးရင်အဲဒီကတစ်ဆင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၁)၊ မြားပစ်အားကစားပြိုင်ကွင်း၊ ပြီးရင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၅)ကနေ မြင်းပြိုင်အားကစားကွင်း၊ ငလိုက်ဆည် အဲဒီလိုခရီးစဉ်တွေကို လာလမ်းအတိုင်း အားကစားရွာဂိတ် (၁) ပြန်လည်ရောက်တဲ့အထိ ပြန်ပြေးဆွဲပေးပါတယ်။ မူလကဆိုရင် စီးတီးဘတ်စ်နှစ်စီးနဲ့ မီနီဘတ်စ်နှစ်စီး ပေါင်းလေးစီး ပြေးဆွဲပေးခဲ့ပေမယ့် ပြိုင်ပွဲအားကစားနည်းတွေ များလာတဲ့အခါ စီးတီးဘတ်စ်ငါးစီး၊ မီနီဘတ်စ် နှစ်စီးပေါင်းခုနစ်စီးနဲ့ အင်အားတိုး ပြေးဆွဲနေပါတယ်။ တစ်နေ့ကို ခေါက်ရေ ၃၂ ခေါက်ခန့် ပြေးဆွဲပေးလျက်ရှိပြီး နေ့စဉ်ခရီးသည် ၉၆၀ ခန့်ကို သယ်ယူပို့ဆောင်ပေးနေပါတယ်။

Shuttle Bus လမ်းကြောင်း အမှတ် (၂)ကတော့ အထက်မှာဖော်ပြခဲ့တဲ့ ကျောင်းသုံးကျောင်းကနေ အားကစားရွာဂိတ် (၅)၊ အဲဒီကနေ မြားပစ်အားကစားပြိုင်ကွင်း၊ ပြီးရင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းဂိတ်(၁)၊ ပြီးရင်မြို့မဈေး၊ သပြေကုန်းအဝိုင်း လမ်းအတိုင်း ကျောက်မျက်ရတနာပြတိုက်၊ ပြီးရင် IBC ကနေ ဟိုတယ်ဇုန်အဆုံးဖြစ်တဲ့ ကံ့ကော်ပန်းအဝိုင်းက ပြန်ပတ်ပြီး လာလမ်းအတိုင်း

လက်ထောက်ညွှန်ကြားရေးမှူး
ဦးစိန်ဝင်းလှိုင်

အားကစားရွာအထိ သယ်ယူပို့ဆောင်ပေးနေပါတယ်။ မူလကတော့ စီးတီးဘတ်စ်ခုနစ်စီး၊ မီနီဘတ်စ်သုံးစီး ရှိခဲ့ရာကနေ အခုဆိုရင်စီးတီးဘတ်စ် ၁၂ စီး၊ မီနီဘတ်စ်သုံးစီး စုစုပေါင်း ၁၅ စီးနဲ့ အင်အားတိုး ပြေးဆွဲနေပါတယ်။ တစ်နေ့ကို ၅၈ ခေါက်ပြေးဆွဲပေးနေပြီး လူဦးရေ ၁၉၀၀ ခန့်ကို တင်ဆောင်ပြေးဆွဲနေပါတယ်။

Shuttle Bus လမ်းကြောင်း အမှတ်(၃)ကတော့ စောစောကပြောတဲ့ ကျောင်းသုံးကျောင်းကို အားကစားရွာဂိတ်(၁)ကနေ သွားကြိုရတယ်။ ပြီးရင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၅)၊ မြားပစ်အားကစားကွင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၁)၊ မြို့မဈေး၊ သပြေကုန်းဈေးအဝိုင်းကတစ်ဆင့် Mount Pleasant Hotel၊ အဲဒီကတစ်ဆင့် ဟိုတယ်ဇုန် (၂) မှာရှိတဲ့ မြတ်သဗ္ဗာဟိုတယ်၊ ပြီးတော့ နေပြည်တော်ဘူတာကြီးလမ်းဆုံကနေ သိုက်ချောင်းလမ်းဆုံ၊ ဇေယျာသီရိအားကစားကွင်းရောက်ရင် လာလမ်းအတိုင်းပြန်လှည့်ပြီး အားကစားရွာဂိတ်(၁)ကိုပြန်ရောက်ပါတယ်။ မူလက စီးတီးဘတ်စ် ၁၁ စီး၊ မီနီဘတ်စ်သုံးစီးနဲ့ ပြေးဆွဲရာကနေ အခုဆိုရင် စီးတီးဘတ်စ် ၁၈ စီးနဲ့ မီနီဘတ်စ်ငါးစီး စုစုပေါင်း ၂၃ စီးနဲ့ နေ့စဉ် ၅၆ ခေါက်ပြေးဆွဲပေးနေပြီး ခရီးသည်ဦးရေ ၁၈၀၀ ခန့်ကို သယ်ယူပို့ဆောင်ပေးနေပါတယ်။

Shuttle Bus လမ်းကြောင်း အမှတ် ၁၊ ၂၊ ၃ တွေကို နံနက် ၆ နာရီကတည်းက စတင်လွှတ်ပေးပါတယ်။ Shuttle Bus (၁)ကတော့ အသွားအပြန် မိနစ် ၅၀ လောက်ကြာပြီး Shuttle Bus (၂)ကတော့ အသွားအပြန် တစ်နာရီခွဲလောက်ကြာပါတယ်။ အလားတူ Shuttle Bus (၃)ကတော့ အသွားအပြန် လေးနာရီလောက်ကြာပါတယ်။ ၁၅ မိနစ်တစ်စီး ပြေးဆွဲနေပေမယ့်လည်း လမ်းပေါ်မှာ အတင်အချပြုလုပ်ရတဲ့အခါ လူအရေအတွက်ပေါ် မူတည်ပြီးကြာတတ်လို့ တစ်စီးနဲ့တစ်စီးကြား နာရီဝက်၊ ၄၅ မိနစ်ခန့်လည်း ခြားသွားတတ်ပါတယ်။ ညနေဆိုရင်လည်း ည ၇ နာရီလောက်အထိ ကားတွေကို ဆက်တိုက်လွှတ်ပေးနေတုန်းပါပဲ။ ပြန်ဝင်လာတဲ့ကားတွေကတော့ အားကစားကွင်းများအလိုက် ပြိုင်ပွဲတွေပြီးဆုံးချိန်အထိ စောင့်ဆိုင်းပြေးဆွဲပေးနေပါတယ်။ အထူးသဖြင့် ဘောလုံးပွဲကျင်းပတဲ့ ဇေယျာသီရိအားကစားကွင်းခရီးစဉ်ဆိုရင် ဘောလုံးပွဲပြီးချိန်အထိ စောင့်ဆိုင်းပြေးဆွဲပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းမှာ စီးတီးဘတ်စ်ခြောက်စီးနဲ့ မီနီဘတ်စ်လေးစီး၊ စုစုပေါင်း ၁၀ စီးကို ဂိတ်အမှတ် (၄)၊ (၅) နဲ့ (၂) ဝင်ပေါက်တွေကနေ ဝင်ရောက်လာကြမယ့် ပွဲကြည့်ပရိသတ်တွေအတွက် ပြိုင်ပွဲကျင်းပရာ နေရာအသီးသီးကို သွားရောက်နိုင်စေဖို့ အခမဲ့ ပို့ဆောင်ပေးလျက်ရှိနေပါတယ်။

ဂိတ်အမှတ် (၄)ကနေ Com-plexStadium E မှာရှိတဲ့ပွဲစဉ်တွေကို ကြည့်ရှုချင်တဲ့ ပရိသတ်တွေအတွက် Stadium E မှာ ရပ်ပေးတယ်။ ပြီးရင် Social Zone မှာ ရပ်ပေးတယ်။ ပြီးရင်ရေကူး၊ ဒိုင်ဗင်အားကစားတွေကို ကြည့်ရှုချင်ကြတဲ့သူတွေအတွက် Indoor C လမ်းဆုံမှာ ရပ်ပေးတယ်။ ပြီးတော့ Indoor A,B,C မှာ ကျင်းပနေတဲ့ ပိုက်ကျော်ခြင်း၊ ကြက်တောင်စတဲ့အားကစားပွဲစဉ်တွေကို ကြည့်ရှုချင်သူတွေအတွက် အဲဒီဂိတ်တွေမှာ ရပ်ပေးပါတယ်။

နောက်ပြီးဂိတ် (၅)ကိုရောက်တဲ့ အခါမှာ လိုက်ချင်သူတွေကိုတင်ပါတယ်။ ပြီးရင် ဂိတ် (၂) မှာ စောင့်နေသူတွေကို ပြန်တင်၊ Indoor A,B,C ကို ထပ်မံပို့ဆောင်ပေးရတယ်။ Indoor လမ်းဆုံကတစ်ဆင့် လာလမ်းအတိုင်းဂိတ် (၄)ကိုပြန်ပို့၊ ပြီးရင် ဂိတ် (၂) နဲ့ ဂိတ် (၅)ကနေ ဝင်လာတဲ့သူတွေကို သက်ဆိုင်ရာ အားကစားပြိုင်ပွဲတွေ သွားရောက်ကြည့်ရှုနိုင်စေဖို့အတွက် လိုက်လံပို့ဆောင်ရပါတယ်ခင်ဗျာ။”

ထို့အတူ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်းအတွင်း ပြေးဆွဲပို့ဆောင်ပေးလျက်ရှိနေသည့် Shuttle Bus များနှင့်စပ်လျဉ်း၍လည်း အောက်ပါအတိုင်း ရှင်းပြပေးခဲ့သည်။

“အားကစားဝင်း အတွင်းမှာ သတ်မှတ်ဇရိယာအလိုက် ယှဉ်ပြိုင်နေကြတဲ့ အားကစားပြိုင်ပွဲတွေကို ကြည့်ရှုချင်သူတွေအတွက် နေ့စဉ်ပုံမှန် ၁၀၈ ခေါက် ပြေးဆွဲပေးနေပါတယ်။ လူဦးရေ ၁၁၅၀၀ နီးပါးကို ပို့ဆောင်ပေးနေတာ ဖြစ်ပါတယ်။ တစ်စီးနဲ့တစ်စီးကြား ထွက်ခွာချိန်က ၁၀ မိနစ်သတ်မှတ်ထားပေမယ့် ငါးမိနစ်နဲ့ လူပြည့်ရင်လည်း ထွက်ခွာပေးပါတယ်။ သုံးမိနစ်နဲ့ လူပြည့်ရင်လည်း ထွက်ခွာပေးပါတယ်။ တချို့က မသိလို့ မစီးတာရှိသလို တချို့က လမ်းလျှောက်ချင်လို့ မစီးတာရှိပါတယ်။ ဒါကို တချို့တလေကမြင်ရင် အထင်အမြင် လွဲသွားနိုင်ပါတယ်။ ကားပေါ်မှာ လူမပြည့်ရင်တော့ အခိုက်အတန့်အားဖြင့်တော့ စောင့်ရတာမျိုးတွေရှိပါတယ်။”

ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ဝင်းအတွင်း ပြေးဆွဲပို့ဆောင်ပေးလျက်ရှိနေသည့် Shuttle Bus တစ်စီးအပေါ် တက်ရောက်စီးနင်းစဉ် ပရိသတ်ခရီးသည်များနှင့် ယာဉ်မောင်းသူအကြား အပြန်အလှန်ရင်းနှီးချစ်ခင်စွာဖြင့် နှုတ်ဆက်နေကြသံများကို ကြားရသည့်အတွက် ယာဉ်မောင်းနှင်သူကိုလှစိုးကို ချဉ်းကပ်ကာ သူ၏အတွေ့အကြုံများကို မေးမြန်းကြည့်ရာ ၎င်းကဖြေကြားရာတွင် “ကျွန်တော်က ရန်ကုန်က နေလာပြီး ဒီဆီးဂိမ်းပြိုင်ပွဲကြီးအတွက် စေတနာ့ဝန်ထမ်းလာမောင်းပေးနေတာပါ။ အားကစားကွင်းကြီးရဲ့ ခမ်းနားထည်ဝါမှုနဲ့ လိုက်လျောညီထွေမှုရှိအောင် လာရောက်အားပေးကြတဲ့ပရိသတ်တွေ လမ်းမလျှောက်ရဘဲ သက်သောင့်သက်သာနဲ့ ကြည့်ရှုလိုတဲ့ပွဲစဉ်တွေကို ကြည့်ရှုနိုင်ဖို့ ကျွန်တော်တို့အတတ်နိုင်ဆုံး ကူညီပေးနေပါတယ်။ မိုးလင်းကနေ မိုးချုပ်တဲ့အထိ အနားမရဘဲ လုပ်ကိုင်နေရပေမယ့် ကျွန်တော်တို့ပျော်ကြပါတယ်။ တာဝန်ကို ကျေပွန်တာထက်ပိုပြီး စေတနာထား လုပ်ဆောင်နေတာပါ။

ကားစီးတဲ့ပရိသတ်တွေအနေနဲ့ တစ်ခါတလေမှာ ကားပေါ် ပစ္စည်းတွေ၊ ငွေတွေမေ့ကျန်ရစ်ခဲ့တာမျိုး တွေ့ရှိပါတယ်။ ကျွန်တော်ဆိုရင် နှစ်ခါ၊ သုံးခါလောက် ကြုံဖူးပြီ၊ ကောက်ရတဲ့ ကျန်ခဲ့တဲ့ပစ္စည်းကိုပိုင်ရှင်ကို ချက်ချင်းပြန်အပ်ပေးနိုင်ခဲ့လို့ ကျန်ခဲ့တဲ့ ဒီဇင်ဘာ ၁၂ ရက်တုန်းက ကျွန်တော့်ရိုးသားမှုကို အသိအမှတ်ပြုဂုဏ်ပြုခံရတဲ့သတင်းတစ်ပုဒ် ကြေးမုံသတင်းစာမှာပါခဲ့ဖူးပါတယ်။ ကျွန်တော်တို့တစ်တွေ ကိုယ်ပိုင်စီးပွားရေးတွေအားလုံးကို ပစ်ထားခဲ့ပြီး ဒီဆီးဂိမ်းပွဲတော်ကြီး အောင်မြင်စေဖို့ ကျရာအခန်းကဏ္ဍကနေ ဆောင်ရွက်ပေးနေတာကို ဂုဏ်ယူပါတယ်။

ကားပေါ်ကိုတက်လာတဲ့ ခရီးသည်တွေအားလုံး အဆင်ပြေချောမွေ့စွာနဲ့ သွားလိုရာ ပို့ပြီးတဲ့အချိန်မှာ သူတို့တစ်တွေရဲ့ ဘာသာစကားမျိုးစုံနဲ့ ပြောတဲ့ကျေးဇူးတင်စကားတွေနဲ့တင် ကျွန်တော်တို့ ပီတိဖြစ်ဝမ်းမြောက်ရပါတယ်။”

နိုင်ငံနှင့် လူမျိုးအတွက် အလွန်အရေးပါသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကျင်းပရာတွင် စ၊ လယ်၊ ဆုံး သုံးပါးစလုံး မျှတညီညွတ်အောင်မြင်စွာ ပြီးဆုံးသွားစေရန်အတွက် အားလုံးတွင် တာဝန်ရှိပေရာ ယခုကဲ့သို့ တစ်ထောင့်တစ်နေရာမှ တာဝန်သိသိ တာဝန်ထမ်းဆောင်နေကြသူများနှင့်စပ်လျဉ်း၍ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဖော်ပြရေးသားအပ်ပါသည်။

ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း အားကစားပြိုင်ပွဲ ပွဲစဉ်များအား လာရောက်အားပေးကြည့်ရှုသူ ဧည့်ပရိသတ်များ သွားလာရေးအဆင်ပြေလွယ်ကူစေရန်အတွက် Free Shuttle Bus များပြေးဆွဲနေစဉ်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မျက်စိရောဂါအထူးကုဆေးရုံသို့ မှန်ဘီလူးပါဝါတိုင်းစက်(A-scan)ပေးအပ်လှူဒါန်း

စဉ့်ကိုင် ဒီဇင်ဘာ ၁၅

မျက်စိဝေဒနာရှင်များ အားထားရာ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန ဒေသကြီးငါးနှင့်ခုတင် ၅၀ ဆံ့မျက်စိအထူးကုဆေးရုံသို့ ငွေကျပ် ၆၀ ဒသမ ၁ သိန်းတန်ဖိုးရှိ မှန်ဘီလူးပါဝါတိုင်းစက်(A-scan) ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ ခုတင် ၅၀ ဆံ့ မျက်စိရောဂါ အထူးကုဆေးရုံ ခန်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

စဉ့်ကိုင်မျက်စိရောဂါအထူးကုဆေးရုံအနေဖြင့် လာရောက်ပြသသော မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်ပေးပြီး၊ ဆေးဝါးများကို အခမဲ့ပေးပြီးခွဲစိတ်မှုပြုလုပ်ရာတွင်လည်း ငွေကြေးတတ်နိုင်သူများကို အနည်းဆုံးသော ခွဲစိတ်မှုစရိတ်ဖြင့် မိမိစရိတ်ကို မိမိကျခံစေပြီး ငွေကြေးမတတ်နိုင်သူများကို ဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ အလှူရှင်များ၏အစီအစဉ်ဖြင့်လည်းကောင်း စသည့်အစီအစဉ်နှစ်မျိုးဖြင့် ဆေးမှအစ အခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ မျက်စိဝေဒနာရှင်များဘက်မှ သွားစရိတ်နှင့်စားစရိတ်သာကျခံရကြောင်း သိရှိရသည်။ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန အနေဖြင့်လည်း ကျေးရွာများသို့ ကွင်းဆင်းကာစမ်းသပ်ဆောင်ရွက်ပေးပြီး ငွေကြေးမတတ်နိုင်သူများကို ဆေးရုံသို့ခေါ်ဆောင်ကာ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များ စရိတ်သက်သာစွာဖြင့် ကုသနိုင်ရေးအတွက် စဉ့်ကိုင်မျက်စိရောဂါအထူးကု ဆေးရုံကြီးမှ လိုအပ်လျက်ရှိသော စက်များထဲမှ မျက်စိပါဝါတိုင်းစက်(A-

Scan)ကို ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ် ဦးသောင်းနေဦး-ဒေါက်တာဒေါ်နှင်းနုထွေးတို့က သမီးမသောင်းနှင်းရွှေရည်မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ်သိန်း ၄၀ နှင့် နှစ်သိန်းတန်ဖိုးရှိ ရေသန့်စက်၊ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် ဦးမြင့်သိန်း(မြင့်မြတ်)မိသားစုက ၁၀ ဒသမ ၁ သိန်း၊ မျက်စိရောဂါအထူးကုဆေးရုံ(စဉ့်ကိုင်)မှ ကျန်းမာရေးဝန်ထမ်းများနှင့်မျက်စိဝေဒနာရှင်များက ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၆၀ ဒသမ ၁ သိန်းကျပ်ဖြင့် ဝယ်ယူလှူဒါန်းခဲ့ခြင်းဖြစ်ပြီး Phaco Machine Visalis စက်ဖြင့် တွဲ၍အသုံးပြုရန် Operation Microscope စက်နှင့် Cassestte Intrument SteriliZer စက်တို့ကို လိုအပ်လျက်ရှိသေးကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

လက်တစ်လုံးခြားလှည့်ကွက်များ

နိုင်ငံတော်ခေတ်မီတိုးတက်ရေးအတွက် နိုင်ငံတော်၏ လူ့စွမ်းအားကို စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်၍ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအား ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ပြည်ပသို့ စနစ်တကျသွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ၁၉၉၉ ခုနှစ်တွင် စတင်ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံသားတိုင်း တရားဝင်ပြည်ပအလုပ်အကိုင်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အေဂျင်စီကုမ္ပဏီများကို လိုင်စင်ထုတ်ပေး၍ ဆောင်ရွက်ခဲ့သည်မှာ ၁၀ စုနှစ်တိုင်အောင်ရှိခဲ့ပြီဖြစ်ပါသည်။

ပြည်ပအလုပ်အကိုင်လိုင်စင်ရ ကုမ္ပဏီများသည် ပြည်ပသို့ တရားဝင်အလုပ်သမားများစေလွှတ်ခဲ့သလို အလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများကို နိုင်ငံတော်သို့ ဝင်ငွေအဖြစ်ရရှိအောင် ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။ သို့ရာတွင် ဥပဒေအရ ချမှတ်ထားသည့် လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည့် ပြည်ပအလုပ်အကိုင်အေဂျင်စီများရှိသလို နိုင်ငံတော်၏ စေတနာကို လေးစားလိုက်နာမှုမရှိဘဲ ဥပဒေကို လက်တစ်လုံးခြားလုပ်ဆောင်၍ ဆောင်ရွက်ကြသည့် အေဂျင်စီအချို့လည်း ရှိပါသည်။ ဝန်ကြီးဌာနမှ အရေးယူဆောင်ရွက်ခဲ့သည့် သာဓကများလည်းရှိခဲ့ပါသည်။ မိမိအကျိုးအတွက် နိုင်ငံသားများပေါ်တွင် ခေါင်းပုံဖြတ်၍ “ဘယ်သူသေသေ ငတေမာရင်ပြီးရော” ဆိုပြီး လုပ်ဆောင်ခဲ့ကြသည်ကိုလည်း တွေ့ရှိနေရပါသည်။ ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းကမ်းဘောင်အတွင်းမှ မလုပ်ဆောင်ဘဲ လုပ်ငန်းစဉ်အချို့ကို ကွယ်ဝှက်ခြင်း၊ ထိမ်ချန်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း တရားဝင် စေလွှတ်ခွင့်လိုင်စင်တို့ကိုဗန်းပြ၍ တရားမဝင်လုပ်ဆောင်ခြင်းစသည့် နည်းလမ်းပေါင်းစုံဖြင့်ဆောင်ရွက်ကြသည့် အေဂျင်စီအချို့လည်းရှိနေခဲ့ပါသည်။ ယခုအခါတွင် နိုင်ငံတော်က ပြည်ပနိုင်ငံသို့ အလုပ်လုပ်ကိုင်ကြမည့် အလုပ်သမားများကို ပုံမှန်နိုင်ငံကူးလက်မှတ်ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စတင်ဆောင်ရွက်လျက်ရှိပါသည်။ ယခင်က ယာယီနိုင်ငံကူးလက်မှတ်ဖြင့် သွားရောက်လုပ်ကိုင်ခွင့်ပြုထားသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း လွတ်လပ်စွာသွားလာ၍ အလုပ်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ကြားသိရသည့်သတင်းတစ်ခုမှာ ကျေးလက်တောရွာများသို့ တရားဝင်လိုင်စင်မရှိဘဲ လူစုဆောင်း၍ လုပ်ဆောင်နေသည့်ပွဲစားများ၏ လုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။ ပွဲစားများသည် ကျေးလက်ဒေသလူငယ်များအား နိုင်ငံကူးလက်မှတ်(အနီရောင်)ဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် စည်းရုံး၍ ရန်ကုန်နှင့် မန္တလေးမြို့တွင် နိုင်ငံကူးလက်မှတ်များလုပ်ဆောင်၍ နယ်စပ်စခန်းများမှထွက်ခွာလျက်ရှိကြသည်မှာ တရားဝင်လိုင်စင်ခွင့်ပြုထားသည့် အေဂျင်စီများမှာ ငုတ်တုတ်မေ့ကြရပါသည်။

ထို့ကြောင့် အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့်လုပ်ငန်းစဉ်များကို ထိခိုက်မှုရှိနိုင်ပါသည်။ နောက်တစ်ချက်မှာ နိုင်ငံကူးလက်မှတ် (အနီရောင်) ရရှိပြီးသူများကိုပင် နာမည် အတု၊ မှတ်ပုံတင်အတုနှင့် နောက်ထပ်ပုံမှန် နိုင်ငံကူးလက်မှတ် (အနီရောင်) လျှောက်ထားပြီး နယ်စပ်မှထွက်ခွာရန်ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။ ယင်းအချက်မှာ စစ်ဆေးကြီးကြပ်သူများ၏ တာဝန်ပင်ဖြစ်ပါလိမ့်မည်။ ကြီးကြပ်ဆောင်ရွက်ရန်မှာ အဓိကကျသည့် ကျေးရွာရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများသည်လည်း အခြေခံကျသည့် တာဝန်ရှိသူများပင် ဖြစ်ပါသည်။ မိမိကျေးရွာ၊ ရပ်ကွက်အတွင်း မည်သူသည် ဥပဒေနှင့်ငြိစွန်းသည့်လုပ်ငန်းကို လုပ်ကိုင်နေသည်ကို သိရှိရန်လိုအပ်ပါသည်။ မိမိ ရွာသား၊ ရပ်ကွက်သားအား ပြည်ပအလုပ်အကိုင်နှင့်ပတ်သက်သည့် နားလည်မှုများ၊ သတင်းများကို နားလည်မှုရှိအောင် ဆောင်ရွက်ပေးထားရန် လိုအပ်ပါသည်။

သို့မှသာ ရပ်ကွက်ကျေးရွာသားများသည် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် ဆောင်ရွက်ရန်နှင့် ရှောင်ရန် စည်းကမ်းများကိုသိရှိ၍ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအပေါ် လက်တစ်လုံးခြားလှည့်ကွက်များမှ ကင်းဝေးပြီး ဆုံးဖြတ်ဆောင်ရွက်နိုင်ကြစေရန် လည်းကောင်း၊ ပွဲစားများအနေဖြင့် မိမိလုပ်ဆောင်မှုသည် လူကုန်ကူးအသွင်သို့ ရောက်ရှိနိုင်သဖြင့်လည်းကောင်း နိုင်ငံသားတစ်ဦးအနေဖြင့် စေတနာထား၍ တင်ပြအပ်ပါသည်။

အငြိမ်းစားဝန်ထမ်းတစ်ဦး

မိတ္ထီလာ၌ ဒီဇင်ဘာဒုတိယပတ် စုပေါင်းလမ်းလျှောက်

မိတ္ထီလာ ဒီဇင်ဘာ ၁၅

မိတ္ထီလာတွင် ဒီဇင်ဘာအားကစားလ ဒုတိယပတ်လူထု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၅ နာရီက ကျင်းပသည်။

“မြို့နယ်တရားရုံးနဲ့ ဗိုလ်ချုပ်ပန်းခြံကြားလမ်းအနီးကနေ အထက-၄ အထိ စုပေါင်းလမ်းလျှောက်ကြပြီး အထက-၄ အားကစားကွင်းအတွင်းမှာ ကိုယ်ကာယလေ့ကျင့်ခန်း အတွဲ-၁၊ အတွဲ-၂ ကို စုပေါင်းပြုလုပ်ကြပါတယ်။ နှစ်စဉ်နှစ်တိုင်း မိတ္ထီလာမှာ လမ်းလျှောက်ပွဲကို စည်စည်ကားကားပြုလုပ်ကြပါတယ်။ ဒီနှစ်တော့ အရင်နှစ်တွေထက်စာရင် စုပေါင်းလမ်းလျှောက်သူဦးရေ အနည်းငယ်လျော့နည်းပါတယ်။ ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၁၂ ဦးခန့်ပဲ ရှိတယ်။ ပညာရေးကောလိပ်က ကျောင်းသားကျောင်းသူတွေက ဒီဇင်ဘာတတိယပတ်ကျမှ ဝင်ရောက်လမ်းလျှောက်မှာမို့ နှစ်တိုင်းလိုပဲ စည်ကားမှာပါ”ဟု မြို့မိမြို့ဖ ဦးဝင်းကပြောသည်။

မိတ္ထီလာဒီဇင်ဘာအားကစားလ နောက်ဆုံး စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ လမ်းလျှောက်ပွဲ ဆင်နွှဲသူများအား အမှတ်တရလက်ဆောင်ပစ္စည်းကံစမ်းမဲများဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

သာစည်မြို့တွင် ပထမဆုံးပုဂ္ဂလိကဘဏ်ခွဲ မကြာမီဖွင့်တော့မည်

မိတ္ထီလာ ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ပြည်သူများ အနယ်နယ်အရပ်ရပ်သို့ ငွေလွှဲငွေထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေမှုရှိစေရန်အတွက် သာစည်မြို့တွင် ကမ္ဘောဇဘဏ်ခွဲတစ်ခု ဖွင့်ရန် အဆောက်အအုံဆောက်လုပ်လျက်ရှိရာ မကြာမီဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သာစည်မြို့တွင် ပထမဆုံး ပုဂ္ဂလိကဘဏ်အဖြစ် ဖွင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

“သာစည်မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်တစ်ခုသာရှိပြီး ပုဂ္ဂလိကဘဏ်မရှိသေးသည့်အတွက် အနယ်နယ်အရပ်ရပ်သို့ ငွေလွှဲငွေထုတ်လုပ်ငန်းများဆောင်ရွက်လိုပါက သာစည်မြို့နှင့် ၁၄ မိုင်ဝေးသည့် မိတ္ထီလာမြို့သို့ သွားရောက်ပြီး ဆောင်ရွက်ရပါတယ်။ အခုကျွန်တော်တို့မြို့မှာ ပုဂ္ဂလိကဘဏ်ဖြစ်တဲ့ ကမ္ဘောဇဘဏ်ခွဲကို ဖွင့်တော့မှာ ဖြစ်တဲ့အတွက် မိတ္ထီလာမြို့ကို သွားစရာမလိုဘဲ ကိုယ်မြို့မှာပဲ ငွေလွှဲငွေထုတ် လုပ်ငန်းများဆောင်ရွက်လို့ရတော့မှာပါ။အချိန်ကုန်ငွေကုန်တဲ့ဒုက္ခလည်း မရောက်တော့ပါဘူး။ သာစည်မြို့တွင် ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၀ ကျေးရွာပေါင်း ၂၄၅ ရွာရှိပါတယ်။ သာစည်မြို့တွင် ပုဂ္ဂလိကဘဏ်ခွဲတစ်ခုဖြစ်တဲ့ ကမ္ဘောဇဘဏ်ခွဲ ဖွင့်နိုင်ပါက ငွေလွှဲငွေထုတ်လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပထမဆုံး ပုဂ္ဂလိကဘဏ်ခွဲဖွင့်တော့မည်ကို ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်နေကြကြောင်း” သာစည်မြို့မှ ဒေသခံတစ်ဦးက ပြောကြားသည်။

မျိုးမင်း(သာစည်)

မိုးညှင်းမြို့နယ်၌လွှတ်တော်နှင့် ပြည်သူပူးပေါင်းပြီး ဖွံ့ဖြိုးရေးဆောင်ရွက်မည်

မိုးညှင်း ဒီဇင်ဘာ ၁၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖော်ဆောင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင်အောင်၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာနှင့်ရပ်မိရပ်ဖများဖြင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက်က မိုးညှင်းမြို့နတ်ကြီးကုန်း(ရှမ်းပိုင်း) ရပ်ကွက်မွှာရုံ၌ကျင်းပသည်။

မိုးညှင်းမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လေးက ဒေသခံပြည်သူများဆန္ဒနှင့်အညီ အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်နေပြီး ပြည်သူထည့်ဝင်ငွေများအနက် အခက်အခဲရှိပါက လွှတ်တော်ရန်ပုံငွေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ နတ်ကြီးကုန်း (ရှမ်းပိုင်း) လမ်းကတ္တရာခင်းခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်အမှုဆောင်အရာရှိ ဦးလှမိုးက ရှင်းလင်းပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှကျော်က ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်သစ်သားတိုင်များကို ကွန်ကရစ် ဓာတ်မီးတိုင်များအဖြစ် အစားထိုးလဲလှယ်တပ်ဆင်ပေးမည့် အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါအဖွဲ့သည် လုပ်ငန်းဆောင်ရွက်မည့်နေရာများကို ကွင်းဆင်းကြည့်ရှုသည်။ လုပ်ငန်းအတွက် ဌာနများက ပံ့ပိုးပေးမည့်အပြင် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ စည်းရုံးရရှိသည့် လှူဒါန်းငွေကျပ်သိန်း ၂၀ အပါအဝင် လွှတ်တော်ရန်ပုံငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဇ၃)**

မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းပေါ်ရှိ ပုံတောင်ပုံညာလမ်းပိုင်းတွင် မြေသားလမ်းချဲ့ထွင်ဖောက်လုပ်

ဂန့်ဂေါ ဒီဇင်ဘာ ၁၅

မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းပေါ်ရှိ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၏ နယ်စပ်ပုံတောင်ပုံညာလမ်းပိုင်းကို ယခုပွင့်လင်းရာသီကာလ၌ စက်ယန္တရားကြီးများဖြင့် မြေသားလမ်းများချဲ့ထွင်ပေးလျက်ရှိ **(ယာပုံ)** လမ်းကျယ်လာသဖြင့် မော်တော်ယာဉ်များ မောင်းနှင်သွားလာရန် လွယ်ကူမြန်ဆန်လာကြောင်း ခရီးသွားများထံမှသိရသည်။

တိုးတက်

ယင်းလမ်းပိုင်းမှာ ကျဉ်းမြောင်းပြီးပျက်စီးယိုယွင်းလျက်ရှိသဖြင့် ပြီးခဲ့သည့် မိုးရာသီကာလအတွင်းက လမ်းချော်ကာ ယာဉ်များ ရှောင်တိမ်းသွားလာရန် အခက်အခဲဖြစ်ပေါ်၍ လမ်းပိတ်ဆို့မှုများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ စက်ယန္တရားကြီးများဖြင့် မြေသားလမ်းချဲ့ထွင်ခြင်း၊ ချိုင့်ခွက်များကို ကျောက်သားနှင့်မြေသားဖို့ခြင်း၊ အချို့နေရာများတွင် ကတ္တရာလောင်းခြင်းများ ဆောင်ရွက်နေသဖြင့် မော်တော်ယာဉ်များ သွားလာရေး လွယ်ကူမြန်ဆန်လာသောကြောင့် ခရီးသွားများထံမှ ဝမ်းမြောက်ဝမ်းသာစကားများကြားသိနေရသည်။ ယင်းလမ်းပေါ်တွင် ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်များလည်း ယခင်ထက်အဆများစွာတိုးတက်များပြားလာလျက်ရှိသည်။

ဖောက်လုပ်

ယင်းလမ်းကို ၁၉၆၂ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ပုလဲမှ ဂန့်ဂေါအထိ ၁၁၃ မိုင်ရှည်လျားကာ စတင်ဖောက်လုပ်စဉ်က လမ်းအကျယ် ၁၄ ပေရှိခဲ့ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဆီးဂိမ်းကာလအတွင်း အချိန်နှင့်တစ်ပြေးညီ သတင်းစာတွေကိုဖတ်ခွင့်ရပါတယ်

သတင်းမှတ်စု – ထိုက်အောင်ဝင်း၊ ဓာတ်ပုံ – ထက်ပိုင်

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်း ဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ ပြည်သူများ ဆီးဂိမ်းကာလအတွင်း သတင်းစာများကို အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုခွင့်ရကြောင်း သုံးခွမြို့နယ်အတွင်းရှိ ကိုယ်စားလှယ်ကြီးများနှင့် သတင်းစာဖတ်ပြည်သူက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ လက်ရှိ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသည် နှစ်ပေါင်း (၄၄)နှစ်ကျော်ကြာမှ ပြန်လည်ကျင်းပခွင့်ရ၍ ပြည်သူများ ကြိုတောင့်ကြိုခဲလှသော အားကစားပွဲတော်ကြီးဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ်ကို မြှင့်တင်ဖော်ကျူးခွင့်ရသော ပွဲတော်ကြီးဖြစ်ပေသည်။ ကမ္ဘာကို မြန်မာဟော့ဟု ထင်ပေါ်ကျော်ကြားအောင် ပြသခွင့်ကို အဆိုပါပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် ရရှိမည်ဖြစ်သည်။

အားပေးဂုဏ်ပြု

နိုင်ငံတော်အတွင်း နေထိုင်သည့် ပြည်သူတစ်ရပ်လုံး ဘက်ပေါင်းစုံမှ တာဝန်ကိုယ်စီရှိကြ၍ မျိုးချစ်စိတ်ဓာတ်ပြင်းပြစွာဖြင့် အချိန်နှင့်တစ်ပြေးညီ အားကစား ပွဲတော်ကြီးအကြောင်းကို သိချင်/ သိခွင့် ရချင်ကြသည်။

မြန်မာ့အလင်း သတင်းအဖွဲ့အနေဖြင့် ကြိုတောင့် ကြိုခဲလှသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးကို အချိန်နှင့်တစ်ပြေးညီ အားပေးနေကြသည့် မြို့/ရပ်/ကျေးဒေသများရှိ ပြည်သူများ၏ သတင်းစာများနှင့် ရုပ်သံ မီဒီယာများမှတစ်ဆင့် အားပေးဂုဏ်ပြု ဝေဖန်မှုများကို ကြားသိခွင့်ရခဲ့သည်။

“ ကျွန်တော်တို့ ဒီရက်ပိုင်း ဆီးဂိမ်းကာလအတွင်း သတင်းစာတွေကို အချိန်နဲ့တစ်ပြေးညီ ဖတ်ရှုခွင့်ရပါတယ်။ အထူးသဖြင့် ဆီးဂိမ်းအချပ်ပိုကို ပိုပြီးဖတ်ဖြစ်တယ်။ ရုပ်သံမီဒီယာကလည်း ကြည့်ရှုဖြစ်ပါတယ်။ သတင်းစာမှာတော့ တစ်နေ့တစ်နေ့ ကိုယ့်နိုင်ငံမှာ ရွှေဘယ်လောက်ရတယ်၊ ဘယ်အသင်းကိုနိုင်တယ်၊ ရှုံးတယ်ကအစ သိရတော့ ဒီရက်ပိုင်းအတွင်း သတင်းစာတွေကို စောစောဖတ်ချင်တယ်။ စောစော ရောက်စေချင်ပါတယ်။ ခုနောက်ပိုင်း သတင်းစာတွေက ပြည်သူအကျိုးပြုသတင်းတွေ များလာပါတယ်။ ကဏ္ဍလည်းပိုစုံလာတယ်။ အချပ်ပိုကအစ စာမျက်နှာလည်း ပိုများလာပါတယ်။ ဖတ်ဖြစ်တာကတော့ ကျန်းမာရေး၊ စီးပွားရေးနဲ့ ဗဟုသုတ ရစေတဲ့အရာမျိုးလေးတွေ ဖတ်ဖြစ်ပါတယ်။ သတင်းစာကို လပေးတစ်လ ငွေကျပ် ၂၅၀ ကတည်းက စဖတ်ဖြစ်တာပါ။ အထူးသဖြင့် ကျွန်တော်က နိုင်ငံတကာသတင်းတွေကို ဝါသနာပါတော့ ပိုဖတ်ဖြစ်ပါတယ်” ဟု သုံးခွမြို့ (၂)ရပ်ကွက် မင်းရဲကျော်စွာ လမ်းသွယ်(၂)တွင် နေထိုင်သည့် ကိုဇော်ဇော်က ပြောကြားသည်။

သတင်းစာကိုယ်စားလှယ်ဦးမြင့်အောင်

သတင်းစာအသက် တစ်မနက်ဆိုသလို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သတင်းစာဖတ်ခွင့်ရစေရန် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံအချို့ကဲ့သို့ အကျိုးအမြတ်ကို အဓိကမထားဘဲ ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် ရပ်တည်ပြုလုပ်ပေးရမည် ဖြစ်ကြောင်း ခေတ်ဟောင်း သတင်းစာသမားကြီးများက သုံးသပ်ဝေဖန်ပြောဆိုကြသည်။

“ ကျွန်တော်က ဒီသတင်းစာလုပ်ငန်းကို ဘိုးစဉ်ဘောင်ဆက်ကတည်းကဆိုတော့ နှစ်ပေါင်း (၅၀) ကျော်လောက်ရှိပါပြီ။ အစောင်ရေအားလုံး ၄၀၀ လောက်တော့ရှိပါတယ်။ ဒီရက်ပိုင်းအတွင်းတော့ သတင်းစာက နံနက် ၈ နာရီခွဲလောက်ဆို ဒီသုံးခွမြို့ကို ရောက်ပါတယ်။ ကလေးနှစ်ယောက်ကို လပြတ်ငှားပြီးတော့ အိမ်တွေကိုပို့ပါတယ်။ သတင်းစာရောက်တာနဲ့ နောက်မကျအောင် ကျွန်တော့်ကလေးတွေကို ဂရုစိုက်ပို့ခိုင်းပါတယ်။ အားလုံး ကျွန်တော်အပါအဝင် သုံးယောက်ပို့ပါတယ်။ သတင်းစာပို့ရတဲ့နေရာတွေကတော့ မြို့ပေါ်မှာက ၁၂ ရပ်ကွက်ရှိပါတယ်။ အနီးအနားရှိတဲ့ကျေးရွာတွေကိုလည်း ပို့ပေးရပါတယ်။ ကျေးရွာက အားလုံး စုစုပေါင်း ခုနစ်ရွာလောက် ရှိပါတယ်။ အဲဒီရွာတွေအထိပါ စက်ဘီးနဲ့ လိုက်ပို့ပေးပါတယ်” ဟု သုံးခွမြို့တွင် နှစ်ပေါင်း ၅၀ ကျော် ဘိုးစဉ်ဘောင်ဆက် သတင်းစာကိုယ်စားလှယ်လုပ်ခဲ့သည့် ဦးမြင့်အောင်က ဆိုသည်။

သတင်းစာပရိသတ် ဦးဇော်ဇော်

“ သတင်းစာတွေက အခုနောက်ပိုင်း ကာလာတွေနဲ့ဖြစ်လာတယ်။ ကဏ္ဍလေးတွေလည်း ပိုစုံလာတယ်။ ဟိုးအရင်တုန်းကတော့ ကိုယ့်အလုပ်နဲ့ကိုယ် မဖတ်ဖြစ်ပါဘူး။ ခုနောက်ပိုင်းတော့ အားရင် အားသလို ဖတ်ဖြစ်ပါတယ်။ လူကြီးသတင်းတွေ နည်းသွားသလိုပဲ။ သတင်းလေးတွေက ဖတ်လို့ ပိုကောင်းလာတယ်။ အခုရက်ပိုင်းဆို ဆီးဂိမ်းအားကစားသတင်းတွေ အများကြီးပါလာတယ်။ စာမျက်နှာတွေလည်း ပိုများလာသလိုပဲ။ သတင်းစာ ဝယ်ဖတ်ရတာ ၅၀၊ ၁၀၀ လောက်ဆိုတော့ ဝယ်ဖတ်ရတာ တန်ပါတယ်။ ဒါပေမယ့် အခြားနိုင်ငံတွေမှာ အလကားတောင်ဝေတယ်လို့ ပြောကြတယ်။ ကျွန်မတို့ဆီလည်း အဲဒီလို အလကားဝေရင်ကောင်းမယ်။ တချို့ သတင်းစာ၊ စာစောင်တွေက ဈေးကြီးတယ်။ ဖတ်တော့ ဖတ်ချင်တယ်။ ဒါပေမယ့် ကျွန်မတို့က ဝယ်မဖတ်နိုင်ဘူး။ သတင်းစာကတော့ ၅၀၊ ၁၀၀ လောက်ဆိုတော့ ဝယ်ဖတ်ဖြစ်သေးတယ်” ဟု သုံးခွမြို့မဈေးကြီးတွင် အရောင်းအဝယ်လုပ်သည့် မဇင်မာမြင့်က နေ့စဉ်သတင်းစာများနှင့် ပတ်သက်၍ ရင်တွင်းစကား ဆိုခဲ့သည်။

မဇင်မာမြင့်

(မြန်မာ့အလင်း)

မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအလံတင် အစည်းအဝေးကျင်းပ ပြစ်ဒဏ်လွတ် မြန်မာနိုင်ငံသားငါးဦးနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ကလေးငယ်နှစ်ဦးတို့အား အပြန်အလှန်လွှဲပြောင်းလက်ခံ

မောင်းတော ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ တောင်ပြိုလက်ဝဲမြို့နယ်ခွဲ နယ်စပ်မှတ်တိုင်(၃၁)နှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်ချစ်ကြည်ရေးတံတား၏ အနောက်ဘက်ခြမ်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခေါင်းတုံးရွာရှိ နယ်ခြားစောင့်တပ်ကင်းစခန်း ယာယီမဏ္ဍပ်၌ ဒီဇင်ဘာ ၁၀ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ (ဘင်္ဂလားဒေ့ရှ် စံတော်ချိန် ၁၀ နာရီခွဲ)က မိမိနိုင်ငံ မောင်တောခရိုင် လဝကဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမှတ်(၁၇) ကော့ဘဇားနယ်ခြားစောင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခါလစ်ဟာဆန်တို့သည် နှစ်ဖက်အဖွဲ့ဝင် အရာရှိများနှင့်အတူ နှစ်နိုင်ငံအလံတင်အစည်းအဝေး ကျင်းပခဲ့သည်။

အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၄၂)တက္ကနပ် နယ်ခြားစောင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အဘူဇာအယ်ဇာဟစ်လည်း တက်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားအကျဉ်းထောင်မှ လွတ်မြောက် လာခဲ့သော မြန်မာနိုင်ငံသား ငါးဦးကို ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က လွှဲပြောင်းလက်ခံယူခဲ့ပြီး မြန်မာနိုင်ငံမောင်တောမြို့ ရဲစခန်းတွင် ယာယီစောင့်ရှောက်ထားရှိခဲ့သော ဘင်္ဂလားဒေ့ရှ်ကလေးငယ်နှစ်ဦးကို ဒုတိယဗိုလ်မှူးကြီး ခါလစ်ဟာဆန်က လွှဲပြောင်းလက်ခံယူခဲ့သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် နှစ်ဖက်အဖွဲ့အစည်းများ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြပြီး မွန်းလွဲ ၂ နာရီ(ဘင်္ဂလားဒေ့ရှ် စံတော်ချိန် ၁း၃၀ နာရီ)၌ ပြီးဆုံးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျိုင်းတုံ၌ လူထုလမ်းလျှောက်ပွဲကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၁၅

ကျိုင်းတုံမြို့တွင် လူထုအားကစားလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီက တြိဂံဒေသတိုင်းဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သန်းထွန်းဦးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူစုစုပေါင်း ၉၈၀၀ ကျော်ဖြင့် တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ ကျိုင်းတုံမြို့ လွတ်လပ်ရေးကျောက်တိုင်မှစတင်ထွက်ခွာ၍ တောင်ကြီး-ကျိုင်းတုံလမ်းရှိ အထက(၂) လမ်းသွယ်မှ နောင်တုံကန်တစ်ပတ်ပတ်ပြီး မိုင်းယန်း-ကျိုင်းတုံလမ်းသို့ ထွက်ကာ လွတ်လပ်ရေးကျောက်တိုင်သို့ ပြန်လည်ရောက်ရှိပြီး စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) SOC 8000	အိတ်ချိန်းကတ်များ	၂၃	ကတ်
(ခ) JSY-2000	အိတ်ချိန်းကတ်များ	၈	ကတ်
(ဂ) KY-1000XM	အိတ်ချိန်းကတ်များ	၁၅၆	ကတ်
(ဃ) TWD 06/09	အိတ်ချိန်းကတ်များ	၁၂	ကတ်
(င) KX-TDA 600	အိတ်ချိန်းကတ်များ	၂၄	ကတ်

၂။ တင်ဒါပုံစံများအား လုပ်ငန်းနှင့်စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(လုပ်ငန်းနှင့်စစ်ဆေးရေးဌာန)
ရုံးအမှတ်(၂)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၈၈၊ ၀၆၇-၄၀၇၃၅၆



စက်မှုဝန်ကြီးဌာန
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
အမှတ် (၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)တွင် 315 kVA, 11/0.4 kV (Stack Core) Transformer (25) Units ထုတ်လုပ်မှုအတွက် Standard Parts & Auxiliary Parts များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၆-၁၂-၂၀၁၃ရက်မှ ၂၇-၁၂-၂၀၁၃ရက်အထိ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၃၀-၁၂-၂၀၁၃ ရက်၊ ၁၀ နာရီ
တင်ဒါစိစစ်မည့်နေရာ - အမှတ် (၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ၁၆-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၃-၄၂၂၃၃၊ ၀၅၃-၄၂၂၁၄၊ ၀၉-၄၉၅၀၁၂၉၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမှတ် (၂၃)၊ အကြီးစားစက်ရုံ (ညောင်ခြေထောက်)
ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်)

ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ဘောင်ကျကျေးရွာအုပ်စု၊ ဘောင်ကျတောင်ရွာနေ ကျွန်တော် ဦးသီဟန်ဦး ပိုင်ဆိုင်သော ဖုန်း-၀၉-၇၃၅၀၂၃၆၅သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

ဖုန်း-၀၉-၄၀၃၇၀၂၆၃၈

သွေးသည် အသက်

ပြည်တွင်းသတင်း

ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှနေသည့် ငါးရှဉ့်

ဖျာပုံ ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး အတွင်းက ဖျာပုံမြို့နယ်သည် ရေချို၊ ရေငန် ငါးသယံဇာတ အများဆုံးထွက်ရှိသည့် မြို့နယ်ဖြစ်သည်။ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်လာမှုတို့ကြောင့် ဖျာပုံမြို့နယ်ကထွက်ရှိသည့် ငါးလင်ပန်း၊ ငါးရှဉ့်နှင့်ကဏန်းတို့ အိမ်နီးချင်းနိုင်ငံများသို့ မျက်နှာပန်းလှလှဖြင့် ခရီးဆန့်လျက်ရှိနေကြသည်။

ချဉ်သီးပင်အောက် ချဉ်သီးရှား၊ အိုးသည် အိုးကောင်းမသုံးရ၊ ဖောင်စီးရင်း ရေငတ်ဟူသည့် ဆိုရိုးစကားများ လူတိုင်းကြားဖူးကြသည်။ ဖျာပုံဈေးအတွင်း ငါးလင်ပန်း၊ ငါးရှဉ့်၊ ကဏန်းများ မြို့နေပြည်သူတို့ စားသုံးရန် လက်လီအရောင်းဆိုင်များ မရှိသလောက်ဖြစ်နေပြီး ရန်ကုန်မှတစ်ဆင့် မူဆယ်နှင့်မြဝတီသို့တင်ပို့ရန် အဝယ်ဒိုင်များကတော့ ဒိုင်၂၀ ကျော်လောက်ရှိနေကြောင်း သိရသည်။ လပြည့်ငါးရှဉ့်အဝယ်ဒိုင် ဦးကျော်စွာက လက်ရှိငါးလင်ပန်းဈေးက အမြင့်ဆုံးဖြစ်နေပြီး ဒီဇင်ဘာ ၁၄ ရက်က ငါးရှဉ့်တစ်ပိဿာ ငွေကျပ် ၆၅၀၀ ဈေးဝယ်လျက်ရှိကြောင်း၊ အတွေ့အကြုံအရ အနိမ့်ဆုံး ငွေကျပ် ၅၂၀၀မှ အမြင့်ဆုံး ငွေကျပ် ၈၀၀၀ အထိရှိခဲ့ကြောင်း၊ ရေသေရက်တွင် ကုန်အတက်နည်းပြီး ရေထရက်တွင် ကုန်အတက်များကြောင်း ပြောပြသည်။

မြန်မာ့ငါးရှဉ့်ကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူလျက်ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငါးရှဉ့်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀ နီးပါးရရှိခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငါးရှဉ့်တင်ပို့မှု အမေရိကန်ဒေါ်လာသန်း ၃၀ လျာထားခဲ့ရာ လက်ရှိဘဏ္ဍာရေးနှစ် ရှစ်လတာအတွင်း အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော် ရရှိထားသည့်အတွက် ပြည်ပနိုင်ငံများသို့ ငါးရှဉ့်တင်ပို့ပြီးသည့် ရာခိုင်နှုန်းမှာ ၁၄၀ ကျော်ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးရှဉ့်ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ စုံစမ်းသိရှိရသည်။

အခြားရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်တွင် ဈေးနိမ့်လျက်ရှိသော်လည်း ငါးရှဉ့်ဈေးနှုန်းက ငါးရှဉ့်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀၀ မှ အမေရိကန်ဒေါ်လာ ၄၅၀၀ အထိ မြင့်တက်လျက်ရှိနေကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အောင်ဝင်း(ဖျာပုံ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၇၅၀၀-၆၁၈၈၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၄၀၀၀-၆၁၅၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၀-၁၃၁၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၉၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၃-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၃၀၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၃၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၀၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စေ့ငုတင်ပြသည်။

စဉ့်ကူးမြို့နယ် ရွှေလှေကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းပြီ

စဉ့်ကူး ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေလှေကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၅ နာရီက အဆိုပါ ကျေးရွာဦးကျောင်းပရဝဏ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက စက်ခလုတ်နှိပ်၍ မီးများလင်းစေ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတောက်နှင့် တာဝန်ရှိသူတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ကျေးရွာမီးလင်းရေး ကော်မတီအနေဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချေးငွေကျပ်သိန်း ၃၅၀ ယူပြီး စုစုပေါင်းသိန်း ၈၀၀ မတည်ကာ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ဝယ်ယူတပ်ဆင်ခြင်း လမ်းမီးများ စတင်လင်းနေပြီဖြစ်သည်။ ဆက်လက်၍ အိမ်များမီးလင်းနိုင်ရေးအတွက် သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားလုပ်ငန်း New Ever Light ကုမ္ပဏီတို့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး မကြာမီ ကျေးရွာလုံးကျွတ် မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာဟာ အိမ်ခြေ ၂၈၀ ရှိပါတယ်။ အိမ်ထောင်စုတစ်စုကို မီးသွယ်ခနှင့် မီတာတစ်လုံးဖိုး အပါအဝင် ငွေကျပ် ၇၅၀၀၀ ကောက်ခံထားပါတယ်။ ယခု အိမ်ထောင်စု ၁၁၁ စု ကောက်ခံထည့်ဝင်ငွေနဲ့ ချေးငွေကျပ်သိန်း ၃၅၀ ပူးပေါင်းပြီး လမ်းမီးများ စတင်လင်းနေပါပြီ။ မကြာမီ သက်ဆိုင်ရာဌာနများနဲ့ညှိနှိုင်းပြီး အမြန်ဆုံး ရွာလုံးကျွတ်မီးလင်းရေး ဆောင်ရွက်သွားမှာပါ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကြူက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအားလုံးကို လာမည့် ၂၀၁၅ ခုနှစ် မတိုင်မီ မီးလင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ကျေးရွာမီးလင်းရေး ကော်မတီများ ဖွဲ့စည်းကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိရာ စဉ့်ကူးမြို့နယ်တွင် ကျေးရွာ ၁၀ ရွာ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

(၄၃၃)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ သုံးလောင်းပြိုင်လူသတ်မှုဖြစ်

ကျိုင်းတုံ ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာအုပ်စု ဟွေလုံကျေးရွာပိုင်လယ်မြေအနီး တောစပ်တွင် ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲခန့်က အမည်မသိ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း၊ ကျိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သိန်း၊ ကျိုင်းတုံမြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်ဝင်းမင်းသန်း၊ နယ်ထိန်းတာဝန်ခံအရာရှိ ဒုရဲအုပ်နေလင်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ ကတ်တောင်ကျေးရွာ ရဲကင်းစခန်းမှူး ဒုရဲအုပ်ကျော်မိုး၊ လွယ်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်ခမ်း၊ ဟွေလုံကျေးရွာ လူကြီးများဖြစ်ကြသည့် ဦးစိုင်းယီနှင့် ဦးအားချေတို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြရာ ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာအုပ်စု ဟွေလုံကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ ဟွေလုံကျေးရွာပိုင် ရိတ်သိမ်းပြီး လယ်ကွက်အနီး တောစပ်တွင် အမည်မသိအမျိုးသားတစ်ဦးမှာ ဝမ်းဗိုက်အတွင်းမှ အူများထွက်၊ လည်ပင်းတွင် ၁ ဒသမ ၅ လက်မခန့် ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ယာဘက်နားအောက်ဘက်တွင် တစ်လက်မခန့် ပြတ်ရှဒဏ်ရာနှစ်ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် စုံစမ်းရှာဖွေစစ်ဆေးခဲ့ရာ သေဆုံးသူမှာ မောင်အားကျဲ (၂၁နှစ်) ကတ်ဝိုးကျေးရွာ၊ လွယ်လုံကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နေသူဖြစ်ပြီး အနီးပတ်ဝန်းကျင်ကို ဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ သေဆုံးသူ မောင်အားကျဲအလောင်း၏ အနောက်မြောက်ဘက် ကိုက် ၁၀၀ ခန့်အကွာတွင် စိတ်သဘောထားချင်း တိုက်ဆိုင်မှုရှိကြသဖြင့် လွန်ခဲ့သော တစ်လခန့်က ကျေးရွာလူကြီးများရှေ့တွင် တရားဝင်ကွာရှင်းထားခဲ့သော မဘူးချွန်(၁၈နှစ်)အား လည်ပင်းတွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ယာဘက်နို့အုံအောက်ဘက်တွင် ထိုးသွင်းဒဏ်ရာနှစ်ချက်တို့ဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရပြီး မဘူးချွန်၏ အလောင်းနှင့်အတူ စောင်နှင့်ပတ်၍ ပွေ့ချီထားသော မအားရေ (သုံးလ)အား လည်ပင်းတွင် ပြတ်ရှဒဏ်ရာ သုံးချက်ဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

အဆိုပါ အမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကျိုင်းတုံမြို့ မြို့မရဲစခန်းမှစခန်းမှူး ဒုရဲမှူးရဲကြည်က ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးစုံစမ်းဖော်ထုတ် အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

ရွှေ့ပြောင်းသွားလာ ဘေးကင်းကြ သိမှတ်စရာ ကြိုတင်လေ့လာပါ

တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးဒေသဆိုင်ရာလုပ်ငန်းကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး မြို့နယ်(၁၀)မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယအကြိမ် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သံကူကွန်ကရစ်တံတား ၂၁ စင်း၊ မူလတန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု၊ သောက်သုံးရေရရှိရေး ၁၀ ရွာ၊ စိုက်ပျိုးရေသွယ်ယူခြင်း တစ်ခု၊ ရုပ်မြင်သံကြားထပ်လွှင့်စက်ရုံ သုံးရုံ၊ ရေအားလျှပ်စစ်စက်ရုံတစ်ရုံတို့အား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်	-	၁၃-၁၂-၂၀၁၃(သောကြာနေ့)မှစတင်၍ ရုံးချိန်အတွင်း။
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်	-	၂၇-၁၂-၂၀၁၃(သောကြာနေ့) ၁၆:၀၀နာရီ
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ	-	တနင်္သာရီတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ လမ်းသစ်လမ်း၊ ဆန်းချိုရပ်ကွက်၊ ထားဝယ်မြို့။ ဖုန်း-၀၅၉-၂၂၁၃၆၊ ၀၅၉-၂၃၉၃၄၀၉-၈၇၆၂၉၆
အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်	-	၃၀-၁၂-၂၀၁၃ (တနင်္လာနေ့) ၁၀:၀၀ နာရီ
အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ	-	မြို့တော်ခန်းမ၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်သူ့အင်အားဦးစီးဌာနအတွက်

ရုံးသုံးစက္ကူ၊ စာရေးကိရိယာ၊ မိတ္တူကူးစက်အရန်ပစ္စည်း၊ ကွန်ပျူတာအရန်ပစ္စည်းနှင့် စက်ဆီချောဆီ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများ ဝယ်ယူလိုပါသည်-

(က) ရုံးသုံးစက္ကူ၊ စာရေးကိရိယာ ၇၇ မျိုး
(ခ) မိတ္တူကူးစက် အရန်နှင့် ကွန်ပျူတာအရန်ပစ္စည်း ၂၃ မျိုး
(ဂ) စက်ဆီ၊ ချောဆီ ၃ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၁၂-၂၀၁၃ရက်မှ ၂၄-၁၂-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၂၇-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများကို လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်သွင်းလိုသည့် အမျိုးအစားတစ်ခုချင်းအလိုက် သတ်မှတ်အာမခံကြေးကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် PO စနစ်ဖြင့် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမူရင်းကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာမှာ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ် ၄၈၊ နေပြည်တော်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အိတ်ဖွင့်တင်ဒါခေါ်ယူရေး၊ ဈေးနှုန်းစိစစ်ရေးနှင့် ပစ္စည်းဝယ်ယူရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၄၃၁၀၆၆နှင့် ၀၆၇-၄၃၁၀၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။



နယ်စပ်နှင့် တောင်တန်းဒေသများသို့ သာသနာပြုကြွရောက်မည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ စာအောင်သံဃာတော်များ၏ သြဝါဒခံယူပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

နယ်စပ်နှင့်တောင်တန်းဒေသများသို့ သာသနာပြုကြွရောက်မည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာအောင်သံဃာတော်များ၏ သြဝါဒခံယူပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်တက်ရောက်၍ သာသနာရေးဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရနှင့်နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသတို့အမှူးပြုသော နယ်စပ်နှင့် တောင်တန်းဒေသများသို့ သာသနာပြုကြွရောက်မည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာအောင် သံဃာတော် ၅၂ ပါးနှင့် စာသင်သား သံဃာတော် ၃၅၁ ပါး တို့ကြွရောက်တော်မူကြပြီး သာသနာတော်ထွန်းကားပြန့်ပွား ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့်သာသနာ ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက သြဝါဒကထာမြွက်ကြားရာတွင် ခေါင်းရှောင်ခြင်း၊ ကောင်းရှောင်ခြင်း၊ ပေါင်းရှောင်ခြင်းမလုပ်ရန် လိုကြောင်း၊ လုပ်ပါက ဗဟိုအုပ်ချုပ်ရေးသို့တင်ပြရမည် ဖြစ်ကြောင်း၊ ဗဟိုဌာနဆရာတော်၏ လမ်းညွှန်မှုကို ခံယူ ရန်လိုအပ်ကြောင်း၊ သထပမှ စေလွှတ်သောသာသနာပြု ရဟန်းများ၏ အတွေ့အကြုံများကို ရယူရန်လိုအပ်ကြောင်း၊ တက္ကသိုလ်ကျောင်းဆင်းဖြစ်သည်ဟု မာန်၊ မာနမထားရန် လိုအပ်ကြောင်း၊ အချင်းချင်းမပြိုင်ဘဲ ပြိုင်လိုပါက အခြား ဘာသာများ၏ သာသနာပြုနေမှုများကိုသာ ကြည့်ရှုသုံးသပ် ၍ မှန်မှန်ကန်ကန်ပြိုင်ဆိုင်ရန်ဖြစ်ကြောင်း၊ မြတ်စွာဘုရား ရှင်၏ စည်းစိမ်အားလုံးကို စွန့်လွှတ်ခြင်း စာဂသတ္တိနှင့် ဆင်းရဲပင်ပန်းခံသော သူရသတ္တိတို့ကို အတုယူဆောင်ရွက် ကြရန် မြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများ ပြောကြားရာတွင် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်သို့ လျှောက်လှမ်းနေချိန်ဖြစ်၍ တိုင်း ရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးကို အခြေခံ၍ ပြည်သူအားလုံး၏နှလုံးအိမ်၌ လောကပါလတရားများ ထာဝရကိန်းအောင်းနေအောင် ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၌ ဘာသာ အားလုံးအား လွတ်လပ်စွာကိုးကွယ်ခွင့်ပြုခဲ့ခြင်း၊ အရှိန် အဟုန်ပြင်းထန်သော (Globalization) ယဉ်ကျေးမှုရေး စီးကြောင်းထဲမျောပါခြင်းတို့ဖြစ်နေခြင်းကြောင့် ဘာသာ အသိ၊ သာသနာအသိဖြင့် သတိတရားလက်ကိုင်ထားပြီး စောင့်ရှောက်သွားရန်လိုကြောင်း၊ သာသနာရေးဝန်ကြီးဌာန သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ စည်းမျဉ်းနှင့် အညီနိုင်ငံတော်ပရိယတ္တိသာနာ့တက္ကသိုလ်မှ သာသနတက္က သီလမဟာဓမ္မာစရိယတန်း ကျမ်းစာတင်ပြီး သံဃာတော် များနှင့် သာသနတက္ကသီလဓမ္မာစရိယတန်း စတုတ္ထနှစ်စာ အောင်သံဃာတော်များအား နယ်စပ်နှင့် တောင်တန်း ဒေသအသီးသီးရှိ သာသနာပြုဌာနများသို့ နှစ်စဉ် တာဝန်ပေးစေလွှတ်လျက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ သာသန တက္ကသီလမဟာဓမ္မာစရိယတန်း ကျမ်းစာတင်သွင်းပြီး သံဃာတော် ၂၂ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ တန်း စတုတ္ထနှစ် စာအောင်သံဃာတော် ၇၆ ပါး စုစုပေါင်း ၉၈ ပါးတို့ကို နယ်စပ်နှင့်တောင်တန်းဒေသသို့ သာသနာပြု နှစ်နှစ်တာဝန်စေလွှတ်မည်ဖြစ်ကြောင်း၊ သာသနာပြုစေ လွှတ်ရခြင်းသည် နယ်စပ်နှင့်တောင်တန်းဒေသတို့၌ ထေရ ဝါဒဗုဒ္ဓသာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားစေရန်၊ သာသနာပြုနိုင်စွမ်းသော ရဟန်းတော်များပေါ်ပေါက်စေ ရန်၊ ရဟန်းတော်များအား ဆင်းရဲချမ်းသာမရွေး ကျေးလက် တောရွာပါမကျန် နေထိုင်သီတင်းသုံးလျက် သာသနာပြုနိုင် သည့် စိတ်ဓာတ်မျိုးအလေ့အကျင့်မျိုးရရှိအောင် ဆောင်ရွက် ပေးရန်နှင့် လူအများကြုံတွေ့ခံစားနေရသော ကိုယ်ဆင်းရဲ ခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ကို ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာ တော်ဖြင့် သက်သာပျောက်ကင်းစေရန် စသည့်ရည်ရွယ်ချက် များဖြင့် နယ်စပ်နှင့်တောင်တန်းဒေသသို့ စေလွှတ်ခြင်းဖြစ် ကြောင်း၊ သာသနာပြုကြွရောက်ကြမည့် သံဃာတော်များ သည် ဝိမံသခေါ်တဲ့ပညာနှင့် အဓိပတိတရားလေးပါးပြည့်စုံ ၍ ပရိယတ်နှင့်ပဋိပတ်အရည်အသွေးလည်း ပြည့်စုံပြီး **"ယောစ အာဂတံ ဘာရံ ဝဟတိ"** ဟူသော အင်္ဂုတ္တရနိကာယ ဒေသနာတော်အရ **"အကြင်ပုဂ္ဂိုလ်မြတ်သည် ရောက်လာ ကျလာသော တာဝန်ကို ဆောင်ရွက်ရ၏"** ဟူသော နှလုံး သွင်းစိတ်ထားဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက် ကြရန်လိုကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ၌ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပါဠိ၊ မြန်မာစာ၊ အင်္ဂလိပ်စာ နှင့် ဗုဒ္ဓဒေသနာပြန့်ပွားရေးဘာသာရပ်များကို သင်ကြားပို့ချ လျက်ရှိရာ ယခုနယ်စပ်နှင့်တောင်တန်းဒေသသို့ကြွရောက် မည့် သံဃာတော်များအနေဖြင့် တက္ကသိုလ်၌ သင်ကြား လေ့လာဆည်းပူးခဲ့သောပညာရပ်များကို လက်တွေ့အသုံးချ ရန်လိုကြောင်း "သင်ကြား၊ လေ့လာ၊ လိုက်နာ" ဟူသော ဆောင်ပုဒ်နှင့်အညီ ဗုဒ္ဓ၏အဆုံးအမတရားတော်များကို အရှင်ဘုရားတို့ကိုယ်တိုင်သင်ကြားလေ့လာဆည်းပူးလိုက် နာကျင့်ကြံပြီး ဖြစ်သကဲ့သို့ နယ်စပ်နှင့်တောင်တန်းဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအား ဗုဒ္ဓအဆုံးအမ တရားတော်များကို လိုက်နာကျင့်ကြံတတ်စေရန် ကရုဏာ ရှေ့ထားမေတ္တာပွား၍ ဆောင်ရွက်ပေးပါရန် တိုက်တွန်း လျှောက်ထားအပ်ပါကြောင်း၊ မြတ်ဗုဒ္ဓ၏ ဗဟုပကာရသုတ် လာ သူတစ်ပါးအား သရဏဂုံတည်အောင်ပြုသူ၊ သစ္စာ လေးပါးသိအောင်ပြုသူနှင့် ရဟန္တာဖြစ်အောင်ပြုသူ သုံးဦးတို့ သည် လောကတွင် ကျေးဇူးအကြီးမားဆုံးဖြစ်ကြောင်း၊ **ဝေးလံခေါင်းပါးသည့်ဒေသများတွင်နေထိုင်၍ အခြေအနေ အမျိုးမျိုးကြောင့် မြတ်ဗုဒ္ဓ၏အဆုံးအမများ နာကြားခွင့်မရ သော တိုင်းရင်းသားများအား ဗုဒ္ဓ၏အဆုံးအမများ နာကြား ခွင့်ရအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊** နယ်စပ်နှင့် တောင်တန်းဒေသသို့ ကြွရောက်ကြမည့်ရဟန်းတော်များ ကို ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယဆရာတော်များမှ နှစ်စဉ်သြဝါဒပေးခြင်းမှာ မိမိတာဝန်ကျရာ သာသနာပြုဌာန ရှိ ဒကာ၊ ဒကာမများနှင့် ဆက်ဆံရေးကောင်းမွန်ရေး၊ မာတုဂါမကိစ္စ၊ သုရာမေရယကိစ္စစသော ဝိနည်းတော်နှင့်မညီ သော အလုပ်အကိုင်၊ အပြောအဆို၊ အပြုအမူများ ရှောင်ရှား ရန်ကိစ္စများကို သြဝါဒပေးခြင်းမှာ အပြစ်ပြောလို၍ မဟုတ် ဘဲ သံဃာတော်တို့အား မဖြစ်သင့်သည့်ကိစ္စများ မဖြစ်စေ ရန်ဖြစ်ကြောင်း၊ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ပင်သူ၏ တပည့်သာဝကများဖြစ်သော ဘိက္ခု၊ ဘိက္ခုနီတို့အား သူတစ်ပါးကဲ့ရဲ့ ပြစ်တင်မည်စိုး၍ဝိနည်းသိက္ခာပုဒ်တော်များ ကို ပညတ်သကဲ့သို့ သံဃာတော်တို့အား သူတစ်ပါးကဲ့ရဲ့ ပြစ်တင်ခြင်းမခံရအောင် မှာကြားခြင်းဖြစ်ကြောင်း၊ မိဘများ က ရပ်ဝေးသွားမည့် သားသမီးများအား စိုးရိမ်ပူပန်သကဲ့သို့ မိမိ၏တပည့်များကို စိုးရိမ်၍ အထပ်ထပ်မှာကြားနေခြင်း ဖြစ်ကြောင်း၊ မိမိကြောင့် သာသနာတော်ကြီးအား သူတစ်ပါး အထင်သေးမည့်ကိစ္စမျိုး၊ ဝန်ကြီးဌာန ဂုဏ်သိက္ခာကျဆင်းစေ မည့်ကိစ္စမျိုးကို **"အပ္ပမာဒေနသမ္ပာဒေထ"** ဟူသော မြတ်စွာ ဘုရားနောက်ဆုံးမိန့်မှာခဲ့သော စကားအတိုင်း သတိတရား ကိုလက်ကိုင်ထား၍ ရှောင်ရှားကြရန်လိုကြောင်း၊ မိမိတာဝန် ကျရာ သာသနာပြုဌာနများသည် နယ်စပ်နှင့် တောင်တန်း ဒေသဖြစ်သည့်အားလျော်စွာ ဆွမ်းဘောဇဉ်များအနည်းငယ် ရှားပါးနိုင်ခြင်း၊ နေရာထိုင်ခင်းများ အနည်းငယ်အဆင်မပြေ ဖြစ်ခြင်း၊ ရာသီဥတုကြမ်းတမ်းခြင်းများရှိနိုင်ကြောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဌာနမှ ဆွမ်းအခက် အခဲမရှိစေရန် သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ နေရာထိုင်ခင်းများအဆင်ပြေ စေရန် သာသနာပြုကျောင်းဟောင်းများအား ပြုပြင်ပေးခြင်း၊ ကျောင်းဆောင်သစ်များဆောက်လုပ်ပေးခြင်း၊ ရာသီဥတု ဒဏ်ခံနိုင်စေရန် ရဟန်းအသုံးအဆောင်ပစ္စည်း ကိုးမျိုး လှူဒါန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ် နိုင်ငံလုံးအတိုင်းအတာအရ သာသနာပြုဌာန ၅၅၅ ဌာနရှိ သဖြင့် အားလုံးပြီးပြည့်စုံအောင် မဆောင်ရွက်နိုင်သော် လည်း နှစ်စဉ်နှစ်စဉ် ထိုက်သင့်သလို လှူဒါန်းထောက်ပံ့လျက် ရှိကြောင်း၊ အချို့သောသာသနာပြုဌာနများ၌ သာသနာပြု ရဟန်းအချင်းချင်း၊ သာသနာပြုရဟန်းနှင့် သာသနာရေးမှူး များ၊ သာသနာပြုရဟန်းနှင့်ဒေသခံများ၊ သာသနာပြု လူပုဂ္ဂိုလ်များအချင်းချင်း ပြဿနာဖြစ်ပွားနေသည်ကို ကြား သိနေရသဖြင့် ယခုကဲ့သို့ အချင်းချင်းပြဿနာဖြစ်ပွားနေလျှင် သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများကို ဆောင် ရွက်နိုင်ခြင်းရှိမည် မဟုတ်ကြောင်း၊ မိမိ၏မူလတာဝန်ဖြစ် သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင်ဆောင် ရွက်ခြင်း၊ ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများ၌ စာသင်ကြားပေးခြင်း၊ သာသနာ ပြုပရိယတ္တိစာသင်တိုက်များ၌ ဗုဒ္ဓစာပေသင်ကြားပေးခြင်း၊ တရားဓမ္မများ ဟောပြောခြင်း၊ ဗုဒ္ဓအလိုတော်ကျဝိပဿနာ ကျင့်စဉ်များ သင်ကြားခြင်းစသည့် ဂန္ထဓူရ ဝိပဿနာဓူရ ဟူသော ရဟန်းတို့၏ ဓူရနှစ်ဖြာကို မိမိ၏ကျရာဒေသရှိ သာသနာပြုဌာနများ၌ သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ တရား လေးပါးကို သတိတရားဖြင့် ထိန်းကွပ်ဆောင်ရွက်ပေးကြရန် လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအမှူးပြုသော တာဝန် ရှိသူများနှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်တို့ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယ အဖွဲ့အကျိုးတော်ဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကန္တော်ဘာသထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
လေအေးပေးစက်များပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်တွင် အောက်ဖော်ပြပါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်)ရှိ လေအေးပေးစက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Studio Complex ရှိ လေအေးပေးစက်များ
(ခ) Radio Transmitter Complex ရှိ လေအေးပေးစက်များ
(ဂ) Padauk Myay Transmitter Complex ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၂၃ ရက်မှ ၂၁-၁၂-၂၀၂၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၂၃ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့်အသေးစိတ် အချက် အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အနော်ရထာလမ်း အတွင်းရှိ အမှတ်(၁၀၁၂)ဟုခေါ်တွင်သည့် မြေတိုင်းမြေကွက်အမှတ်(၉)၊ ဧရိယာပေ (၄၀×၆၀)ရှိ နှစ်၆၀ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင် ဒေါ်မြတ်ဥမ္မာဝင်း ၁၂/ကမရ(နိုင်)၀၀၀၃၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် မြေဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်တို့ထံသို့ ကြော်ငြာစာပါရှိသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအေးကြိုင် B.Sc, H.G.P, R.L, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၃၄)
အမှတ် ၁၀၃၀၊ သုဇာတာ ၆လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၂၅၁၀၆

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
စက်ပစ္စည်းများဝယ်ယူရန်အတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လုပ်ငန်းလိုအပ်ချက် အရ အောက်ဖော်ပြပါစက်ပစ္စည်းများအား ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) **ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ**

1.	70 Meter Guyet Tower	1	Set
2.	30 KVA Generator (FG Wilson)	1	Set
3.	Tape and Disc		
(a)	CD RW Rewriteable CD with Box	100	Nos
(b)	CD R Recordable CD with Box	4100	Nos
(c)	Cassette Tape (C-60)	1500	Nos
4.	TV Spare Part		
(a)	UTV 020 TR (PA Driver for AGBE)	5	Nos

(ခ) **ရုံးသုံးစက်ကိရိယာပစ္စည်းများ**

1.	Head Set (Ear Phone)	20	Set
2.	Floor Standing Type Aircon(5 Ton, 400 V, 3Ø, 50 Hz)	8	Set
3.	Floor Standing Type Aircon(3.5 Ton, 400 V, 3Ø, 50Hz)	2	Set
4.	Dehumidifier (20Lit/day)	20	Set
5.	Compressor(Carrier, 06ET-299-360)(Semi Hermastic Type)	2	Nos
6.	Compressor(Carrier, 06ET-265-360)(Semi Hermastic Type)	2	Nos
7.	250 KVA Stand by Generator(Open type) (FG Wilson)	1	Unit
8.	100 KVA Generator (Sound proof type) (FG Wilson)	1	Unit

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၂၃ ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၂၃ ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီ အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့ မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် ပြုလုပ် မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော် (တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၀၇၉

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အာသောကလမ်း၊ အမှတ်(ည/၈)နေ ဦးသိန်းဦး ၁၃/တကန(နိုင်)၀၆၈၀၅၆ သည် အောက်ဖော်ပြပါ GLOBAL ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၂၂၈၄ဖြင့် ၆-၁၂-၂၀၁၁ရက်တွင် တရားဝင်မှတ်ပုံတင်ထား ပြီးဖြစ်သည့် အောက်ပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ရှင်ဖြစ်ပါသည်။

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်နှင့် ကုန်သွယ်မှုအမှတ်အသား TRADE MARK & LOGO ကို လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့အား ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုးတို့ဖြင့် လျှပ်စစ်ပစ္စည်းသုံးစွဲသူများ၏ လိုအပ်ချက်များအရ အပြည်ပြည်ဆိုင်ရာ အတန်းအစားအဆင့် (၁၁)အတွက် အထက်ပါ GLOBAL ကုန်အမှတ်တံဆိပ်ဖြင့်အသုံးပြု၍ တစ်ဦးတည်းမူပိုင် အဖြစ် အထက်ဖော်ပြပါကြေညာသူ၏ ရန်ကုန်မြို့လိပ်စာဖြင့်သာ ပင်ရင်းထုတ်လုပ်ပြီး ရန်ကုန်မြို့၊ မန္တလေးမြို့များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချ လျက်ရှိရာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

ယခုအခါတွင် အထက်ဖော်ပြပါ GLOBAL ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား များကို မူလပိုင်ရှင် ဦးသိန်းဦးမှ တစ်ဦးတည်းမူပိုင်အဖြစ် ပင်ရင်းထုတ်လုပ်ဖြန့်ချိရောင်းချ လျက်ရှိရာ GLOBAL အမှတ်တံဆိပ်၏ ကောင်းသတင်းအပေါ် အခွင့်ကောင်းယူ၍ ဦးသိန်းဦးမှ ထုတ်လုပ်သောပစ္စည်းများအဖြစ် ထင်ယောင်ထင်မှားပြုလုပ်၍ ဈေးကွက်အတွင်း အမည်တူ Global အမှတ်တံဆိပ်အမည်ဖြင့် ပြည်ပမှတင်သွင်း ဖြန့်ချိရောင်းချလျက်ရှိကြောင်း တွေ့မြင်ကြားသိနေရပါသဖြင့် ဦးသိန်းဦး၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ သုံးစွဲခြင်း၊ အတုအပ ပြုလုပ်ခြင်း၊ လက်ဝယ်ထားရှိရောင်းချခြင်း၊ ဦးသိန်းဦးမှ ထုတ်လုပ်ဖြန့်ဖြူးသည့်ပစ္စည်းများ အဖြစ် ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ယင်းအမှတ်အသားကို တစ်နည်းနည်း ဖြင့် အသုံးပြုခြင်း၊ အယောင်ဆောင်ခြင်းများကို ကျူးလွန်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများ နှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထူးထူးလွင် B.Sc, H.G.P, D.B.L, D.M.L (စဉ်-၁၉၁၄၆)
ဥပဒေအကျိုးဆောင်နှင့် ကုမ္ပဏီဥပဒေအကြံပေး
ရုံးအမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၀၉၈၉၃

နိုင်ငံတကာအားကစားသတင်း

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်နှင့် ဂိုးရလဒ် (သီဟ)

အီတလီစီးရီးအေပွဲစဉ်-၁၆ ဒီဇင်ဘာ ၁၇

အေစီမီလန်	-	ရိုးမား	နံနက် ၂း၁၅

စပိန်လာလီဂါပွဲစဉ်-၁၆ ဒီဇင်ဘာ ၁၇

ဗယ်လာဒိုလစ်	-	ဆဲလ်တာဗီဂို	နံနက် ၃း၃၀

ဒီဇင်ဘာ ၁၄/၁၅ ဘောလုံးပွဲရလဒ်များ

ကာဒစ်ဖ်	၁-၀	ဝက်စ်ဘရွန်း
ချယ်လ်ဆီး	၂-၁	ပဲလေ့စ်
အဲဗာတန်	၄-၁	ဖူလ်ဟမ်
နယူးကာဆယ်	၁-၁	ဆောက်သမ်တန်
ဝက်စ်ဟမ်း	၀-၀	ဆန်းဒါးလန်း
ဟားလ်စီးတီး	၀-၀	စတုတ်
ဘိုင်ယန်မြူးနစ်	၃-၁	ဟမ်းဘတ်
ဟန်နိုဗာ	၃-၃	နုရင်ဘတ်
ဟော့ဖန်ဟိမ်း	၂-၂	ဒေါ့မွန်
မိန့်ဇ်	၀-၀	ဂလက်ဘတ်
အော့စ်ဘတ်	၄-၁	ဘရန်းရှ်ဝစ်
ဝုလ်ဖ်ဘတ်	၃-၁	စတုဂတ်
ဗယ်လက်ကာနို	၀-၂	ဂရန်နာဒါ
ကာတာနီးယား	၀-၀	ဗီရိုနာ
ရန်းနက်စ်	၁-၃	ပီအက်စ်ဂျီ
အဂျာစီယို	၁-၂	လော်ရီယန့်
အီဗီယန်	၁-၁	ရိမ်းစ်
ဂူအင်ဂမ့်	၀-၂	မိုနာကို
နန့်တက်စ်	၁-၂	တူးလော့စ်
နိုက်	၁-၀	ဆိုးချော့စ်
လက်စတာ	၁-၁	ဘန်လေ

ဘာစီလိုနာတို့နိုင်ပွဲရပြီး ရီးရဲမက်ဒရစ်တို့သရေပွဲကျ

စပိန်လာလီဂါပွဲစဉ်(၁၆) လက်ကျန်ပွဲစဉ်တွေကို ဒီဇင်ဘာ ၁၅ ရက် နံနက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာဟာ အိမ်ကွင်းမှာ နေမာရဲ့သွင်းဂိုးတွေနဲ့ အနိုင်သုံးမှတ်ကိုရယူခဲ့ပြီး တန်းစီဇယားကိုဦးဆောင်နေဆဲပဲဖြစ်ပါတယ်။ နာမည်ကြီး ရီးရဲမက်ဒရစ်တို့ကတော့ အဝေးကွင်းမှာ သရေတစ်မှတ်ရဖို့ ရုန်းကန်ခဲ့ရပါတယ်။

ဘာစီလိုနာနှင့် ဗီလာရီးရဲ

ဘာစီလိုနာတို့အိမ်ကွင်းမှာ ခြေကုန်ထုတ်ခဲ့ရပြီး အနိုင်ရရေးကြိုးစားခဲ့ရပါတယ်။ ဘာစီလိုနာဟာ ဗီလာရီးရဲရဲ့ တုံ့ပြန်ကစားမှုနဲ့ ကြုံတွေ့ခဲ့ရပြီး ပွဲအစပိုင်းမှာ ဂိုးရရှိရေးခက်ခဲခဲ့ပါတယ်။ ပွဲချိန် မိနစ် ၃၀ မှာတော့ တိုက်စစ်မှူး နေမာက ပယ်နယ်တီပြစ်ဒဏ်ဘောက တစ်ဆင့်ဂိုးစတင်သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၄၈ မိနစ်မှာတော့ ဗီလာရီးရဲရဲ့ မူဆာချိုက ချေပဂိုးပြန်သွင်းယူခဲ့လို့ တစ်ဂိုးစီဖြစ်နေပေမယ့် ပွဲချိန် ၆၈ မိနစ်မှာ နေမာကပဲ ဒုတိယဂိုးသွင်းယူ ပေးခဲ့တာမို့ ပွဲအပြီးမှာ ဘာစီလိုနာ တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲမှာ ရှုံးခဲ့တဲ့ ဗီလာရီးရဲကတော့ တန်းစီဇယား ပဉ္စမနေရာမှာ ရှိနေပါတယ်။

မာလာဂါနှင့် ဂီတာဖေး

ဂီတာဖေးတို့ အဝေးကွင်းမှာ ရှုံးပွဲကြုံခဲ့ရပါတယ်။ ဒီပွဲမှာ ဂီတာဖေးတို့ အဓိကကစားသမားတွေ ပွဲထုတ်ခဲ့ပေမယ့် မာလာဂါတို့က အိမ်ကွင်းမှာ ခံစစ်ကို စနစ်တကျပြင်ဆင်ပြီး ကစားခဲ့တာမို့ ဂီတာဖေး တိုက်စစ်မှူးတွေ ခက်ခဲခဲ့ပါတယ်။ ပွဲချိန် ၇၅ မိနစ်မှာ မာလာဂါရဲ့ ဆန်တာခရုဇ်က ဂိုးသွင်းယူခဲ့တာမို့ အဲဒီဂိုးနဲ့ပဲ မာလာဂါတို့ နိုင်ပွဲရယူခဲ့တာဖြစ်ပါတယ်။

အိုဆာဆူနာနှင့် ရီးရဲမက်ဒရစ်

နာမည်ကြီး ရီးရဲမက်ဒရစ်တို့လည်း သရေပွဲဖြစ်အောင် ကြိုးစားရုန်းကန်ခဲ့ရပါတယ်။ အိုဆာဆူနာဟာ အိမ်ကွင်းမှာ အဝင်အထွက်ရဲရဲနဲ့ ကစားခဲ့တာမို့ ပွဲချိန် ၁၆ မိနစ်နဲ့ ၃၈ မိနစ်မှာ ရီအီနာတစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့တာမို့ အိုဆာဆူနာတို့ နှစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်တို့အတွက် ချေပဂိုးကို ၄၅ မိနစ်မှာ အစ္စကိုက တစ်ဂိုးနဲ့ မိနစ် ၈၀ မှာ ပီပီက တစ်ဂိုးသွင်းယူခဲ့တာမို့ သရေပွဲအဖြစ် ကံကောင်းစေခဲ့ခြင်းဖြစ်ပါတယ်။

ဒီပွဲမှာ ရီးရဲမက်ဒရစ်မှ ရာမို့စ် ၄၄ မိနစ်မှာ နှစ်ဝါတစ်နီနဲ့ ထွက်ခဲ့ရသလို အိုဆာဆူနာရဲ့ ဆီးလ်ဗားလည်း ၇၉ မိနစ်မှာ နှစ်ဝါတစ်နီနဲ့ ထွက်ခဲ့ရပါတယ်။

● **မိုးမြင့်လင်းလက်**

မန်စီးတီးက အာဆင်နယ်ကိုဂိုးပြတ်နိုင်

မန်စီးတီးနှင့် အာဆင်နယ်တို့ ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ဒီဇင်ဘာ ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးက ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ မန်စီးတီးက ယင်းပွဲအနိုင်ရလိုက်သဖြင့် အမှတ်ပေးဇယားတွင် ရမှတ်သုံးမှတ်အသာရထားသော အာဆင်နယ်နှင့် ရမှတ်များ ပိုမိုကျဉ်းမြောင်းသွားခဲ့သည်။ အဂူရို၏ အစောပိုင်းသွင်းဂိုးကို ဝေါကော့သ်က ချေပဂိုးသွင်းယူသည်။ သို့သော်လည်း နီဂရီဒိုက မန်စီးတီးအတွက် ပြန်လည်ဦးဆောင်ဂိုးသွင်းယူပေးသည်။ အာဆင်နယ်အတွက် ဝေါကော့သ်ထပ်မံ ဂိုးမသွင်းမီ ဖာနန်ဒင်ဟိုက မန်စီးတီးအတွက် သွင်းယူခဲ့သည်။ မာတီဆက်ကာက ခေါင်းတိုက်ဂိုးဖြင့် အာဆင်နယ်အတွက်မသွင်းမီ ဒေးဗစ်ဆီးလ်ဗာနှင့် ဖာနန်ဒင်ဟိုတို့က ထပ်မံဂိုးများသွင်းယူခဲ့သည်။ မန်စီးတီးအတွက် ခြောက်ဂိုးမြောက်ကို ယာယာတိုရေးက ပယ်နယ်တီဖြင့် သွင်းယူခဲ့သည်။

မင်ဒဲလား ဂေါက်သီးပြိုင်ပွဲ တောင်အာဖရိကသား ဗလားဆွတ်ခူး

တောင်အာဖရိက ဂေါက်သီးကစားသမား ဒါဝီးဗန်ဒါဝပ်ဆိုသူသည် နယ်လ်ဆင်မင်ဒဲလား ချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်မှ မာလ်သရူးနှင့် စပိန်မှ ဂျော့ကမ်ပီလိုတို့ကို ကျော်ဖြတ်ပြီး နှစ်ချက်အသာဖြင့် ၎င်းအတွက် ဒုတိယမြောက်ဥရောပ ဖလားဆွတ်ခူးသွားသည်။

၎င်းသည် နောက်ဆုံးနေ့တွင် ၆၆ ချက်သာရိုက်သည်။ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ပြီး ဖလားဆွတ်ခူးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

စားသုံးသူမိတ်ဆွေ ပြည်သူများ နှင့် ကုန်သည်ကြီးများအား
ဝမ်းမြောက်စွာ အသိပေးခြင်း

Rocker Energy Drink သည် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်အမှတ် (၈၄/၀၀၀၁၃/ထလ-၁၉) ရရှိပြီးဖြစ်ပါကြောင်းနှင့် မူလ အနံ့၊ အရသာ၊ အရည်အသွေး အတိုင်း ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ပြီဖြစ်ပါကြောင်း Rocker Energy Drink အားနှစ်ခြိုက်စွာ စဉ်ဆက်မပြတ် ဝယ်ယူအားပေးကြသော စားသုံးသူမိတ်ဆွေပြည်သူများနှင့် ကုန်သည်ကြီးများကို ဝမ်းမြောက်စွာ အသိပေးအပ်ပါသည်။

FDA APPROVAL
၈၄/၀၀၀၁၃/ထလ-၁၉
ISO
9001:2008 Cert. No. 683278
HACCP
Cert. No. N683834

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ် (၂/၅၀၉) ပန်းဆေးချောင်းတံတား၏ ချဉ်းကပ်နှစ်ဖက်မှာ သစ်သားကြမ်းခင်းများဖြစ်နေပါသဖြင့် R.C ကွန်ကရစ်ကြမ်းခင်းဆောင်ရွက်ပေးရေး မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ (၂/၅၀၉) ပန်းဆေးချောင်းတံတား၏ ကမ်းကပ်ခုံသည် ခံနိုင်ရည်ရှိပါသဖြင့် ၂၀၁၃-၂၀၁၄ ဒီဇင်ဘာလကုန်တွင် ဘီးလမ်းကြမ်းခင်းများ လဲပေးခြင်း၊ ကတ္တရာကြမ်းခင်းအပြည့်ခင်းပေးပြီး တံတားအဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေးကာ တန် ၃၀ ထိ ခံနိုင်ရည်ရှိသည့် တံတားအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

၂။ **မိတ္ထီလာမြို့ ကန်ကူးတံတားကို တိုးချဲ့တည်ဆောက်ရန် (သို့မဟုတ်) အသစ်တည်ဆောက်ပေးရန် ကိစ္စနှင့်ပတ်သက်၍** မိတ္ထီလာမြို့ ကန်ကူးတံတားသည် မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်တွင်တည်ရှိပြီး မိတ္ထီလာကန်ကို ဖြတ်သန်းလျက် ဆောက်လုပ်ထားပါသည်။ တံတားအရှည် ပေ ၂၀၀ ရှိပြီး ချဉ်းကပ်လမ်းတာပေါင် အရှည်ပေ ၆၃၀ ရှိပါသည်။ ဒေသ လိုအပ် ချက်အရ တံတားအသစ်တစ်စင်း ထပ်မံဆောင်ရွက်ပေးနိုင်ရန် လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၂၀၀ လျာထားပြီး ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၃။ **ရွာမွန်သာကျေးရွာ၏ ရွာလယ်ကန်သို့ မိတ္ထီလာ-တောင်ကြီးလမ်းအားဖြတ်၍ ဝင်သော မူလရေဝင်တံတား မရှိတော့၍ ပြန်လည်တည်ဆောက်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍** ရွာမွန်သာကျေးရွာ၏ ရွာလယ်ကန်သို့ ဖြတ်၍ ဝင်သော မူလရေဝင်တံတားသည် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်တွင် တည်ရှိပါသည်။ အဆိုပါတံတားအား (၄'-၀") Box Culvert တစ်စင်းအဖြစ် စတင်တည်ဆောက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ

၄။ **သဲတောဘူတာအဝင် ကားလမ်းရှိ စည်းကမ်းမဲ့ဆိုင်များသည် လမ်းသွားလာမှုများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ရှင်းလင်းပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** သဲတောဘူတာအဝင်လမ်းတွင် သွားလာရေးလွယ်ကူစေရေး၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးကို တစ်ပတ်အတွင်းရှင်းလင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းအကြံပြုချက်အပေါ် ဆောင်ရွက်မှုအခြေအနေများ

၅။ **ပျော်ဘွယ်မြို့ပေါ်ရှိ တယ်လီဖုန်း (ကြိုးဖုန်း)များသုံးစွဲသူများအနေဖြင့် လမ်းဘေးရှိ ဖုန်းတိုင်များတွင် ဖုန်းကြိုးများမှာ ၄က်သိုက်သဖွယ် ရှုပ်ထွေးနေခြင်း၊ ကြိုးဖုန်းလိုင်းများ ပူးနေခြင်းတို့ကြောင့် ဖုန်းခေါ်ဆိုခများမှာ မိမိမပြောရဘဲ ကုန်ကျနေခြင်း၊ ဖုန်းခေါ်ဆိုခ (Bill) အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် သွားရောက်တောင်းခံရာတွင်လည်း မိတ္ထီလာမြို့သို့ စေလွှတ်ခြင်း၊ မိတ္ထီလာမြို့မှလည်း မန္တလေးသို့စေလွှတ်ခြင်း၊ မန္တလေးမြို့တွင်လည်း အလွယ်တကူကြည့်ရှု၍ မရခြင်းတို့အပေါ်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်အပေါ်** ပျော်ဘွယ်မြို့တွင်း ကေဘယ်များအား စနစ်တကျသပ်ရပ်စွာ သွယ်တန်းထားရှိနိုင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးသွားပါမည်။ ချွတ်ယွင်းလျက်ရှိသော နေရာများသို့ ကွင်းဆင်းစစ်ဆေး၍ အဆင့်လိုက်၊ အစားထိုးလဲလှယ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၆။ ဖုန်းဘီလ်ကို သက်ဆိုင်ရာစာတိုက်စခန်းတွင် ဖုန်းဖြင့် မေးမြန်းနိုင်ပါကြောင်းနှင့် ပေးသွင်းထားသည့် ကြိုတင်ငွေကုန်သွားပါက ဖုန်းဆက်၍ အကြောင်းကြားပေးရန်လည်း ညွှန်ကြားထားပြီးဖြစ်ပါသည်။ ပျော်ဘွယ်မြို့ စာတိုက်စခန်းဖုန်းနံပါတ် (၀၆၄-၄၉၅၀၆)သို့ စုံစမ်းနိုင်ပါကြောင်းနှင့် အခက်အခဲရှိပါက မိတ္ထီလာမြို့၊ TRA ဌာန၊ ဖုန်းနံပါတ် (၀၂-၂၃၂၆၁) သို့ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။ ဖုန်းဘီလ်မှာ နှစ်လခန့် နောက်ကျပြီးမှ ပေးသွင်းရခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင် သက်ဆိုင်ရာလ၏ ဘီလ်ကျသင့်ငွေအား နှစ်ပတ်အတွင်း သိရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **မိုးနဲ-လင်းခေးလမ်းပိုင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပြန်လည်အကောင်အထည်ဖော်ရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်** နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ လျာထားဆောင်ရွက်နေပါသည်။ ယခုလမ်းပိုင်းသည် မိုးနဲ-ကျိုင်းတုံလမ်း ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၌ ပါဝင်သဖြင့် နှစ်ရှည်စီမံကိန်းအတွက် ဘဏ္ဍာငွေရသည့်အခါတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ကလောမြို့နယ်အတွင်းရှိ ရထားလမ်းများအား အဆင့်မြှင့်ပြုပြင်ပေးပါရန် ကွန်ကရစ်ဇလီဖားတုံးများလဲပေးရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်** သာစည်-ကလော-ရွှေညောင်ရထားလမ်းကို ရွှေညောင်၌ရှိသော ကွန်ကရစ်ဇလီဖားစက်ရုံမှ ထုတ်လုပ်သော ကွန်ကရစ်ဇလီဖားများဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ပြုပြင်နေပြီ ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်ခန့်တွင်ပြီးစီးရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **လွိုင်လင်မြို့နယ်နှင့် ပင်လုံမြို့နယ်ခွဲတွင် လိုင်း ၇၀၀ အော်တိုအိတ်ချိန်းတစ်ခုရှိပါသည်။ သို့ဖြစ်ပါ၍ လက်ရှိကာလတွင် လူဦးရေ၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါသဖြင့် အော်တိုအိတ်ချိန်းသစ်တစ်ခု တိုးချဲ့တည်ဆောက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ CDMA-450 ဖုန်းလိုင်း မမိ၍ ကောင်းမွန်အောင် ဆောင်ရွက်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** လွိုင်လင်မြို့နှင့် ပင်လုံမြို့နယ်ခွဲအတွက် အော်တိုအိတ်ချိန်းတစ်ခု တည်ဆောက်ထားရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပင်လုံမြို့တွင် လိုင်း ၅၀၀ အိတ်ချိန်းနှင့် လွိုင်လင်မြို့တွင် လိုင်း ၅၀၀ အိတ်ချိန်းတစ်ခုစီ တည်ဆောက်တပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ လွိုင်လင်မြို့ လက်ရှိ မိုဘိုင်းစခန်းတွင် လိုင်း ၅၀၀ အော်တိုအိတ်ချိန်းတစ်ခုအား တည်ဆောက်တပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **လွိုင်လင်မြို့နှင့် ပင်လုံမြို့နယ်ခွဲများတွင် အင်တာနက်စနစ်များ ခေတ်နှင့်အညီ ကောင်းမွန်စွာ ချိတ်ဆက်အသုံးပြုနိုင်ပါရန် ADSL စနစ် တပ်ဆင်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း e-Government လုပ်ငန်းနှင့် ဆက်စပ်လျက် လွိုင်လင်မြို့တွင် 24 Port ADSL DSLAM တစ်လုံး အသစ်တပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ယခင်အသုံးပြုခဲ့သည့် လက်လှည့်တယ်လီဖုန်းစနစ်မှာ ဆက်သွယ်ရန်ခက်ခဲသဖြင့် ၂၀၀၉ ခုနှစ်မှစတင်၍ အသုံးမပြုတော့သဖြင့် မူလဖုန်းတိုင်နှင့် ဖုန်းကြိုးဟောင်းများ ပြန်လည်ဖြုတ်သိမ်းပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** လက်လှည့်အိတ်ချိန်းကိစ္စနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိပါက ပိတ်သိမ်းနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **နမ့်စန်မြို့နယ် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း မိုင် (၂/၀)ရှိ သစ်ကွင်းရှေ့ ၁ ဖာလုံနှင့် မိုင် (၁၁/၀)နှင့် (၁၃/၀)ကြား (ဟိုက်ဖက်ရွာတွင်း) (၃)ဖာလုံခန့် စုစုပေါင်း(၄)ဖာလုံခန့်မှာ ကတ္တရာလမ်း မျက်နှာပြင် ပျက်စီး နေသဖြင့် ယာဉ်သွားလာမှုပိုမိုချောမွေ့စေရန် ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** နမ့်စန်-မိုးနဲ-ကျိုင်းတုံ- မိုင်းဆတ်လမ်း၏ အဆိုပါလမ်းမျက်နှာပြင် ပျက်စီးနေသောအပိုင်း ၄ ဖာလုံအား ပြုပြင်နိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၂။ **ရှာင်မြို့နယ်အတွင်းရှိ အောင်ပန်း-ရှာင်-ဟန်မြင့်မိုရ်-မြို့ကြီးလမ်းပေါ် တွင် အောင်ပန်း-ရှာင်ကြား မိုင်တိုင်အမှတ်(၁/၅၅) ရှိ(၁၂ပေ×၃၀ပေ) ညောင်တုန်းတံတား မိုင်တိုင်အမှတ် (၂/၆၁) ရှိ (၁၂ပေ×၇၀ပေ) လေးရွာတံတား မိုင်တိုင်အမှတ် (၁/၆၄)ရှိ (၁၂ ပေ× ၃၀ပေ) ညောင်ပင်ဂွတံတား၊ မိုင်တိုင်အမှတ် (၃/၆၈)ရှိ (၁၂ ပေ× ၃၀ပေ)မင်းတိုင်ပင်တံတားတို့ကို ကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်ခြင်းကို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်းပေါ်ရှိ သစ်သားတံတားအမှတ်(၁/၅၅)(၁၂ ပေ× ၇၀ ပေ)၊ တံတားအမှတ်(၂/၆၁)(၁၂ ပေ× ၇၀ ပေ)ဘေလီတံတား၊ သစ်သားတံတားအမှတ်(၁/ ၆၄)(၁၂ ပေ× ၃၀ ပေ)၊ သစ်သားတံတားအမှတ်(၃/၆၈)(၁၂ ပေ× ၃၀ ပေ) စုစုပေါင်း သစ်သားတံတားလေးစင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ရန်အတွက် JICA အစီအစဉ်တွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ မိုင်းပွန်နှင့် လွိုင်လင်အကြား လမ်းအပိုင်းများတွင်း မြေသားပဲ့ကျမှုများ မဖြစ်အောင် လိုအပ်သည့်နေရာများတွင် မြေကာနံရံများ ပြုလုပ်ပေးပါရန်နှင့် အန္တရာယ်ရှိသည့်ကွေ့များတွင် အကာအကွယ်တိုင် Guard Post များ စိုက်ထူထားပေးနိုင်ရန် မေးမြန်းချက်နှင့် ပတ်သက်၍** အဆိုပါ မိုင်းပွန်နှင့် လွိုင်လင်မြို့ကြားလမ်းအပိုင်း၏ တောင်အတက်အဆင်းနှင့် လမ်းအကွေ့များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် လမ်းညွှန်သတိပေးဆိုင်းဘုတ်များ၊ လမ်းအကာအကွယ်တိုင်များနှင့် မြေကာနံရံများ၊ မြေထိန်းနံရံများ ဆောင်ရွက်လျက်ရှိပါသည်။ ကျန်ရှိသောနေရာများကိုလည်း ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

စာမျက်နှာ ၁၆ သို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ် (၁၁၉)အနီးတွင် ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်း (PPP) စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၆-၁၂-၂၀၁၃ရက်မှ၁၅-၁-၂၀၁၄ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် - ၁၆-၁-၂၀၁၄ရက် ၁၆း၀၀နာရီ

တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။

ဆက်သွယ်ရန် - ဖုန်း-၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(လားရှိုး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)မှ အောက်ဖော်ပြပါလုပ်ငန်းအမျိုးအစားများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တွင် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာအား ခြံစည်းရိုးခတ်ခြင်းလုပ်ငန်း။

(ခ) ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ်ဆောင်မှ အရာထမ်းဝန်ထမ်းအိမ်ရာသို့သွားသော အကျယ် ၁၂ပေ၊ အရှည် ပေ ၁၀၀၀ ရှိသော လမ်းဖောက်လုပ်ရန်လုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၃၁-၁၂-၂၀၁၃ရက်၊ ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၉-၆၇၀၁၈၀၀၊ ၀၉-၅၂၆၂၆၃၃၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာကားကြီးကွင်း အနောက်ဘက်တွက် ပြည်သူ့အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း (PPP) စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၆-၁၂-၂၀၁၃ရက်မှ ၁၅-၁-၂၀၁၄ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် - ၁၆-၁-၂၀၁၄ ရက် ၁၆း၀၀နာရီ

တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။

ဆက်သွယ်ရန် - ဖုန်း-၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)

၁။ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ အမျိုးအစားမော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

NISSAN AD VAN (2008 Model) 5 Nos

၂။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၂၀-၁၂-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း (အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်မှုကော်မတီ) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၀၊ ၄၁၀၁၁၄တို့သို့ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံလုပ်ငန်းများ လုပ်ကိုင်ခွင့်ကန်ထရိုက်တာအဖြစ် ခွင့်ပြုခဲ့သည့် ဦးမောင်မောင်(ခ)စန်းငေါ် LC-၄၆၃မှ ကန်ထရိုက်တာလိုင်စင်ပြန်လည်အပ်နှံခွင့်နှင့် ကန်ထရိုက်တာလိုင်စင်အာမခံကြေး ကျပ်သိန်း ၁၀၀ ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ဌာနသို့လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန် အကြောင်းရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ရက်ပေါင်း ၃၀အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စာမျက်နှာ ၁၅ မှ

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ဝေါမြို့နယ် စစ်တောင်းမြစ်အနောက်ဘက်ခြမ်းရှိ ထနော်ကျွန်းကျေးရွာနှင့် အညာစုကျေးရွာများသည် နှစ်စဉ် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုသည့်ဒဏ်ကို ခံစားရသဖြင့် ယခုအချိန်အထိ အိမ်ထောင်စု ၃၆ စု ဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားခဲ့ရပြီး ရေတိုက်စားမှုကြောင့် တဖြည်းဖြည်း ကမ်းပြိုလာပြီး လက်ရှိအချိန်တွင် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိနေသဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဝေါမြို့နယ် စစ်တောင်းမြစ် တစ်ဖက်ကမ်းရှိ ထနော်ကျွန်း ကမ်းပြိုကာကွယ်ရေးအတွက် ဤဦးစီးဌာနမှ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ကမ်းပြိုကာကွယ်ရေးအတွက် နှစ်တန်းသွား မျောတိုင်တန်းကျောက်ဖြည့်ရေကာ မီတာ ၅၀၀ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရန်ပုံငွေခေါင်းစဉ်အောက်တွင် ထည့်သွင်းရေးဆွဲ တောင်းခံပြီး မိမိဦးစီးဌာန၊ ဒေသရုံးများမှ နည်းပညာပံ့ပိုး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ရွှေကျင်မြို့နယ် ကျက်သရေဆောင် သမိုင်းဝင်အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်၏ တောင်ဘက်အရပ်ရှိ ရွှေကျင်ချောင်း ကမ်းပါးသည် ရွှေကျင်ချောင်းနှင့် မဒမချောင်းတို့မှ ချောင်းရေတိုက်စားမှုကြောင့် လွန်ခဲ့သည့်နှစ် ၂၀ ခန့်မှစ၍ ကမ်းပါးပြိုလျက်ရှိရာ အန္တရာယ်ရှိလာခြင်းတို့ကြောင့် ရွှေကျင်ချောင်းကမ်းထိန်းနံရံ တည်ဆောက်နိုင်ရေး ခွင့်ပြုပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သမိုင်းဝင်အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီ၏ ရွှေကျင်ချောင်းနှင့်မဒမချောင်းတို့မှ ချောင်းရေတိုက်စားမှုကြောင့် ဤဦးစီးဌာနမှ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ လိုအပ်သော (Design) ရေးဆွဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။

ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အပေါ်မူတည်၍ ဆောင်ရွက်သင့်သည့် အစီအမံများအား မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးရန်ပုံငွေမှ သုံးစွဲဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ရွာသစ်မြို့နယ်ခွဲအနေဖြင့် ယာဉ်နည်းပါးမှုကြောင့် ယာဉ်လိုင်းအနေဖြင့် ပြေးဆွဲနိုင်ရေး သက်ဆိုင်ရာဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အနေဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန အနေဖြင့် လည်းကောင်း ရွာသစ်မြို့နယ်ခွဲအတွင်း ပြေးဆွဲနိုင်ရေး၊ အခြားခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ဖားဆောင်းမြို့နယ်တွင် IP Star ဖုန်းရုံစ်လုံးရှိပါသည်။ လိုင်းခွဲများသဖြင့် ဖုန်းလိုင်းများအသုံးပြုရာတွင် အဆင်ပြေခြင်း မရှိပါ။ CDMA 800 MHz ဖုန်းများအား မည်သည့်အချိန်တွင် ပြန်လည်အသုံးပြု၍ရမည်ကို သိချင်ပါသည်။ CDMA, GSM မိုဘိုင်းဖုန်းများ အမြန်တပ်ဆင်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** CDMA 800 MHz ဖုန်းများ အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာနှင့် အမြန်ဆုံးညှိနှိုင်း၍ အမြန်ဆုံးအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **မြို့ပေါ်ရှိ ကြိုးဖုန်းလိုင်းများအားခေါ်ဆိုရလွယ်ကူအောင် ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ကြိုးဖုန်းလိုင်းများကောင်းမွန်အောင် Cable ကြိုးလဲလှယ်ခြင်း၊ တိုင်များလဲလှယ်ခြင်း စီစဉ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **လက်သမား၊ပန်းရန်၊ အခြေခံကျွမ်းကျင်အလုပ်သမား သင်တန်းဖွင့်လှစ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** အဆိုပါသင်တန်းများအား ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စေလွှတ်ပေးသော ဝန်ထမ်းသင်တန်းသားများအား ရန်ကုန်(သုဝဏ္ဏ) သင်တန်းကျောင်းတွင် သင်ကြားပို့ချပေးလျက်ရှိပါသည်။ ပြင်ပမှ သင်ကြားလိုသူများကို UN Habited အဖွဲ့ဖြင့် ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ဒီးမော့ဆို- နန်းမယ်ခုံ- မိုးဖြဲလမ်း အရှည် ၁၀မိုင် ၂ ဖာလုံရှိသည့်အနက် ပျက်စီးနေသော လမ်းအရှည် ၆ မိုင် ၆ ဖာလုံအား ၁၂ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဒီးမော့ဆို- နန်းမယ်ခုံ- မိုးဖြဲလမ်းအရှည် ၁၂ မိုင် ၂ ဖာလုံရှိပါသည်။ ၂၀၁၃-၂၀၁၄ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာတင်ခြင်း (၂) မိုင် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ

အလိုတော်ပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

ညောင်ဦး ဒီဇင်ဘာ ၁၅

ညောင်ဦးခရိုင် ညောင်ဦးမြို့ အလိုတော်ပြည့် မြတ်စွာဘုရား ဗုဒ္ဓပူဇနီယ ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက အလိုတော်ပြည့်ဘုရား၌ ကျင်းပသည်။

အလိုတော်ပြည့်ဘုရား ဗုဒ္ဓပူဇနီယ ပွဲတော်ဖွင့်ပွဲကို အလိုတော်ပြည့်ဘုရား ဗုဒ္ဓပူဇနီယဖွင့်ပွဲလာ ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အလိုတော်ပြည့် ဆရာတော်ကြီးထံမှ ဩဝါဒခံယူကြသည်။ အဆိုပါ အလိုတော်ပြည့် ဘုရားပွဲတော်ကို အလိုတော်ပြည့် ဆရာတော်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက ဦးစီး၍ အမြို့မြို့အနယ်နယ်မှ ဆွမ်း၊ ရေချမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး ၅၀၀၀ တို့ဖြင့် ဗုဒ္ဓပူဇနီယ ထီးဖြူတော်ဖွင့်ပွဲ အခမ်းအနားဖြင့် လှူဒါန်းပူဇော်ခြင်းကို ဒီဇင်ဘာ ၁၆ရက်၊ ၁၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အခမ်းအနားသို့ ပင့်ဆောင်ထားသော ပင့်သံဃာ ၅၂၈ ပါးတို့ကို လှူဒါန်းဖွယ်ရာ ဝတ္ထုပစ္စည်းများ သံဃာ့ဒါန သံဃာစေ့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်

နတ်တလင်း ဒီဇင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ အမှတ်(၃၀) သစ်စက်ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပသော အမှတ် (၃၀) သစ်စက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေးနှင့်မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက စုပေါင်းလေ့ကျင့် ဆောင်ရွက်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းနု၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သန်း၊ မြို့နယ်မီးသတ်ဒုတိယ ဦးစီးမှူး ဦးမင်းနိုင်၊ စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်၊ အမှတ် (၃၀) သစ်စက် စက်ရုံမှူး ဦးတင်သန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး လျှပ်စစ်မီးသွယ်တန်းထားရှိမှု၊ ရေ သိုလှောင်ထားရှိမှု၊ မီးသတ်စက်များ ကြံ့ခိုင်မှုရှိရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

တင်မြင့်

မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် မော်လမြိုင်အကျဉ်းထောင် ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဒီဇင်ဘာ ၁၅

မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဦးညီညီစိုး၊ မွန်ပြည်နယ် တရားရေးဦးစီးမှူး ဦးသန်းအောင်နှင့်မော်လမြိုင် ခရိုင်တရားသူကြီး ဒေါ်တင်မြတို့နှင့်အတူ ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မော်လမြိုင်အကျဉ်းထောင်ကို စစ်ဆေးခဲ့ကြသည်။

မော်လမြိုင်အကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်းတွင် အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ မော်လမြိုင် အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြီးတို့က အချုပ်တရားခံ အကျဉ်းသားများ၏အခြေအနေ နေထိုင်စားသောက်မှု ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် အချုပ်သားနှင့် အကျဉ်းသားများ၏ အမျိုးသား၊ အမျိုးသမီးအဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ အကျဉ်းထောင်ရေသန့်စက်ရုံ၊ ထောင်တွင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ အချုပ်သားတရားခံများ၊ အကျဉ်းသားများနှင့်တွေ့ဆုံပြီး နေရာထိုင်ခင်း အစားအသောက်နှင့် မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော် အစောင့်အရှောက်ဖြင့်ထားရှိမှု အခြေအနေ၊ တရားခံများအား နှိပ်စက်ညှဉ်းပန်းခြင်းရှိ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ တရားခံများအား တွေ့ဆုံမေးမြန်း၍ လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပမည်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ၄-၂-၂၀၁၄ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၅ရက်)မှ ၁၇-၄-၂၀၁၄ရက် (၁၃၇၆ခုနှစ် နှစ်ဆန်း ၁ရက်)အထိ (၇၃)ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ကာလအတွင်း တင်ဒါလုပ်ငန်း (၄၇)ခု၏ လုပ်ကိုင်ခွင့်များကို ၁-၁-၂၀၁၄ရက်မှ ၁၀-၁-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း မင်းဘူးမြို့ ဂေါပကအဖွဲ့ရုံးတွင် သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်ခွင့်များကို ဒေသတွင်းမှ လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၁-၁-၂၀၁၄ရက်မှ ၁၀-၁-၂၀၁၄ရက်ကာလအတွင်း ဂေါပကအဖွဲ့ရုံးသို့ လာရောက်စုံစမ်း၍ သတ်မှတ်စည်းကမ်းချက်နှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်။

ဈေးဆိုင်ခန်းရောင်းချရန်အတွက် ၂၀၁၃ခုနှစ် ပွဲတော်ကာလအထိ ဈေးဆိုင်ရောင်းချဖူးသူများသည် ယခင်နှစ်ကာလ အထောက်အထားများပူးတွဲလျက် ၁-၁-၂၀၁၄ရက်မှ ၇-၁-၂၀၁၄ရက် ကာလအတွင်း ဂေါပကအဖွဲ့၏ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

(ဆိုင်ခန်းအသစ်များ တိုးချဲ့နိုင်ခြင်းမရှိပါသဖြင့် ယခင်က ရောင်းချဖူးခြင်းမရှိသူများ၏ ဆိုင်ခန်းရောင်းချခွင့်လျှောက်လွှာများ လက်ခံခြင်းမပြုနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။)

အခြားသိရှိလိုပါက မင်းဘူးမြို့၊ မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ရုံးသို့ လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့
မင်းဘူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅၊ မြေကွက်အမှတ်၆၂၄၊ မြေကွက်တည်နေရာ အမှတ် ၆၂၄၊ ယုဇန ဖလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးသောင်းငွေ H/RGN-၀၃၀၆၉၆အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ကွယ်လွန်သဖြင့် ဒေါ်နန်းချိုချိုအေး ၁၂/လမတ(နိုင်)၀၁၅၅၀၅က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မွေးနေ့ပူဇာပိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကြီးကျေးရွာ ဇောဓိရိပ်ငြိမ်တောရဆရာတော် ဘဒ္ဒန္တကုန္ဒာစရိယ (ဗုဒ္ဓေါရသ)၏သက်တော် (၅၀)ပြည့် မွေးနေ့မင်္ဂလာပူဇာသဘင်ကို ၂၅-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆင်ယင်ကျင်းပလှူဒါန်းမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ဒါယကာ၊ ဒါယိကာမများ
ဇောဓိရိပ်ငြိမ်တောရ၊ မှော်ဘီ

သူရ(၆၉) ဗကသ

သူငယ်ချင်းများ ပြန်လည်တွေ့ဆုံရန်နှင့် ကျဆုံး၊ ကွယ်လွန်ခဲ့သော သူငယ်ချင်းများအတွက် လှူဒါန်းအမျှပေးဝေခြင်း ၄-၁-၂၀၁၄ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ ဓမ္မအောင်မြေကျောင်းတိုက်တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

၄-၁-၂၀၁၄ ရက် ၁၈း၀၀ နာရီတွင် မိတ်ဆုံစားပွဲဖြင့် ဧည့်ခံပါမည်။

ဆက်သွယ်ရန်-

ကသ-၃၀	သန်းအေး	ဖုန်း-၀၉-၄၀၂၅၂၅၃၄၅
ကသ-၁၀၄	ကျော်သိုက်	ဖုန်း-၀၉-၅၃၀၀၁၈၂
ကသ-၅၅	သိန်းနိုင်	ဖုန်း-၀၉-၅၁၄၆၉၉၃
ကသ-၆၉	ကျော်လှ	ဖုန်း-၀၉-၅၂၆၃၀၃၀

၂၀၁၃ ခုနှစ် လယ်တီမဟာသရဏဂုံတော်ကြီး သင်တန်းဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်၊ ပဓာနဆရာတော် ဘဒ္ဒန္တကုမာရမထေရ်မြတ် (အဂ္ဂမဟာပဏ္ဍိတ)၏ ဩဝါဒကို ခံယူလျက် ကျောင်းတိုက်အတွင်း၌ လယ်တီမဟာသရဏဂုံတော်ကြီးသင်တန်းကို ၂၁-၁၂-၂၀၁၃ ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မဒါနပို့ချမည်ဖြစ်ကြောင်း စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုပူဇော်နိုင်ပါသည်။

ဖွင့်လှစ်မည့်ရက်များ - ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၁၊ ၂၂၊ ၂၅၊ ၂၈၊ ၂၉ ရက် နှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၊ ၄၊ ၅ရက် သင်တန်းကာလ ရှစ်ရက်

ဖွင့်လှစ်မည့်အချိန် - မွန်းတည့် ၁၂း၀၀ နာရီမှ ညနေ ၃း၀၀ နာရီအထိ

ဖွင့်လှစ်မည့်နေရာ - မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပန်းဘဲတန်းမြို့နယ်။

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့
မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅၊ မြေကွက်အမှတ် ၆၂၃၊ မြေကွက်တည်နေရာ အမှတ် ၆၂၃၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးသောင်းငွေ H/RGN-၀၃၀၆၉၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ကွယ်လွန်သဖြင့် ဒေါ်နန်းချိုချိုအေး ၁၂/လမတ(နိုင်) ၀၁၅၅၀၅ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နဂါးနှစ်ကောင်ကျောင်းတိုက်၌ ကျောက်ဆင်းတုတော်တစ်ဆူကိန်းဝပ်စံပယ်တော်မူ

တာချီလိတ် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ တည်ထားကိုးကွယ်ရန် ကျောက်ဆင်းတုတော် တစ်ဆူပင့်ဆောင်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ကျောက်ဆင်းတုတော်အား တာချီလိတ်မြို့ ဆန်းဆိုင်း(က)ရပ်ကွက်ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မသီရိသည် ၎င်း၏ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ရန် မော်တော်ယာဉ်ဖြင့် ပင့်ဆောင်စေခဲ့ရာ ကျိုင်းတုံမြို့သို့ရောက်ရှိခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ဆရာတော်၏တပည့်ဒါယကာများ၊ ကျိုင်းတုံမြို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အေးကျော်လင်းနှင့်အဖွဲ့တို့လိုက်ပါလျက် ကျောက်ဆင်းတုတော်အား ပင့်ဆောင်ကာ ကျိုင်းတုံမြို့မှ ထွက်ခွာလာရာ ညနေ ၅ နာရီက မိုင်းဖြတ်မြို့သို့ ရောက်ရှိခဲ့ပြီး ဈေးတန်းဘုန်းကြီးကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူခဲ့သည်။ ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီက မိုင်းဖြတ်မြို့မှ တာချီလိတ်မြို့သို့ ကျောက်ဆင်းတုတော်အား ဆက်လက်ပင့်ဆောင်လာရာ နံနက် ၁၁ နာရီက မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ရောက်ရှိရာ နဂါးနှစ်ကောင် ကျောင်းတိုက်မှ ဥုးပဥ္စင်းဥုးဝိလယခ ဦးဆောင်၍ တပည့် ဒါယကာများက မယ်ယန်းဂိတ်သို့ သွားရောက်ကြိုဆိုပင့်ဆောင်ခဲ့ကြပြီး တာချီလိတ်မြို့သို့ ထွက်ခွာလာခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် နဂါးနှစ်ကောင် ကျောင်းတိုက်သို့ ရောက်ရှိကိန်းဝပ်စံပယ်တော်မူလျှက်ရှိကြောင်း သိရသည်။ ဆက်လက်၍ ဒီဇင်ဘာ ၁၃ ရက်တွင် ကျောက်ဆင်းတော်ကို တည်ထားကိုးကွယ်မည့် ပလ္လင်ပေါ်သို့ရွှေ့ပြီး ဘုရားအနေကဇာတင်ပြုလုပ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရေနံခိုးယူသူအမျိုးသမီးအား ဖမ်းဆီးအရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး မန်းရေနံမြေလုံခြုံရေးမှ ရဲတပ်ဖွဲ့များသည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက မန်းရေနံမြေအတွင်း ကင်းလှည့်ဆောင်ရွက်နေစဉ် ရေနံတွင်းအမှတ် ၆၄၃၊ ဆယ်လာကျင်းထဲမှ ရေနံခိုးယူနေသူ အမျိုးသမီးတစ်ဦးကိုတွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ မင်းဘူးမြို့နယ် အောက်ကျောင်းကျေးရွာနေ မလှလှဝင်း(၃၃နှစ်)ဖြစ်ပြီး ၎င်းထံမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် ရေနံစိမ်း လေးဂါလန်နှင့်ပလတ်စတစ်ရေနံခပ်ခွက်တစ်ခွက်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မလှလှဝင်းအား မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

လင်မယားစကားများရာ၌ ဝင်ရောက်တားမြစ်သူဖခင်ကို သမီးဖြစ်သူက ဓားမဖြင့်ခုတ် တုတ်နှင့်ရိုက်

နေပြည်တော် ဒီဇင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပွင့်လင်းကျေးရွာနေ ဦးပန်းအေး (၈၀နှစ်)သည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၆ နာရီက နေအိမ်အောက်ထပ် တန်းလျားပေါ်တွင် အိပ်နေစဉ် သမီးဖြစ်သူ မစန်းစန်းအေး(၃၉နှစ်)မှာ ခင်ပွန်းဖြစ်သူ ကိုခင်မောင်ဇင်နှင့်စကားများနေသဖြင့် ဖခင်ဖြစ်သူကတားမြစ်ရာ နာခံမှုမရှိသောကြောင့် ဦးပန်းအေးက အိမ်ပေါ်မှဆင်းရန်ပြောသည်ကို မစန်းစန်းအေးက ကျေနပ်မှုမရှိသဖြင့် ဦးပန်းအေးကို ဓားမနှင့်ခုတ်ပြီး ကန္တာရ ထင်းချောင်းဖြင့် ရိုက်ရာ ဒဏ်ရာများရရှိခဲ့သောကြောင့် ချောက်မြို့နယ် စလေနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မြန်မာနိုင်ငံစာပေပညာရှင်များ ကန်တော့ငွေနှင့် ပစ္စည်းများ ဂါရဝပြုပွဲကျင်းပ

အင်းစိန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ စာရေးအသင်းက ကြီးမှူးကျင်းပခဲ့သော မြန်မာနိုင်ငံစာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲကို မတက်ရောက်နိုင်ကြသည့် စာရေးဆရာ၊ ကဗျာဆရာကြီး မောင်လင်းယုန် (ရှမ်းပြည်) အား ကန်တော့ခံပစ္စည်းများနှင့် ငွေများကို ဒီဇင်ဘာ ၁၀ ရက်က ဆရာကြီး မောင်လင်းယုန်(ရှမ်းပြည်) နေထိုင်ရာ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ နေအိမ်သို့ သွားရောက်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံစာရေးဆရာအသင်း ပူဇော်ပွဲ ကျင်းပရေးကော်မတီကိုယ်စား စာရေးဆရာ၊ ကဗျာဆရာ သက်ကြီးပညာရှင် မောင်လင်းယုန် (ရှမ်းပြည်)အား အင်းစိန်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒါရိုက်တာ ဘုန်းငွေနှင့် အတွင်းရေးမှူး မောင်နွယ်မြင့် (စာပေဗိမာန်စာမူဆုရ)တို့က သွားရောက်ပူဇော် ဂါရဝပြုကြသည်။

မြင့်ဦး(အင်းစိန်)

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ထီးချိုင့် ဒီဇင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ ရေရှင်ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဇရပ်အနီး လမ်းကြားမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က နီကယ်စက်ရုံလုံခြုံရေးရဲကင်းမှ တပ်ကြပ်ကြီး တင်ဦးနှင့်အဖွဲ့သည် ခရိုင်မှူး၏ မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်အရ သက်သေများနှင့်အတူ မောင်းကုန်းကျေးရွာ ရေရှင်ဘုန်းကြီးကျောင်းအနီး မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ရေရှင်ဘုန်းကြီးကျောင်း ဇရပ်လမ်းကြားတွင် သိန်းမင်းဦးဆိုသူကို မသင်္ကာဖွယ်တွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးရာ ၎င်း၏ ယာဘက်လက်တွင် ကိုင်ထားသော ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၈ ပြားတွေ့ရှိ၍ ၎င်းအားစစ်မေးရာ တကောင်းမြို့နယ်ခွဲ ရေရှင်ရွာနေ မသန်းညွန့်ဆိုသူကရောင်းချခိုင်းသော ပစ္စည်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးအရေးယူ

မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်သူ သိန်းမင်းဦး (၂၆နှစ်) ဒင်းကြီးကျေးရွာ ထီးချိုင့်မြို့နယ်နေသူနှင့်မသန်းညွန့်(၃၃နှစ်) ရေရှင်ကျေးရွာ အင်းနက်အုပ်စု တကောင်းမြို့နယ်ခွဲ နေသူတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နမ့်ခမ်းမြို့နယ်တွင် ဘိန်းစိမ်း ၆ ဒသမ ၅ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် နောင်တိန်းကူးတို့ဆိပ်အနီးတွင် မူးယစ်ဆေးဝါးသတင်းအရ ဒီဇင်ဘာ ၁၂ ရက် နံနက် ၇ နာရီက အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နောင်တိန်းမှ ကူးတို့ဆိပ်သို့ ကွက်ခိုင်မြို့နယ် ပန်ဆိုင်းရွာနေ ဖောင်ဝူးလျို့(၁၈နှစ်) စီးနင်းလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်ခွကြားတွင် တင်ဆောင်လာသည့်ပီနံအိတ်အတွင်းမှ ဘိန်းစိမ်း ၆ ဒသမ ၅ ကီလို တန်ဖိုး ငွေကျပ် ၆၅ သိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် ဖောင်ဝူးလျို့အား နမ့်ခမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

တာချီလိတ်၌ မီးလောင်မှုဖြစ်ပွား

တာချီလိတ် ဒီဇင်ဘာ ၁၅

တာချီလိတ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်း၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က သွပ်မိုး၊ ထရံကာ အဆောက်အအုံ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါအိမ်၌ အိမ်ငှားနေသူ အသားလုံးကြော် လုပ်ငန်းလုပ်ကိုင်သူ မအေးအေးမော်(၂၀နှစ်) ၏ အခန်းအတွင်းမှစတင်ကာ မီးကြွင်းမီးကျန်မှ ထရံသို့တစ်ဆင့် ကူးစက်မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ တာချီလိတ်မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်သန်း၊ တာဝန်မှူး ဒုတိယရဲအုပ် အောင်မင်းဦး၊ ပုန်းထွန်အုပ်ချုပ်ရေးမှူး၊ မီးသတ်ယာဉ်နှစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့ သွားရောက် ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ **(အောက်ပုံ)**

မီးလောင်မှုကြောင့် မြေစိုက် (ပေ ၂၀×၁၅)၊ သွပ်မိုး၊ ထရံကာ အဆောက်အအုံမီးဖိုနေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကာ မအေးအေးမော်ကို မြို့နယ်ရဲတပ်ဖွဲ့စခန်းက အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြီး ကြာရှည်စွာမပျောက်မပျက် တည်မြဲနေနိုင်သည့် အော်ဂဲနစ်ဒြပ်ပစ္စည်းများဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုအတွက် ဦးစွာအဆင်ပြေလွယ်ကူစေမည့် နည်းပညာထောက်ပံ့မှုစီမံကိန်း(Enabling Activities to facilitate early action on the Implementation of the Stockholm Convention on Persistent Organic Pollutants-POPs in Myanmar)ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အပံ့အဖွဲ့ (Global Environment Facility-)၏ ငွေကြေးအကူအညီဖြင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့(United Nations Industrial Development Organization-)နှင့် စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

၂။ အဆိုပါစီမံကိန်းကာလမှာ (၂)နှစ်ဖြစ်ပြီး စီမံကိန်းဆိုင်ရာလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် National Project Coordinator (NPC)(၁)ဦး လစ်လပ်လျက်ရှိပါသည်။ သတ်မှတ်အရည်အချင်းပြည့်မီသည့် စိတ်ပါဝင်စားသူများ ကိုယ်ရေးရာဇဝင်၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) သတ်မှတ်အရည်အချင်း

(၁) M.E (Chemical) သို့မဟုတ် M.Sc/Ph.D (Industrial Chemistry-IC) သို့မဟုတ် Ph.D (Chemistry) သို့မဟုတ် ဓာတုဒြပ်ပစ္စည်းနှင့်ဆက်စပ်သည့် အလားတူ မဟာဘွဲ့/ပါရဂူဘွဲ့ရရှိသူဖြစ်ပြီး သက်ဆိုင်ရာဘာသာရပ်နယ်ပယ်၊ ရုံးလုပ်ငန်းစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းစီမံခန့်ခွဲခြင်းဆိုင်ရာ အတွေ့အကြုံရှိသူ (အနည်းဆုံးလုပ်သက် ၅နှစ်) ဖြစ်ရပါမည်။ အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရပါမည်။

(၂) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရပါမည်။

(၃) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူဖြစ်ရပါမည်။

(၄) ကျန်းမာရေးကောင်းမွန်သူဖြစ်ရပါမည်။

(ခ) **တာဝန်ထမ်းဆောင်ရမည့်နေရာ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၃)၊ နေပြည်တော်

(ဂ) **တာဝန်ထမ်းဆောင်ရမည့်ကာလ** - (၂)နှစ်

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရပါမည်။

(င) လျှောက်ထားသူသည် စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်ဝတ္တရားများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် တောင်းယူနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

- **ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် (၅၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၃၂၁၊ ဖက်စ်-၀၆၇-၄၃၁၃၂၂**
- **ညွှန်ကြားရေးမှူး (စီမံ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် (၅၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၃၄၂၊ ဖက်စ်-၀၆၇-၄၃၁၄၉၂၊ ၄၃၁၃၂၄**

ကျန်းမာရေးဝန်ကြီးဌာန

အထူးကုဆေးရုံကြီး(ဝေဘာဂီ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီး အထူးကုဆေးရုံကြီး (ဝေဘာဂီ)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် -၁၀-၁၂-၂၀၁၃

၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၃၁-၁၂-၂၀၁၃ ညနေ ၄:၀၀ နာရီ

ဆေးရုံအုပ်ကြီး

အထူးကုဆေးရုံကြီး(ဝေဘာဂီ) ဖုန်း-၀၁-၉၆၉၀၁၇၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ခနတိုး/၁၃၃၃၂ရေယာဉ်လိုင်စင်ကြီးနှင့်သင်္ဘောသားအင်အားစာရင်း(င)ပုံစံသည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကပြန်လည်ပေးပို့ပေးပါရန်။ **ဦးမင်းသီဟလှိုင်ဖုန်း-၀၉-၃၁၀၆၈၇၆၈**

တင်ဒါခေါ်ယူခြင်း

ရုံးဝန်ထမ်းများအတွက် ကြို/ပို့ယာဉ်(Light Truck)နှစ်စီး ငှားရမ်းလိုပါသဖြင့် စိတ်ပါဝင်စားသူများသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ၂၇ရက် နောက်ဆုံးထားပြီး လာရောက်လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်၄ ၊(၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်(၁)၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၉၆၆၀၁၄၇၊ ၀၁-၆၆၀၄၂၆

တင်ဒါခေါ်ယူခြင်း

အသုံးမပြုရသေးသော မော်တော်ယာဉ်အပိုပစ္စည်းအသစ်မျိုးစုံနှင့် လျှပ်စစ်ပစ္စည်းဟောင်းများ ရောင်းရန်ရှိပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၅/၅၉၊ အေးရတနာလမ်း၊ သီရိဂုဏ်အိမ်ရာ၊

ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်၊

ဖုန်း-၀၁-၈၅၅၁၂၆၄၊ ၀၁-၈၅၅၀၈၂၀၊ ၀၁-၁၂၂၁၃၀၈

မှုခင်းသတင်းနှင့်ကြော်ငြာ

လက်နက်ပုန်းကိုင်ဆောင်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၅

မင်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မလွန်ဇာတ်ရုံအဝင်ဝ၌ လုံခြုံရေးဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၁၁ရက် ည ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရေဘော်ကြီးကျေးရွာနေ မောင်နိုင်(၃၆နှစ်)၏ လွယ်အိတ်အတွင်းမှ အရိုးငါးလက်မ၊ အသွားခြောက်လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းနှင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရေငံရွာနေ သိန်းဇော်၏ လွယ်အိတ်အတွင်းမှ အရိုးငါးလက်မ၊ အသွား ခုနစ်လက်မခန့် ဓားမြှောင်တစ်ချောင်းတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် မောင်နိုင်နှင့် သိန်းဇော်တို့ကို မင်းလှမြို့မရဲစခန်းက လက်နက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ရန်ကုန်တိုင်းဒေသကြီးတွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅

အမှတ် (၄၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၂ ရက် ည ၈ နာရီ ၄၅ မိနစ်က လှိုင်မြို့နယ် (၁၆)ရပ်ကွက် ပါရမီလမ်းမကြီးပေါ်ရှိ စိန်ဂေဟာစူပါမားကတ်ရှေ့တွင် လှိုင်သာယာမြို့နယ်နေ မောင်မောင် (၂၅နှစ်) နှင့် လှိုင်မြို့နယ် အမှတ် ၃၂ (၁၆)ရပ်ကွက် မာလာမြိုင် (၇)လမ်းနေ ကောင်းမြတ်သူ (၂၃နှစ်)အား သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးခဲ့ရာ မောင်မောင်၏ လက်ဆွဲအိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၊ တန်ဖိုးငွေကျပ် ၉၅၀၀၀၀ တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် မောင်မောင်နှင့် ကောင်းမြတ်သူတို့နှစ်ဦးအား လှိုင်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)** **ကိုရဲ**

မီးအားမြှင့်စက်မှ အပူရှိန်လွန်ကဲ၍ မီးလောင်မှု ဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ ဦးမြင့်ကျော်(၃၈နှစ်)၏နေအိမ်တွင် အသုံးပြုသော မီးအားမြှင့်စက်မှအပူရှိန်လွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့သည်။ ထိုသို့မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခုနစ်လုံးနှင့်အလုပ်ရုံတစ်ရုံတို့ မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာတွင် ဒေါ်ဌေး(၆၀နှစ်)မှာ သေဆုံးသွားခဲ့သောကြောင့် လျှပ်စစ်မီးပေါ့ဆစွာအသုံးပြုသူ မြင့်ကျော်ကို ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

တာချီလိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅

အမှတ်(၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၆ နာရီခွဲက သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဟိုပုံးကျေးရွာနေ စိုင်းထွန်း (၆၂နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၈ ပြား၊ တန်ဖိုး ငွေကျပ် ၅၂ ဒသမ ၄၂ သိန်းနှင့် အိုက်စ် ၅၄ ဂရမ်၊ တန်ဖိုးငွေကျပ် ၁၃ ဒသမ ၄၂ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းထွန်းအား တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မူးယစ်မှုဖြင့်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးခုနစ်ဦးအား ဖမ်းဆီး

ဗန်းမော် ဒီဇင်ဘာ ၁၅

ဒီဇင်ဘာ ၁၂ ရက် ၁ နာရီခွဲခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁) ဗန်းမော်မှ ရဲအုပ်အောင်ကိုနိုင်၊ ရဲအုပ်အောင်စိုးဆွေနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဗန်းမော်မြို့ နှစ်မိုင်-အရှေ့သာစည်ရပ်ကွက် အိမ်အမှတ် (သစ/၇၃၀)နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်တွင် မသီတာအေး (၄၀နှစ်)၊ လှိုင်မင်းထွန်း (၃၂ နှစ်)၊ မဝါဝါကို (၂၇ နှစ်)၊ မလဲ့လဲ့ဝင်း (၂၈နှစ်)၊ မအေးအေးပိုင်(၃၁ နှစ်)၊ မဆုမွန်အောင် (၂၄ နှစ်)၊ မခင်သူဇာနိုင် (၂၉နှစ်) တို့ ခုနစ်ဦးအားတွေ့ရပြီး နေအိမ်အတွင်း စစ်ဆေးရှာဖွေရာ လှိုင်မင်းထွန်းနှင့် သီတာအေးတို့၏ အိပ်ရာခုတင်အောက်မှ ခရမ်းရောင်အဖုံးပါ အဖြူရောင်ပလတ်စတစ်ကော်ဘူးအတွင်းရှိ အပြာရောင်သံဘူးအတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် WY စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ် ဆေးပြား ၁၈ ပြား၊ အလေးချိန် ၁ ဒသမ ၈ ဂရမ်ပါ တစ်ထုပ်တွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ရဲအုပ်အောင်စိုးဆွေက တရားလိုပြုလုပ်ပြီး ဗန်းမော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မင်းတံတားသား**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

တာချီလိတ်၌ အမျိုးသမီးတစ်ဦး ဝဲလက်ကောက်ဝတ် ပြတ်ရှဒဏ်ရာများဖြင့် သေဆုံး

တာချီလိတ် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဆန်ဆိုင်း(ခ)ရပ်ကွက် ဟံသာဝတီလမ်းသွယ်(၁) အမှတ် (၈/၃၆)တွင် အမျိုးသမီးတစ်ဦး ဝဲလက်ကောက်ဝတ်ပြတ်ရှဒဏ်ရာနှစ်ချက်ဖြင့် ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ် အောင်မင်းဦး တာချီလိတ်မြို့မရဲစခန်းတွင် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ဟံသာဝတီလမ်းသွယ်(၁) အမှတ်(၈/၃၆) တွင် မနန်းနွန်း(၄၂နှစ်)သည် အိပ်ရာခုတင်ပေါ်၌ သွေးအိုင်ထဲတွင်သေဆုံးနေကြောင်း ဆန်ဆိုင်း(ခ) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းကျောက်က ဖုန်းဖြင့် သတင်းပေးချက်အရ စခန်းမှူး ဒုရဲမှူး ကျော်သန်း၊ တာဝန်မှူး ဒုရဲအုပ် အောင်မင်းဦး၊ သက်သေအုပ်ချုပ်ရေးမှူး ဦးစိုင်းကျောက်၊ အဖွဲ့ဝင် ဦးမျိုးဇော်နိုင်၊ ဦးစိုင်းလုံတို့နှင့်အတူ အခင်းဖြစ်ရာနေရာသို့သွားရောက်စစ်ဆေးရာ သေဆုံးသူ မနန်းနွန်းသည် ဝဲလက်ကောက်ဝတ်ပြတ်ရှဒဏ်ရာနှစ်ချက်ဖြင့် သွေးထွက်လွန်၍ သေဆုံးနေပြီး အနားတွင် အရိုးအသွား ၁၁ လက်မခန့်ရှိ စတီးလ်ဟင်းလှီးဓားတစ်ချောင်း၊ CHLORPHENIRAMINE တံဆိပ်ပါအဖြူရောင်ဘူးခွံတစ်ခုနှင့် အနီးအနားတွင် အဝါရောင်ဆေးပြား ၂၅ ပြားတို့ တွေ့ရှိရသဖြင့် သက်သေများရှေ့ သိမ်းဆည်းခဲ့ကာ သေဆုံးသူကို တာချီလိတ်ပြည်သူ့ဆေးရုံသို့ ဆေးစာရေးသားပို့အပ်ကာ သေဆုံးခြင်းနှင့်ပတ်သက်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် ဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ခါးပိုက်နှိုက်များ ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီ ၂၅ မိနစ်က လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်း ဗိုလ်ချုပ်ကားမှတ်တိုင်၌ ခါးပိုက်နှိုက်ဖမ်းဆီးရေးတာဝန်ဆောင်ရွက်စဉ် အမှတ်(၁၂၁) ယာဉ်လိုင်းပေါ်မှ ဆင်းလာသော ခါးပိုက်ပြစ်ချက်ဟောင်းရှိ လှိုင်သာယာမြို့နယ်နေသူများဖြစ်ကြသည့် မောင်ကျော် (ခ)ကျော်ကြီး(ခ) မောင်ဦးနှင့် ပိုင်ပိုင်တို့နှစ်ဦးအား ဖမ်းဆီးရမိ စစ်မေးရာ ၎င်းယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၏ အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၃၀၀၀၀ နှိုက်ယူရာတွင် ပိုင်ပိုင်က လူကာပေးပြီး မောင်ကျော်(ခ)ကျော်ကြီး(ခ)မောင်ဦးက နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပြန်လည်သိမ်းဆည်းပြီး လှိုင်သာယာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **အောင်သူရ**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရှေ့တန်းစခန်း ပုသိမ်(ကန်ကြီးထောင့်) မြေနေရာအနက်မှ အကျယ်အဝန်းပေ(၅၀၀×၂၀၀) ၂ ဒသမ၂၉၀ ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ရှည်မြေငှားရမ်းလိုပါသဖြင့် ပြည်တွင်းရှိနိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့် တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါသွင်းရမည့်ရက်/အချိန်** - ၂၃-၁-၂၀၁၄ ရက်(ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၃-၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရှေ့တန်းစခန်း(ကန်ကြီးထောင့်)ရုံးတွင် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆပ်ပြာစက်ရုံခွဲ(မကွေး)အား ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ဆပ်ပြာစက်ရုံခွဲ(မကွေး)အား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၆-၁၂-၂၀၁၃ ရက် (တနင်္လာနေ့) - နံနက် ၉:၀၀ နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၄:၀၀နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၃၇၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့်တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆

အမြန်ဆုံး ဆက်သွယ်ပါ

မောင်အောင်ကျော်ထွန်း (BTHG-၀၁၁၈၈၄) ရောက်ရာအရပ်မှ အမြန်ဆုံး ဆက်သွယ်ပါ။

အစ်မ ဒေါ်သီတာထွန်း

နယ်စပ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် အသုံးပြုရန် အောက်ပါပစ္စည်းများကို တက္ကသိုလ်အရောက်တန်ဖိုး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က)	အရာရှိစားပွဲ (ကျွန်း) (၇)လုံးနှင့် အရာရှိလက်တင်ပါ ကုလားထိုင်(၇)လုံး	၂ မျိုး
(ခ)	စက်လှေ(6.5 HP)(၁)ခု၊ မြက်ဖြတ်စက်(လက်တွန်း)(၁)လုံးနှင့် မြက်ဖြတ်စက် (ပခုံးထမ်း)(၁)လုံး	၃ မျိုး
(ဂ)	Microscope (XSP-2CA)(Binocular)(၂၀)စုံနှင့် Oscilloscope (Rigol DS-1052E)(၁)စုံ	၂ မျိုး
(ဃ)	Multimedia Projector (LV-8310) ANSI Lumens 1280x800(၃)စုံ၊ Motorized Screen (18')(Euro) (၁)ခုနှင့် Motorized Screen (16') (Euro)(၂)ခု	၃ မျိုး

၂။ ၃၁-၁၂-၂၀၁၃ ရက် ၁၃:၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တက္ကသိုလ်သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ဖုန်း-၀၉-၆၄၆၃၅၃၉သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
စစ်ကိုင်း

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ စက်မှုလယ်ယာလမ်း၊ မြေကွက်အမှတ် ၁၀၆၈ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၄၁×၆၀)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်း ရွှေ CG-၀၆၅၈၇၃အမည်ဖြင့် မှတ်သားတည်ရှိသော နှစ် ၆၀ဂရန်မြေကွက်နှင့် ၎င်းမြေကွက် တွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်သူထံမှ ဝယ်ယူထားကြောင်း ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချခွင့်ရှိသူ ဒေါ်မြမြသန်း ၁/မကန(နိုင်)၀၄၄၉၃၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမျိုးမောင်မောင်စိုး **အထက်တန်းရှေ့နေ**
ဦးစိုးသိန်း **တရားလွှတ်တော်ရှေ့နေ**
ဦးညီညီစိုး **အထက်တန်းရှေ့နေ**

အဓိပတိ Laws Firm
အမှတ် ၅၅၊ အခန်း ၄၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၇၃၁၆၁၃၁၈၊၀၉-၇၃၀၂၁၆၈၄၊၀၉-၇၃၁၇၃၉၆၃

16-12 (18).pmd 1 12/16/2013, 1:06 PM

နယ်သတင်းနှင့်ကြော်ငြာ

အရေးပေါ်သုံးကယ်ဆယ်ရေးပစ္စည်းများနှင့် သူနာပြုဆေးသေတ္တာများ ထောက်ပံ့ပေးအပ်ပြီး အခြေခံရှေးဦးသူနာပြုစုရေးသင်တန်းဖွင့်

သထုံ ဒီဇင်ဘာ ၁၅

မွန်ပြည်နယ်သထုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဘီးလင်းမြို့နယ် ကြက်ခြေနီအသင်းနှင့် အိုင်အိုအမ်အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံရှေးဦး သူနာပြုစုရေး သင်တန်းကို ဒီဇင်ဘာ ၄ ရက်နှင့် ၅ရက်တို့တွင် ဒုတိယအကြိမ်အဖြစ် ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် သထုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သထုံခရိုင်လက်ထောက်ညွှန်ကြားရေးမှူးဒေါ်လှကေသီမာက အဖွင့်အမှာစကားပြောကြားပြီး အိုင်အိုအမ်အဖွဲ့၏ကျေးရွာအခြေပြု သဘာဝဘေးအန္တရာယ်လျော့ချရေးစီမံချက် Opration Officer ဦးတေဇာလင်းက ဘေးအန္တရာယ် တစ်ခုခု ဖြစ်လာပါက လူ၊ အသက်အိုးအိမ်စည်းစိမ်၊ ပိုင်ဆိုင်ပစ္စည်းနှင့်လယ်ယာမြေများထိခိုက်နိုင်သည့် ထိခိုက်ဒဏ်ရာရရှိမှုများလည်း ရှိနိုင်ကြောင်း၊ ထိုသို့ထိခိုက် ဒဏ်ရာရရှိမှုဖြစ်လာပါက ဆေးရုံ၊ ဆေးခန်း မပို့ခင်ရှေးဦးသူနာပြုစုနည်းနှင့် လူနာအသက်အန္တရာယ်မဖြစ်အောင်မည်သို့ ပြုစုရမည်ကို သိစေလိုသော ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့အခြေခံ ရှေးဦးသူနာပြုစုရေး သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် သဘာဝဘေးအန္တရာယ် လျော့ချရေးစီမံချက်အကြောင်းနှင့်သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ဘီးလင်းမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီအား အရေးပေါ်သုံး ကယ်ဆယ်ရေးပစ္စည်းများနှင့် ရှေးဦး သူနာပြု ဆေးသေတ္တာများအား ထောက်ပံ့ပေးအပ်ရာ ကော်မတီဝင်များက လက်ခံရယူကြပြီး မြို့နယ်ကြက်ခြေနီအသင်းမှ ရှေးဦးသူနာပြုစုနည်းနှင့်ပတ်သက်သော သင်ခန်းစာများကိုစာတွေ့လက်တွေ့သင်ကြားပို့ချပေးကြသည်။ **(အောက်ပုံ)**

အဆိုပါအခြေခံရှေးဦးသူနာပြုသင်တန်းသို့ စီမံချက်ကျေးရွာ ကိုးရွာမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

ကိုယ့်အားကိုယ်ကိုး မြန်နန္ဒာဖွံ့ဖြိုးရေးလမ်းအောင်မြင်ရေး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ပုသိမ်ကြီး ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြန်နန္ဒာဖွံ့ဖြိုးရေးလမ်း ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရာတွင် ပါဝင်ကူညီခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ရက် မွန်းလွဲ ၁နာရီက မြန်နန္ဒာဖွံ့ဖြိုးရေး လမ်းဆုံမဏ္ဍပ်၌ ကျင်းပကြရာ ရှေးဦးစွာ အခမ်းအနားအား နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ယင်းတိုက်ပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာက အဖွင့်အမှာစကား မိန့်ကြားသည်။ ထို့နောက် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းတင်၊ ဒုတိယဥက္ကဋ္ဌဦးမြမင်းတို့က ဆောင်ရွက်ရန်ရှိသော လမ်းအနေအထားများကို ရှင်းလင်းတင်ပြပြီး ယင်းတိုက်ပင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒိမာနှင့်အဖွဲ့က အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ကိုယ့်အားကိုယ်ကိုး မြန်နန္ဒာဖွံ့ဖြိုးရေးလမ်းသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ပျက်စီးခဲ့၍ သွားလာရန် ခက်ခဲလျက်ရှိသည်။ အဆိုပါလမ်း၏ အရှည်မှာ မန္တလေးမိုးကုတ်လမ်းမှ အရှေ့ဘက်ဆင်ရွာကြီး ငြိမ်းချမ်းသာဇံ၊ နက်စိမ်း၊ ကံသာ၊ ခေမာဘယ၊ နေရဉ္စယျကျေးရွာများသို့ ဆက်သွယ်ထားပြီး သုံးမိုင်ကျော်ရှည်လျားသော ကျေးရွာချင်းဆက်လမ်းဖြစ်သည်။ ယခုအခါ ယင်းတိုက်ပင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒိမာနှင့်သံဃာတော်များ၊ ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ကျောက်ခင်းလမ်းအဆင့်ပြီးဆုံးပြီး ကျန်ရှိနေသော လမ်းပိုင်းအား ဆောင်ရွက်နိုင်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားကြောင်း၊ အလှူရှင်များ ဆက်သွယ်လှူဒါန်းမည်ဆိုပါက ဆရာတော် ဦးစန္ဒိမာ ဖုန်း-၀၉-၄၀၂၇၂၈၆၉၃၊ ဆရာတော်ဦးရာဇိန္ဒ ဖုန်း-၀၉-၉၁၀၁၃၆၅၇၊ ဦးဇော်မင်းတင် ဖုန်း -၀၉-၉၁၀၂၇၉၆၂၊ ဦးမြမင်း ဖုန်း-၀၉-၄၄၄၀၂၂၁၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အောင်ကျော်ထွန်း (ပုသိမ်ကြီး)

ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ တာဝန်ခံရုံးခွဲဖွင့်

ပုသိမ် ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မေဝင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတာဝန်ခံရုံးခွဲ(၅) ရုံးခန်းဖွင့်ပွဲကို ဒီဇင်ဘာ ၇ရက် နံနက် ၁၀နာရီက ပုသိမ်မြို့ အောင်ဇေယျရပ်ကွက် သီတာဦးလမ်း အမှတ် ၂၄၁တွင် ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်မာဝင်း၊ မေဝင့်ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေးဂျင်း ဒါရိုက်တာ ဦးနေဝင်းနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့်မန်နေးဂျင်းဒါရိုက်တာ ဦးနေဝင်းတို့က ရုံးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

မေဝင့်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီသည် ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ ကာတာ၊ UAE၊ ထိုင်းနိုင်ငံများနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အမှန်ကန်ဆုံးနှင့် အကောင်းဆုံး ဝန်ဆောင်မှုပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လှူ့မိတ်ဆွေ

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဘုတ်ပြင်းမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ဘုတ်ပြင်း ဒီဇင်ဘာ ၁၅

ဘုတ်ပြင်းမြို့တွင် Alpha Group မှ ကြီးမှူး၍ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား ဒီဇင်ဘာ ၄ရက်မှ၈ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပပြုလုပ်ရာ ဒီဇင်ဘာ ၇ ရက် ညပိုင်းတွင် ဒေသခံပြည်သူများ၊ ဈေးရောင်းဈေးဝယ်သူများနှင့် စည်ကားသိုက်မြိုက်စွာ တွေ့မြင်ရသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မြို့ပေါ်ရပ်ကွက်များနှင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူများကအိမ်သုံး၊လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ၊စားသောက်ကုန်ပစ္စည်းများကို တစ်ခဲနက်ဝယ်ယူအားပေးကြသည်။ ဈေးရောင်းပွဲတော် ညပိုင်းတွင်ကလေးကစားပွဲအစီအစဉ်များ၊ မော်ဒယ်သရုပ်ဆောင်များ၏ တေးသရုပ်ဖော် အစီအစဉ်များဖြင့် ကြက်ပျံမကျ စည်ကားသိုက်မြိုက်စွာ မြို့လုံးကျွတ် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(တောင်ကြီး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(တောင်ကြီး)တွင် အုတ်ရေလှောင်ကန်(၂၄ပေ× ၂၇ ပေ)နှင့် အဝီစိတွင်းတူးခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၀-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပြီး ၂၄-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ **နည်းပညာတက္ကသိုလ်(တောင်ကြီး)**
ဖုန်း-၀၉-၅၂၁၄၃၇၆၊ ၀၈၁-၂၁၂၇၆၈၅၊ ၀၈၁-၂၁၂၇၆၇၆

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်း-၅၃၂-ဘီ၊ ရွှေနှင်းဆီရပ်ကွက်၊အမှတ်-N-6၊ အကျယ်ပေ(၁၀၀×၁၀၀)ရှိ မြေကွက်နှင့်မြေတိုင်း ၅၃၅-အေ၊ ဂရုဏာလမ်း၊ အမှတ်-N-5၊ အကျယ်ပေ (၈၀×၁၅၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၁/က)၊ လူနေအိမ်တို့အား ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးဖေလိန်းကီး ၁၂/ဒဂန(နိုင်)၀၁၇၉၂၈ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်၏အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊
မကွေးတိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ သရက်ခရိုင်၊ ဇေယျာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် အသုံးပြုရန်အတွက် 11kV HT Line (7.5) Miles Materials များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁၂-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား မကွေးတိုင်းဒေသကြီး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတွင် စုံစမ်းနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်း-၀၉-၅၃၄၂၀၁၇ နှင့် ၀၆၇-၂၃၁၈၈ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာန၊ တောင်ကြီးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာနလက်အောက်ရှိ မူဆယ်ခရိုင်မြေစာရင်းဦးစီးဌာန ရုံးဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာအသေးစိတ်အချက်အလက်များ ပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။	**တင်ဒါစတင်ရောင်းချမည့်ရက်**	- ၁၇-၁၂-၂၀၁၃ရက်
	တင်ဒါပိတ်ရက်	- ၈-၁-၂၀၁၄ရက်
	တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀ နာရီ

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာန
ဆက်သွယ်ရန် ဖုန်း-၀၈၁-၂၁၂၁၀၂၂၊
၀၈၁-၂၁၂၄၄၀၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၅၊ မြေကွက်အမှတ်-၂၁၃၊ မြေအကျယ်အဝန်း(အလျား ပေ၄၀×အနံပေ၆၀)၊ ဧရိယာစတုရန်းပေ ၂၄၀၀ရှိ ဦးချစ်လှိုင် အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်သန်းသန်းဆင့် ၁၃/တကန(နိုင်)၁၄၂၆၆၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများ၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းနွယ် B.A(Eco), H.G.P
အထက်တန်းရှေ့နေ(စဉ်-၁၁၈၆၉)
အမှတ်-၁၀၂၊ ဗိုလ်မင်းခေါင်လမ်း၊ ၁၂ ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၁၃၁၂၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အိတ်ဖွင့်လေလံ (Open Bidding) ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန၊ သင်္ဘောကျင်းဌာနခွဲများမှ သံထည်ပစ္စည်းဟောင်း(ခန့်မှန်း) ၂၆၀တန်၊ သံပြား၊ သံကိုင်းဟောင်း (ခန့်မှန်း) ၁၅၄ဒသမ၅၄တန်နှင့် အရည်ကျိုလောင်းတုံး (Ingots)(ခန့်မှန်း) ၁၅၅ဒသမ ၅၂တန်တို့ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံတင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်လေလံဖွင့်ပွဲကို ၃၁-၁၂-၂၀၁၃ရက် ၁၄း၃၀ နာရီတွင် ကျင်းပပါမည်။
၃။ လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၆-၁၂-၂၀၁၃ရက်မှ ၂၇-၁၂-၂၀၁၃ရက်အတွင်း အမှတ်၅၀၊ ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်) ပထမထပ်၊ စီမံရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံထုခွဲရောင်းချရေးအဖွဲ့

အလုပ်အကိုင်အခွင့်အလမ်းနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

လှပသော အမှတ်တရများ အဆင့်မြင့်ခရီးသွားဝန်ဆောင်မှုကုမ္ပဏီမှဝန်ထမ်းခန့်ထားရန် အမြန်အလိုရှိသည်

Office Staff ကျား/မ ၃ ဦး

- တက္ကသိုလ်ဝင်တန်းအောင်၊ ကွန်ပျူတာအခြေခံရှိသူ
- ရုပ်ရည်သန့်ပြန့်၍ ယဉ်ကျေးပျူငှာစွာဖြင့် လူမှုဆက်ဆံရေးအထူးကောင်းမွန်သူ
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ပြီး ကျန်းမာရေးကောင်းမွန်သူ
- အင်္ဂလိပ်စာ ရေး၊ ဖတ်ကျွမ်းကျင်သူကို ဦးစားပေးမည်။

Tour Leader ကျား/မ ၇ ဦး

- ဘွဲ့ရ၊ အိမ်ထောင်မရှိသူ အသက် (၃၀)မကျော်သူဖြစ်ရမည်။
- အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူ(တရုတ်စကားပြော ကျွမ်းကျင်သူကို ဦးစားပေးမည်)
- ယဉ်ကျေးပျူငှာ၍ စိတ်ရှည်သည်းခံနိုင်သူ၊ ရုပ်ရည်သန့်ပြန့်ပြီး လူအများနှင့် သွက်လက်လိမ္မာစွာပြောဆိုဆက်ဆံနိုင်သူဖြစ်ရမည်။
- နိုင်ငံခြားခရီးစဉ်များကို အချိန်မရွေးသွားလာနိုင်သူဖြစ်ရမည်။ (အတွေ့အကြုံရှိသူကို ဦးစားပေးမည်)

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း၊ စာရွက်စာတမ်းမိတ္တူများ စသည်တို့ဖြင့် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် ၁၀၊ မြေညီထပ်၊ ၁၃၂ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၉၉၃၃၊ ၀၉-၅၀၇၉၉၃၃၊ ၀၉-၇၃၁၁၉၉၃၃၊ beautifulmemories 9 @gmail.com

ဝန်ထမ်းအမြန်အလိုရှိသည်

- **Asst;Accountant** မ(၂)ဦး
- ဘွဲ့ရ၊အိမ်ထောင်မရှိသူ
- LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။
- သန်လျင်မြို့နယ်တွင်နေထိုင်သူဖြစ်ရမည်။

ဆက်သွယ်ရန် - 09 -5094953

ဝန်ထမ်းအလိုရှိသည်။

(ပြည်တွင်း၌ကျွမ်းကျင်သူဖြစ်သည့်သာခန့်ထားရန်)

Medical **AA Medical Products Ltd.** မှ လုပ်ငန်းများတိုးချဲ့ [illegible]

1) Chief Accountant ကျား/ မ(၂)ဦး

- အသက်(၃၅)နှစ်အထက်၊ CPA ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- Chief Accountant လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ Computerized Accounting Software များနှင့် Microsoft Excel [illegible]
- [illegible]
- Sales & Stock [illegible] AR Control [illegible]
- English Language [illegible] ဦးစားပေးမည်။

2) Engineer ကျား/ မ(၂)ဦး

- AGTI (Civil), B.Tech, B.E ရရှိပြီးသူဖြစ်ရမည်။
- [illegible]
- Drawing [illegible]
- [illegible] Drawing [illegible] Estimate [illegible]
- [illegible]

3) Account Officer ကျား/ မ(၁၅)ဦး
(For Finance Dept, Sales & Stock Dept, Branch Account Dept)

- B.Com, LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။
- စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိရမည်။
- Computerised ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Accounting Software [illegible] ဦးစားပေးမည်။
- [illegible]

4) Junior Accountant ကျား/ မ(၁၅)ဦး
(For Finance Dept, Sales & Stock Dept, Distribution Dept)

- B.Com, LCCI Level II(or)III အောင်မြင်ပြီးသူဖြစ်ရမည်။
- စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ(၁)နှစ်အထက်ရှိရမည်။
- Computerised ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Accounting Software [illegible] ဦးစားပေးမည်။
- [illegible]

5) Junior Sales Analyst (15)posts

- [illegible] LCCI Level I (or) II [illegible]
- Excel [illegible] (Myanmar Font [illegible])
- Sales report/ Operation report များကို analyse လုပ်နိုင်သူဖြစ်ရမည်။
- [illegible] data [illegible] Computer [illegible]
- [illegible]

6) Junior Operation Analyst (3)posts

- Any Graduate.(Preferably Science Graduate/ BA.Eco/ Business Degree)
- Operation [illegible]
- Sales report/ Operation report များကို analyse လုပ်နိုင်သူဖြစ်ရမည်။
- Powerpoint, Page Maker, Excel, Word ကျွမ်းကျင်စွာ [illegible] (Myanmar font [illegible])
- [illegible] data [illegible] Computer [illegible] report [illegible]

7) Zone Keeper ကျား/ မ (၂၅)ဦး

- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း၊ [illegible]
- [illegible]
- [illegible]

AA Medical Products Ltd. အမှတ်(၄၀၈/၄၀၉)၊ [illegible] **hr@aa.com.mm** [illegible]

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၉၆၇၂ Jialing JH 175 ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့်ဌေး ၁/ဗမန(နိုင်)၀၅၇၂၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဗန်းမော်)၊ ဗန်းမော်မြို့

GREAT MASTER CONSTRUCTION CO., LTD.

နိုင်ငံတကာအဆင့်မီ အဆောက်အအုံများဆောက်လုပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။
အမှတ်(၁၃၃) အခန်းအမှတ်(G-1)၊ မြေညီထပ်၊ လမင်းသာယာကွန်ဒို၊ ရိုးမဘဏ်ဘေး၊
စက်ရုံလမ်းနှင့်ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၀၀၀၀၃၃၊ ၀၁-၈၆၁၀၁၃၇၊ ၀၉-၇၃၂၂၄၆၂၄

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Site Engineer** ကျား(၄)ဦး
- B.E, A.G.T.I (Civil) ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်အထက်ရှိပြီး ဦးဆောင်နိုင်သူဖြစ်ရမည်။
- (၁၂)ထပ်အမြင့် ဆောက်လုပ်ဖူးသူ ဦးစားပေးမည်။

၂။ **Sale & Marketing Staff** မ (၄)ဦး
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက်(၂၅)မှ (၃၅)နှစ်ကြားဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။

၃။ **Office Staff** မ (၂)ဦး
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- ရုံးလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်

၄။ **Supervisor** ကျား(၁)ဦး
(ဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်)
ဆောက်လုပ်ရေးအတွေ့အကြုံ(၃)နှစ်ရှိရမည်။

၅။ **ယာဉ်မောင်း** ကျား(၁)ဦး
- ယာဉ်မောင်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။

၆။ **Security** ကျား(၂)ဦး
- ကျန်းမာရေးကောင်းမွန်ပြီး ရိုးသားကြိုးစား၍ အလုပ်ချိန်တွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (နေ့ညတာဝန်ထမ်းဆောင်နိုင်ရမည်။)

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံချက်မိတ္တူတို့နှင့်အတူ ၂၇-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်

The Sincere Smile Travels & Tours မှ Sales & Marketing Executive ရာထူးအတွက် အောက်ဖော်ပြပါအရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်သည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
၂။ Sales & Marketing လုပ်ငန်းအတွေ့အကြုံအနည်းဆုံး တစ်နှစ်ရှိရမည်။
၃။ Inbound/Outbound Tour များကို ကျွမ်းကျင်စွာရောင်းနိုင်ရမည်။
၄။ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
၅။ ဆက်ဆံရေး အထူးကောင်းမွန်သူဖြစ်ရမည်။

လျှောက်လွှာများကို အောက်ဖော်ပြပါရုံးလိပ်စာသို့ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၆ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

အမှတ် (၆၅)၊ မင်းနန္ဒာလမ်း၊ သာကေတမြို့နယ်၊ (Capital အနီး)

Max Energy Co., Ltd.

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)
အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်
ဖုန်း-၉၅၁-၂၅၅၈၁၉ ~၃၈

ဆီတွဲသင်္ဘောတွင် တာဝန်ထမ်းဆောင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံများရှိသူ အောက်ပါဝန်ထမ်းများ အလိုရှိသည်-

(၁) **ရေယာဉ်အုပ်**
- အသက်(၃၅)နှင့် (၅၅)နှစ်ကြား၊ Grade I လက်မှတ်ရရှိပြီးသူဖြစ်ရမည်။

(၂) **စက်ခန်းအုပ်**
- အသက်(၃၅)နှင့် (၅၀)ကြား၊ CE လက်မှတ်ရရှိသူဖြစ်ရမည်။

(၃) **လ/ထ ရေယာဉ်အုပ်**
- အသက်(၂၅)နှင့် (၄၀)ကြား၊ တတိယတန်းရေယာဉ်အုပ်လက်မှတ်ရှိသူဖြစ်ရမည်။

(၄) **လ/ထ စက်ခန်းအုပ်**
- အသက်(၂၅)နှင့် (၄၀)ကြား၊ လ/ထ စခန်းအုပ်လက်မှတ်ရှိသူဖြစ်ရမည်။

(၅) **သင်္ဘောသား**
- အသက်(၁၈)နှင့် (၃၀)ကြား၊ ကျန်းမာသန်စွမ်း၍ သင်္ဘောသား လက်မှတ်ရရှိထားသူ ဦးစားပေးမည်။

(လျှောက်ထားလိုသူများသည် CV Form ဓာတ်ပုံနှစ်ပုံ၊ ရာထူးအဆင့်လိုက် အစိုးရအသိအမှတ်ပြုလက်မှတ်များမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ သက်တမ်းရှိလေဘာကတ်၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက် အထောက်အထားစာရွက်များနှင့်အတူ ၃၁-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လောက်ကိုင်မြို့၊ (၁)ရပ်ကွက်၊ ဒကစဈေးတန်းနေ ဦးသန်းလှိုင်ဦး ၇/ညလပ(နိုင်)၀၀၀၁၀၉-ဒေါ်ဌေး ၇/တငန(နိုင်)၀၅၃၂၆၁တို့၏သမီး မအိဇင်ထွေး(ခ)မအိဇင်ဖြိုး ၁၃/လကန(နိုင်)၀၀၀၅၂၁ သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် ၎င်းနှင့်သက်ဆိုင်သောကိစ္စအဝဝကို လုံးဝ တာဝန်မယူနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးသန်းလှိုင်ဦး-ဒေါ်ဌေး

ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အမှတ် (၃)ရပ်ကွက်၊ သီရိမဟာလမ်းနေ မောင်မျိုးမြင့်ဆွေ ၈/ပခက(နိုင်) ၂၆၀၄၁၄ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ဖြစ်ပါသည်။

ဦးဝင်းနိုင် ၁၂/ကမတ(နိုင်)၀၀၄၇၅၉

အမည်ပြောင်း

ကျွန်တော်စိုင်းခင်မောင်ထွေး ၇/ကတခ(နိုင်)၀၈၉၉၄၄ (ဘ) ဦးဟန်စိန်-(မိ) ဒေါ်မြကြည်တို့၏သား စိုင်းခင်မောင်ထွေးအား စိုင်းခမ်းဆိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

စိုင်းခင်မောင်ထွေး(ခ)စိုင်းခမ်းဆိုင်
၇/ကတခ(နိုင်)၀၈၉၉၄၄
အမှတ် ၁၇၁၊ ကင်မွန်းအင်းကျေးရွာ၊ သပြေတန်း(ရှမ်း)၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့် (၁)၊ မြေကွက်အမှတ် ၃၆၄ အမည်ပေါက် ဦးကုလားကြီး၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးသန်းဇော် ၁၂/လသယ(နိုင်)၀၅၀၃၄၃ ကမြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၊မြေကွက်အမှတ် ၂၆၉/က၊ မြေကွက်တည်နေရာအမှတ် (၂၆၉/က)၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှသွယ် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှသွယ် ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၃၀၈ (၂၆-၉-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ်ဦးမြသိန်း ၁၂/ဥကတ(နိုင်)၀၁၃၂၆၄ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း၊ ကျမ်းကျိန်လွှာ ၄၆၁(၁-၁၀-၁၃)နှင့် ၂၀၁၁ခုနှစ်တွင် ကူးယူခဲ့သောအရောင်းအဝယ်စာချုပ်ရန် မြေပုံ၊မြေရာဇဝင်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ၃-၂၁၅၉(၆-၁၁-၁၃) တို့ကိုတင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ဘားအံတက္ကသိုလ်
နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် အခမ်းအနားအစီအစဉ်ကြေညာချက်

ဘားအံတက္ကသိုလ်မှ အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ သင်တန်းနှစ်အသီးသီးအတွက် (ဘွဲ့)စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးသူများသည် ဘားအံတက္ကသိုလ်၏ နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၁။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၂၀၁၀အောင်) စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)

၂။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၉အောင်) စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ။

၃။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာသိပ္ပံ (ဘွဲ့) (၂၀၀၆အောင်) စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ။

၄။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် မဟာသုတေသန(ဘွဲ့)အောင်မြင်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ကြေး- ကျပ် (၁၅၀၀၀/-)(ကျပ်တစ်သောင်းငါးထောင်တိတိ)
ဘွဲ့နှင်းသဘင်အဝေးရောက်ကြေး- ကျပ် (၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ)
လျှောက်လွှာနောက်ဆုံးပိတ်ရက်- ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်

မှတ်ချက်။ (က) လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂×၁½)လက်မအရွယ်ဓာတ်ပုံနှစ်ပုံပူးတွဲ၍ လျှောက်ထားရမည်။
(ခ) အခြားသော ပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
(ဂ) ဘွဲ့နှင်းသဘင်လျှောက်လွှာ လာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားများကို ယူဆောင်လာရပါမည်။
(ဃ) ရပ်ဝေးမှပေးပို့လိုသူများသည် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ရာ ငွေပို့လွှာ၏ အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟု ဖော်ပြရမည့်အပြင် လျှောက်ထားသူ၏အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ တက္ကသိုလ် စသည်များကို တိကျစွာဖော်ပြရမည်။

ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်

ဘွဲ့နှင်းသဘင်အခမ်းအနားကို ဘားအံတက္ကသိုလ်၊ ပင်မဆောင်ခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

(က) **ဘွဲ့နှင်းသဘင် ပထမနေ့ ၂၅-၁-၂၀၁၄ ရက် နံနက်ပိုင်းအစီအစဉ် နံနက် ၉ နာရီ**
-မဟာသုတေသနဘွဲ့ (အထူးပြုအားလုံး)
-မဟာသိပ္ပံ(ဘွဲ့) (၂၀၀၆အောင်) (အထူးပြုအားလုံး)
-ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၉အောင်) (အထူးပြုအားလုံး)
-ဝိဇ္ဇာဘွဲ့ (၂၀၁၀အောင်) (မြန်မာစာအထူးပြု)
-သိပ္ပံဘွဲ့ (၂၀၁၀အောင်) (သင်္ချာ၊သတ္တဗေဒအထူးပြု)
အစမ်းလေ့ကျင့်ရက် ၂၃-၁-၂၀၁၄ ရက် နံနက် ၉ နာရီ၊ ပင်မဆောင်ခန်းမ

(ခ) **ဘွဲ့နှင်းသဘင် ပထမနေ့ ၂၅-၁-၂၀၁၄ ရက် မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ ၂ နာရီ**
-ဝိဇ္ဇာဘွဲ့ (၂၀၁၀အောင်) (အင်္ဂလိပ်စာ၊ ဒဿနိကဗေဒအထူးပြု)
-သိပ္ပံဘွဲ့ (၂၀၁၀အောင်) (ရူပဗေဒ၊ ဘူမိဗေဒအထူးပြု)
အစမ်းလေ့ကျင့်ရက် ၂၃-၁-၂၀၁၄ ရက် နံနက် ၉ နာရီ၊ ပင်မဆောင်ခန်းမ

(ဂ) **ဘွဲ့နှင်းသဘင် ဒုတိယနေ့ ၂၆-၁-၂၀၁၄ ရက် နံနက်ပိုင်းအစီအစဉ် နံနက် ၉ နာရီ**
-ဝိဇ္ဇာဘွဲ့ (၂၀၁၀အောင်) (ပထဝီဝင်၊ သမိုင်းအထူးပြု)
-သိပ္ပံဘွဲ့ (၂၀၁၀အောင်) (ဓာတုဗေဒ၊ ရုက္ခဗေဒ အထူးပြု)
အစမ်းလေ့ကျင့်ရက် ၂၃-၁-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီ၊ ပင်မဆောင်ခန်းမ

၁။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို မပျက်မကွက်တက်ရောက်ကြရမည်။

၂။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (ကျား)တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ (မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို ၁၈-၁-၂၀၁၄ ရက်မှစ၍ ဘားအံတက္ကသိုလ်၊ အခန်းအမှတ် (C-02)တွင်ထုတ်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို ဘားအံတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

(မေမီခင်)
လက်ထောက်မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ ဘားအံတက္ကသိုလ်

ရွှေလင်ပန်းစက်မှုဇုန်
5 Bays Fire Station တည်ဆောက်ခြင်းလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရွှေလင်ပန်းစက်မှုဇုန်တွင် အသုံးပြုရန်လိုအပ်လျက်ရှိသော မီးသတ်ကားငါးစီးဆံ့ မီးသတ်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
(က) အလျားပေ ၈၀×အနံပေ ၄၀× အမြင့် ၂၇ ပေ ဗလက်မ(Steel Structure) နှစ်ထပ်အဆောက်အအုံတည်ဆောက်ခြင်း။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအနေဖြင့် တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀/ နှုန်းဖြင့် ဝယ်ယူနိုင်သည်။ ၂-၁-၂၀၁၄ရက် ညနေ ၅း၀၀နာရီ နောက်ဆုံးထား၍ စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်ထားသော Drawing ပုံစံ၊ Technical Praposal၊ စံချိန်စံညွှန်းပုံစံများတွင် လက်မှတ်ရေးထိုးပြီး အောက်ဖော်ပြပါစီမံခန့်ခွဲရေးရုံးသို့လိပ်မူ၍ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်လုပ်ငန်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ
ရွှေလင်ပန်းစက်မှုမြို့
အမှတ် ၁၈၃၊ သံချက်ဝန်ဦးညွန့်လမ်း
ဖုန်း-၀၁-၆၁၃၅၀၁၊ ၀၉-၂၅၀၅၉၈၆၀၃၊ ၀၉-၇၃၀၇၀၈၈၀

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ မြေကွက်အမှတ် (၂၅) အမည်ပေါက် ဒေါ်ကြည်ညွန့် KTN -၀၂၀၄၂၂၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်စိုး ၁၂/သလန(နိုင်) ၁၀၆၆၆၀ မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၁၅၉၁အမည်ပေါက် ဦးလှညွန့်၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးအောင် ၁၂/ကတန(ပြ)၀၀၀၇၇၅က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဘေဘီ
အသက် (၈၄)နှစ်

ဦးကျော်ကျော်စိုး (M.D System Engineering Co.,Ltd.) နှင့်ဇနီး ဒေါ်နွယ်နွယ်မင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ဘေဘီသည် ၉-၁၂-၂၀၁၃ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးမောင်အေး မိသားစု**

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၂)နေ ဦးဇော်ဇော်အောင် ၉/ပဥလ(နိုင်)၀၂၃၀၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ဦးဇော်ဇော်အောင်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်းမြို့နယ်၊ ငွန်ဆိုင်းကျေးရွာနေ ဒေါ်သိန်းခင် ၁၃/နဆန(နိုင်)၀၄၅၃၅၃ နှင့် ၁၃-၃-၂၀၀၉ရက်တွင် အကြင်လင်မယားအဖြစ် နှစ်ဦးသဘောတူပြင်ဦးလွင်မြို့တွင် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိပါသဖြင့် ၂၆-၁၁-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂၁)၊ မိုးကြိုးစံပြကျေးရွာအုပ်ချုပ်ရေးမှူးရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းသည့်ရက်တွင် (၃၁-ဃ/၁၇၂၆၀) Jionshe-150 ဆိုင်ကယ်အား ဦးဇော်ဇော်အောင်မှ ဒေါ်သိန်းခင်အား လူကြီးများရှေ့တွင် အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီး နှစ်ဦးသဘောတူ ပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် နောက်နောင်တွင် ဒေါ်သိန်းခင်နှင့်ပတ်သက်၍ ဦးဇော်ဇော်နှင့် မည်သို့မျှသက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်း ဒေါ်သိန်းခင်နှင့်ပတ်သက်၍ အလုံးစုံဖြေရှင်းပြီးဖြစ်သောကြောင့် မည်သည့်ကိစ္စမှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလင်းအောင် LL.B တရားလွှတ်တော်ရှေ့နေ
အမှတ် (၂၉)၊ ပြည်တော်သာ ၂-၃လမ်းကြား၊ အလက (၂)
တိုက်တန်း၊ ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၆၇၃၉

လွှဲအပ်ညွှန်ကြားသူ
ဦးဇော်ဇော်အောင်

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဂန္ဓာရုံလမ်း၊ အိမ်အမှတ် ၂၀၁၊ အလျားပေ ၂၀×အနံ ပေ၆၀ရှိမြေနှင့်အိမ်အား အိမ်ဂရန်အမည်ပေါက်ပိုင်ရှင် ဦးဘအောင်ထံမှ တရားဝင်ချုပ်ဆိုသော ဆက်စပ်စာချုပ်များအရ တရားဝင်လက်ရောက် ပိုင်ဆိုင်နေထိုင်သူဖြစ်သော ဒေါ်သူဇာမြင့်(ဘ)ဦးမြင့်ဆွေ ၁၂/ရပတ(နိုင်)၀၄၇၅၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအာကာလင်း
အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄
အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၉၇၈၂၆၅၇

ဦးဇော်ကျော်စွာအောင်နှင့် အများသိစေရန်ကြေညာချက်

၃၀-၁၀-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးဇော်ကျော်စွာအောင်၏ အများသိစေရန် ကြေညာချက်မှာ မဟုတ်မမှန်ပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဘေဘီအုန်းတို့မိသားစုအား ဂုဏ်သိက္ခာကျဆင်းအောင် တမင်ရည်ရွယ်၍ ကြေညာချက်သာဖြစ်ပါကြောင်း၊ ဒေါ်ဘေဘီအုန်းမှ တရားဝင်ရောင်းချထားခြင်းမဟုတ်ကြောင်းမှာ ရပ်ကွက်ရုံးရှိ လူကြီးမင်းများသိရှိပြီးဖြစ်ပါသည်။

ဦးဇော်ကျော်စွာအောင် ၁၂/ဒဂတ(နိုင်)၀၄၈၉၂၆ ထံ ၂၈-၁၁-၂၀၁၃ရက်က နို့တစ်စာပေးပို့ခဲ့ပြီးဖြစ်ပါသည်။ သို့သော် ဦးဇော်ကျော်စွာအောင်မှ ကျွန်ုပ်ထံလာရောက်ဖြေရှင်းခဲ့ခြင်းမရှိပါ။ အမွေဆိုင်မြေပေါ်ရှိ ကြက်ခြံအား ဖယ်ရှားပေးခြင်းလည်းမရှိခဲ့ပါ။ ၄င်းမြေမှာ ကျွန်ုပ်၏မိတ်ဆွေများမှ နှစ် ၆၀ ကျော် လက်ဝယ်ပိုင်ဆိုင်ထားသည့် အမွေဆိုင်မြေဖြစ်ပြီး မည်သူ့ကိုမျှ တရားဝင်ရောင်းချခဲ့ဖူးခြင်းမရှိပါ။

သို့ပါ၍ လူကြီးမင်းတို့မှ တရားဝင်ပိုင်ဆိုင်ကြောင်းမှန်ကန်လျှင် သက်သေခံအထောက်အထားအပြည့်အစုံယူ၍ ကျွန်မထံ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဖြေရှင်းနိုင်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးအောင်(ခနေဖြူ) (စဥ်-၃၉၆၇၃) | **ဦးကျော်ဇေယျ (စဥ်-၃၉၆၈၆)**
အထက်တန်းရှေ့နေ | **အထက်တန်းရှေ့နေ**

အမှတ် ၉၀၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၅၀၀၄၈၀၇၂၊ ၀၉-၄၃၁၈၈၉၈၈၊ ၀၉-၃၁၁၆၂၇၅၈၊ ၀၉-၄၂၅၂၉၀၈၅၆

ဒေါ်မြကေသီခိုင် ၁၂/မဂတ(နိုင်)၀၀၁၂၃၅ အား သိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ဆွန်တီလ်သည် ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော် ၁၀ လမ်း၊ တိုက် (၄)၊ အခန်း (၁၀၄)ကို ၂၄-၈-၂၀၁၂ ရက်မှ ၂၄-၁၀-၂၀၁၂ ရက်အထိ ဒေါ်မြကေသီခိုင် ၁၂/မဂတ(နိုင်)၀၀၁၂၃၅အား ငှားရမ်းခဲ့ပါသည်။ ၂၄-၁၀-၂၀၁၂ရက်မှ ယနေ့အထိ ၄င်းပိုင်ဆိုင်သောပစ္စည်းများကို ယူဆောင်ခြင်းမရှိပါသဖြင့် အဆိုပါတိုက်ခန်းတွင် ကျန်ရစ်သောပစ္စည်းများအား ယခုကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်သိမ်းဆည်းပါရန်နှင့် လာရောက်သိမ်းဆည်းခြင်းမရှိပါက ကျန်ရစ်ခဲ့သောပစ္စည်းများအား တာဝန်ယူမည်မဟုတ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ဒေါ်ဆွန်တီလ် ၄/ဖလန(နိုင်)၀၀၅၀၅၇
အခန်း (၀၀၁)၊ တိုက် (၁၀)၊ ၇ လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ခြံအမှတ် (၁၄/၈)၊ လယ်ယာ ၆ လမ်းတွင် ပိုင်ဆိုင်သည် ဦးအောင်မြင့် ၁၂/လမတ(နိုင်)၁၀၇၄၃၅ထံမှ ကျွန်မ မလွဲ့လွဲ့ခိုင်က ဝယ်ယူရန် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မလွဲ့လွဲ့ခိုင်
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်၊ လယ်ယာ ၆ လမ်း၊
ဖုန်း-၀၉-၃၁၈၅၄၈၀၃

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ
(ရွှေပုစွန်မိခင်ကြီး)
အသက် (၈၉)နှစ်

ဦးတင့်လွင် (အင်ဂျင်နီယာမှူးကြီး၊ ဘုရင့်နောင်တံတားအမှတ် -၂၊ တည်ဆောက်ရေးစီမံကိန်း)- ဒေါ်ပွင့်မာခိုင်တို့၏ မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက် (၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာအမျိုးသမီးဘောလုံးကော်မတီ**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)
အသက် (၈၉)နှစ်

ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းအလှူရှင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)သည် ၈-၁၂-၂၀၁၃ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက် ၈၉ နှစ်သည် ၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိုးတင့် (ဥက္ကဋ္ဌ)
Soe Electric & Machinery Co., Ltd.

ဦး P.J.G ရာချ်
St. Albert ကျောင်းသားဟောင်း (ပြင်ဦးလွင်)၊ မြတ်မွန်ဓာတ်ပုံ
အသက် (၈၄)နှစ်

ပြင်ဦးလွင်မြို့၊ မန္တလေး-လားရှိုးလမ်း၊ အမှတ် (၃၅)၊ နာရီစင်အနီးနေ ဒေါက်တာလွင်လွင်မြင့် (ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)၏ မွေးသဖခင် ဦး P.J.G ရာချ်သည် ၁၀-၁၂-၂၀၁၃ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာနုနုဝေ (ပါမောက္ခ)ဌာနမှူး၊ ဆရာ ဆရာမများနှင့်
ဝန်ထမ်းများ၊ ဓာတုဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းမြင့် (ညောင်လေးပင်မြို့)
အသက် (၈၀)

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမင်းကြူ (ငြိမ်း)၊ ဒေါ်ခိုင်ဝါတို့၏မိခင် ဒေါ်သန်းမြင့် အသက် (၈၀)သည် ၁၀-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **တေဇ (၁၀)မှ သူငယ်ချင်းမိသားစုများ**

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်ဝင်း
အသက် (၇၁)နှစ်

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး စတင်တည်ထောင်သူ အမေဖုံ၏မြေး (မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တတိယဥက္ကဋ္ဌကြီး ဂုဏ်ထူးဆောင်နာယကကြီး) ဦးအောင်ကျော်- နာယကကြီး ဒေါ်စိန်စိန်တို့၏သားကြီး မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ လက်ရှိဒုတိယဥက္ကဋ္ဌကြီး ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃ ရက် ဘန်ကောက်စံတော်ချိန် ၁ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယကကြီးများ၊ ဥက္ကဋ္ဌကြီးဦးစိန်တင့်နှင့် အလုပ်အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ဇီးပင်ရပ်ကွက်၊ အမှတ်(၂)နယ်မြေနေ ဦးဖိုးသောင်း (တိုးတက်ဝေ-စိုက်ပျိုးရေးဆေးဆိုင်) အသက် (၆၃)နှစ်သည် ၁၃-၁၂-၂၀၁၃ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Wi Sar Ra International Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးတင့် မုံရွာခရိုင်ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (အဖွဲ့ဝင်)
အသက် (၅၈)နှစ်

မုံရွာခရိုင်ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမျိုးတင့် အသက် (၅၈)နှစ်သည် ၁၀-၁၂-၂၀၁၃ ရက် ၂၀း၀၀ နာရီတွင် မုံရွာမြို့ ရွှေတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ မုံရွာခရိုင်၊ မုံရွာမြို့**

လူမှုရေးကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ ကျွန်မများ၏ မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ ၂၀၀၉ခုနှစ် စတင်မကျန်းမာစဉ်မှစ၍ ဂရုတစိုက် ပြုစုကုသမှုပေးခဲ့သော ပါမောက္ခဆရာဝန်ကြီး ဒေါက်တာဦးမျိုးသွယ်နှင့်ဇနီး မိသားစုများအားလည်းကောင်း၊ S.S.C ဆေးရုံမှ ပိုင်ရှင်နှင့် ဆရာဝန်၊ ဆရာမ ဝန်ထမ်းများအားလည်းကောင်း၊ စင်္ကာပူနိုင်ငံ Mt.Elizabeth ဆေးရုံမှ သမားတော်ကြီးများ နှင့် ဆရာဝန်၊ ဆရာမများ အားလည်းကောင်း၊ စင်္ကာပူနိုင်ငံတွင် ဆေးကုသမှုခံယူစဉ်၌အဘက်ဘက်မှ လိုလေသေးမရှိအောင်ကူညီစောင့်ရှောက်ပေးသော အန်ကယ်ဦးကြွင်း နှင့်ဇနီးအန်တီဒေါ်ရင်ရင် မိသားစုအားလည်းကောင်း၊ စင်ကာပူနိုင်ငံ P.L. International Company Limited မှ Board of Director အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မိခင်ကြီးကျန်းမာရေးအတွက် လိုအပ်သည်များကို ကူညီပေးသော စင်ကာပူနိုင်ငံမှ ညီအစ်ကို မောင်နှမမိတ်ဆွေများအား လည်းကောင်း၊ မိခင်ကြီးအား မြန်မာနိုင်ငံ၌ အိမ်တိုင်ယာရောက် လာရောက်ကြည့်ရှုစောင့်ရှောက် ပေးကြသော ပါမောက္ခ သမားတော်ကြီးများအား လည်းကောင်း၊ အမျိုးသားသွေးလှူဘဏ်မှ တာဝန်ခံဆရာဝန်ကြီးနှင့် ဝန်ထမ်းများ အားလည်းကောင်း၊ SML Dialysis Center မှပိုင်ရှင်နှင့် ဝန်ထမ်းများအား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနအခမ်းအနားတွင် အဘက်ဘက်မှလိုလေသေးမရှိအောင် အကောင်းဆုံး၊ အလှပဆုံးဖြစ်အောင် ဖန်တီး ပေးပါသော ဦးကိုကြီး၊ ဦးမင်းလွင်တို့အား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနကိစ္စတွင် မိသားစုနှင့် ထပ်တူ ထပ်မျှခံစားပြီး လူကိုယ်တိုင် ကြွရောက်၍သော်လည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ သက်နှံခြင်းနှင့် လှူဖွယ် ပစ္စည်းများ ပေးပို့သော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မလာ ရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ ခံစားသတင်းမေးကြပါသော နိုင်ငံ အသီးသီး၊ အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟများအား လည်းကောင်း၊ မိခင်ကြီး၏ ဈာပနအခမ်းအနား တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော အစိုးရဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ရေဝေးသုသာန်မှူးနှင့်တကွ ဝန်ထမ်းများအားလုံးကို လည်းကောင်း ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းအောင်နိုင် (ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း-၂၊ ဆည်မြောင်း ဦးစီးဌာန)-ဒေါ်စိန်မြရွှေတို့၏ဖခင် ဦးလှအောင်(ခ)ဦးကျော်လှသည် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယညွှန်ကြားရေးမှူးနှင့်ဆည်မြောင်းမိသားစုများ
စက်မှုတိုင်း(၂)၊ တောင်ငူမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းမြင့် (ညောင်လေးပင်)
အသက်(၈၀)

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့နာယက ဒုတိယဗိုလ်မှူးကြီးရဲနိုင်(ငြိမ်း)-ဒေါ်ယဉ်ယဉ်တို့၏မိခင် ဒေါ်သန်းမြင့်သည် ၁၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်ဝင်း(မိုးကုတ်)မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ဒုတိယဥက္ကဋ္ဌ
အသက်(၇၂)နှစ်

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး စတင်တည်ထောင်သူ (အမေဖုံ)၏မြေး၊ မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တတိယဥက္ကဋ္ဌကြီး၊ ဂုဏ်ထူးဆောင်နာယကကြီး (ဦးအောင်ကျော်-နာယကကြီး ဒေါ်စိန်စိန်)တို့၏သားကြီး၊ ဒေါ်မြတ်ညို၏ချစ်လှစွာသောခင်ပွန်း ဒုတိယဥက္ကဋ္ဌကြီး ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃ရက်တွင် ဘန်ကောက်စံတော်ချိန် ၁နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ် ၈၁၊ (လှိုင်ကော်)
ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့များ

ဒေါ်ခင်မြင့်ရီ (ကော့မှူး)
အထက်တန်းပြ(ငြိမ်း)၊ ထ(၂)တာမွေ၊ ထ(၃)စမ်းချောင်း
အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ မုန့်/တောင်ရပ်ကွက်၊ အမှတ် ၁၃၅နေ (ဦးပညာ-ဒေါ်သန်းကြည်)တို့၏သမီးကြီး၊ (ဦးတင်မောင်)-ဒေါ်ခင်သန်းတို့၏တူမ၊ (ဦးစိန်မြင့်)၊ ဒေါ်တင်နွဲ့-ဦးတင်အောင်၊ ဦးငွေဝင်း(I.P.S.C)-ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ခင်ငွေသန်း၊ ဒေါ်ခင်ငွေစန်း၊ ဒေါ်ခင်ငွေဆင့်-ဦးမျိုးအောင်၊ ဒေါ်သန်းသန်းငွေ၊ ဒေါ်ဝင်းမော်ငွေ-ဦးအောင်သက်စိုး၊ (ဦးဝင်းမင်း)တို့၏အစ်မကြီး၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်သည် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၃ရက် (စနေနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းဆန်း (က/၂၂၄၇) ဦးစီးအရာရှိ(ငြိမ်း)၊အကျဉ်းဦးစီးဌာန
(ထောင်မှူးသင်တန်း အပတ်စဉ်-၆)
မန်နေဂျာ(ဆောင်းသဇင်ဟိုတယ်) နေပြည်တော်
အသက်(၆၅)နှစ်

၁၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အောင်ကောင်းကျော်ဆောက်လုပ်ရေးကုမ္ပဏီမိသားစု
ဆောင်းသဇင်ဟိုတယ် (နေပြည်တော်)

ဦးမင်းလှိုင်
လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
အသက်(၆၁)နှစ်

တို့သည် ၁၄-၁၂-၂၀၁၃ရက်၌ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့တွင် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်ဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာအောင်ကျော်ဆက်-မရတနာခိုင်@Wendy Sein

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၅၀၄၃၊ TN. L/T(TN-01),P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဘိုညဏ် ၁၂/တကန(နိုင်)၀၉၈၄၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၂-၂၀၁၃ရက်ထုတ် ဤသတင်းစာ ကြော်ငြာချပ်ပို စာမျက်နှာ(၄)ပါ ကန့်ကွက်နိုင်ပါသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက် ကြော်ငြာတွင် အမှတ်(၀/၄၉-က)အစား အမှတ်(၀/၉၄-က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ဃ/၄၉၈၂၊ Toyota mark II, Saloon ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၁၁/စတန(နိုင်)၀၀၄၇၄၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန(ပြည်နယ်ရုံး)(စစ်တွေ)သို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ စစ်တွေ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉၄/၉၇၅၃၊ ထရော်လာဂျီ၊ လယ်ယာသုံး ထရပယာဉ်လက်ဝယ်ရှိသူ ဦးဘသောင်း ၁၁/ရဗန(နိုင်)၀၃၀၀၅၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊စစ်တွေ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၅၀၃၊ မြေကွက်တည်နေရာ အမှတ် ၂၄၊ ဘုရင့်နောင် ၁၀လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်ခင်ခင်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ခင်ဝင်း ၁၂/မဂတ(နိုင်)၀၃၀၀၄၀က နှစ်၆၀ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန် မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁)၊ စစ်မှုထမ်းဟောင်းစံပြရွာ(လေးထောင့်ကန်)၊ ဆင်ဖြူရှင်လမ်း၊ အမှတ် ၁/၆/၂ဟုခေါ်တွင်သည့် မြေပေါ်ရှိ အလျား ပေ ၁၂၀×အနံပေ၈၀ အကျယ်အဝန်းရှိမြေမှာ ဦးထွန်းဦးအမည်ပေါက် နှစ် ၆၀ဂရန်ရှိ မိသားစုပိုင် အမွေဆိုင်မြေဖြစ်ပါသည်။ ယခုအခါ ဦးထွန်းဦးကွယ်လွန်သွားပြီဖြစ်၍ ကျွန်တော်တို့ မောင်နှမများမှ အမွေဆိုင်ပိုင်ဆိုင်ထားသောမြေဖြစ်ပါသည်။ သို့ပါ၍ ၄င်းမြေပေါ်ရှိ အဆောက်အအုံအားလုံးအား ခုနစ်ရက်အတွင်း ဖယ်ရှားပေးပါရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဖယ်ရှားခြင်းမရှိပါက ပိုင်နက်ကျူးလွန်မှုဖြင့်ဥပဒေအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းအုန်းကြည်
၁၂/ဒကတ(နိုင်)၀၀၃၈၆၀
အမှတ် ၁/၆/၂၊ ဆင်ဖြူရှင်လမ်း၊ စထဟ(၁)၊
ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀ ၊ မြေကွက်အမှတ် ၁၀/ဈ-၇၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ် ၉၃၊စံပယ်ခြံ(၂)လမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဦးမျိုးဇင် အမည်ပေါက် ဘီ လ/န၃၉မြေအား မြေကွက်မူလပိုင်ရှင် ဦးမျိုးဇင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူသူ ဒေါ်ရှုကြည်(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးနေဝင်း)က လှိုင်မြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ် ၁၃/၂၀၁၃ဖြင့် မြေကွက်၏ဧရိယာ ၀ဒသမ၄၅၀ဧကရှိ မြေပိုင်မြေကွက်ကြီးမှ တရားဝင်မခွဲမစိတ်ရသေးသော (အနောက်လမ်းဘက်ခြမ်း) အလျား ၆၆ ပေ×အနံ ၁၈၅ပေရှိ မြေနှင့် မြေပေါ်တွင်ရှိသော လူနေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ပေးရန် အမိန့်ရရှိခဲ့ပြီး လှိုင်မြို့နယ် တရားမရုံး တရားမကြီးမှုအမှတ်-၁၃/၂၀၁၃၊ တရားမဇာရီမှု အမှတ် ၈/၂၀၁၃တို့၏ တရားရုံးအမိန့်များ တင်ပြ၍ ဒေါ်မိုးမိုးဆွေ (ဘီလစ်စာရေးကြီး)၁၂/ဥကတ(နိုင်) ၀၃၅၆၁၄ကတရားရုံးများကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့်၁၄ ရက်အတွင်း တင်ပြကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် (၁၆၂၉) အမည်ပေါက်ဦးကျော်စိုး၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မို့မို့ကျော်လွင် ၁၄/ဝခမ(နိုင်)၁၃၆၉၆၃ က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

တောင်ငူမြို့ ဟုတ်ဝမ်ခန်းမ၌ ၇-၁၂-၂၀၁၃ရက်တွင် ကျင်းပခဲ့သော ကျွန်တော် ထွန်းထွန်းလွင်နှင့် ကျွန်မ အိအိဝင်းတို့၏ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့အား ချီးမြှင့်ပေးပါသော အနယ်နယ်အရပ်ရပ်မှ CB BANK လူကြီးမင်းများနှင့် ဝန်ထမ်းများ၊ CB BANK TAUNGNGU မှ ဝန်ထမ်းများအားလုံးနှင့် ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးခဲ့ကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များ အားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းထွန်းလွင်-မအိအိဝင်း







ကိုရီးယားဘာသာသင်တန်းကျောင်း

ကိုရီးယားနိုင်ငံသို့
သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက်. . .
ဦးမင်းဆွေ-ဇော်ခက်ခက်စိုး (B.A)Korean YUFL
အခြေခံနှင့် EPS-TOPIK သင်တန်းများ
အမျိုးသမီးများအတွက် စကားပြောသင်တန်းများကို
စတင်လက်ခံသင်ကြားပေးနေပါသည်။
သင်တန်းနေရာ

Center 1 — (၄၈၆) မိုးသီးလမ်း (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၈၆၁၈၈၄၄၀၊ ၀၉-၄၂၀၇၀၁၈၈၉

Center 2 — တိုက်(၁၂) D2 သမိုင်းလမ်းဆုံ၊ ရန်ကုန်-အင်းစိန်လမ်းမ၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၀၄၅၅၄၄၇၊ ၀၉-၂၅၀၄၀၈၃၇၅၉၊ ၀၁-၆၅၀၀၇၈

နှစ်စဉ်နှစ်တိုင်း စာသင်သားများ မျှော်လင့်နေသော
အထူးပြောစရာမလိုတဲ့ အထူးထုတ်

educator

၂၀၁၄ အထူးထုတ် ထွက်ပါပြီ

[illegible]

ခြေကွက်ဝယ်လိုသည်

၁၇၆မြို့သစ်
အရှေ့ပိုင်း တောင်ပိုင်း
ဆိပ်ကမ်း
ခြေကွက်များဝယ်လိုသည်။

09 31268183
09 31589922

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဦးဝင်းမောင်ဦး — ဦးထိန်ထက်ဆန်း
LL.B, B.B.L, D.I.L, Dip.E.A, WIPO
Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဦးဝင်းမောင်ဦး — ဦးထိန်ထက်ဆန်း
LL.B, B.B.L, D.I.L, Dip.E.A, WIPO
Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

[illegible]

B.A(LAW), LL.B

[illegible] Ph : 09-431073822, 09-43114657

ကန့်ကွက်နိုင်ပါသည်

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

LL.B, DBL, DIL, IPRL

[illegible]

[illegible]

စဉ်	အမည်	မှတ်ပုံတင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	အမည်	မှတ်ပုံတင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

မွေးနေ့မင်္ဂလာဆုတောင်း

၁၆-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော ချစ်သားလေး Key Key ၏ (၁)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၀၀ ကျော်တိုင် ချစ်သော ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ဦးလေး၊ ဒေါ်ဒေါ်တို့နှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် အများအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးထမ်းဆောင်နိုင်သည့် သားကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်

ချစ်သောဖေဖေ - ဦးဝေယံမင်းထွန်း

ချစ်သောမေမေ - ဒေါ်မေလှဲ့ဟိန်း

ချစ်သော - ဦးလေး၊ ဒေါ်ဒေါ်များ

အထက (၁)တာမွေ (၁၉၇၂ - ၁၉၇၃ ဝန်းကျင်) တပည့်ဟောင်းများ၏ (၁၉) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

(၂၅-၁၂-၂၀၁၃) ပင်လုံခန်းမ၊ မွန်းတည့် ၁၂:၀၀ နာရီ

လူ့ဘဝသက်တမ်းသည် တို၏… ထိုထက် ကျန်ရှိနေသော လူ့ဘဝသက်တမ်းသည် ပို၍ ပို၍ တိုတောင်းလှချေ၏။ တိုတောင်းလှတဲ့ ဘဝသက်တမ်းလေးထဲမှာ ဆရာ ဆရာမတွေနဲ့ တပည့်တွေ တစ်စုတစ်ဝေးတည်း တွေ့ရ၊ ဆုံရ၊ ပြုံးပျော်တမ်းတ၊ လွမ်းစရာ နေ့ကလေး တစ်နှစ်တစ်ခါ တစ်ရက်သာ ကြုံရတာမို့… ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများ တက်ရောက်ချီးမြှင့်ပေးပါရန်နှင့် ကြုံတောင့်ကြုံခဲ အခွင့်အခါလေးမှာ အားလုံးဆုံတွေ့ဖို့ တာမွေ (၁) အပေါင်းအသင်းအားလုံးကိုလည်း ဖိတ်ကြားလိုက်ပါရစေ…

ပစ္စည်းနှင့်ငွေလှူဒါန်းမယ်ဆိုရင်

ဦးမောင်မောင်တီ(သချ်ာ) ဖုန်း-၀၉-၅၁၈၆၆၃၇၊ ဒေါက်တာတင်စံဦး ဖုန်း-၀၉-၇၃၁၇၉၂၄၇၊ ဒေါက်တာသန်းသန်းစိုး ဖုန်း-၀၉-၅၁၉၄၈၄၉၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၂၂၃၈၊ ဒေါ်နီနီမြင့် ဖုန်း-၅၄၂၄၀၁၊ ဒေါ်ခင်အေးမြင့် ဖုန်း-၂၅၄၁၀၈၊ ဒေါ်သီသီဆွေ ဖုန်း-၀၉-၄၂၁၀၆၇၇၀၂၊ ဒေါ်ကျင်ကျင်စန်း ဖုန်း-၅၄၅၈၆၆၊ ဒေါ်တင်တင်ထွေး (ထ/၁-တာမွေ) ဖုန်း-၀၉-၅၀၈၉၄၁၇ တို့သို့ ဆက်သွယ်နိုင်ပါတယ်…။

မြင်းခြံမြို့ အထက (၂) ပဌမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

မြင်းခြံမြို့ အထက(၂) ပဌမအကြိမ် အငြိမ်းစားဆရာ ဆရာမများအား ပူဇော်ပွဲအခမ်းအနားကို ၃၁-၁၂-၂၀၁၃ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီတွင် အထက(၂) ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။ အလှူငွေထည့်ဝင်နိုင်ရေးနှင့် ပူးပေါင်းကူညီလုပ်ကိုင်လိုသော ကျောင်းသား ကျောင်းသူဟောင်းသူငယ်ချင်းများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

- ဦးမြင့်နိုင်ဦး ဖုန်း-၀၉-၂၂၁၅၆၇၀၊ ကိုငွေဝင် ဖုန်း-၀၉-၂၂၁၅၀၂၀၊ ကိုစိုးမိုးမြင့် ဖုန်း-၀၆၆-၂၂၂၃၃၊ ကိုဆွေဝင်းအေး ဖုန်း-၀၉-၂၂၁၅၁၃၈၊ ကိုဇော်နိုင် ဖုန်း-၀၉-၂၂၁၆၁၅၆ (မြင်းခြံမြို့)
- ဦးသန်းရွှေဝင်း ဖုန်း-၀၉-၅၀၃၄၁၀၉၊ မစန္ဒာထွေး ဖုန်း-၀၉-၂၀၂၀၁၉၀၊ ကိုအံ့ကြီးမောင် ဖုန်း-၀၉-၉၁၀၅၇၁၂၆ (မန္တလေးမြို့)
- မကြည်သာမြင့် ဖုန်း-၀၉-၅၁၄၅၄၀၉ (ရန်ကုန်မြို့)
- ဦးသောင်းညွန့် ဖုန်း-၀၉-၄၉၃၆၄၃၁၃ (ကလေးမြို့)
- ဦးမန်းရီ ဖုန်း-၀၁-၀၄၀၁၀၁၅၀ (မင်းကင်းမြို့)

အထက (၂) ပန်းစုံ (ပျော်ဘွယ်) အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်ရှိ အထက(၂)၊ ပန်းစုံ(ပျော်ဘွယ်)၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

- ➤ **ကျင်းပမည့်နေ့ရက်** - ၁၂-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
- ➤ **ကျင်းပမည့်နေရာ** - အထက(၂)၊ ပန်းစုံ (ဓမ္မာရုံ)
- ➤ **ကျင်းပမည့်အချိန်** - နံနက် ၈ နာရီ

အောက်ပါပုဂ္ဂိုလ်များထံ အလှူငွေများ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်။

(၁) ဒေါက်တာဝင်းမောင် (ပျော်ဘွယ်) ဖုန်း-၀၉-၅၁၆၃၈၀၉
(၂) ဦးခင်မောင်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၅၀၀၆၅၆၉
(၃) ဦးထွန်းဇော်မြင့် (မန္တလေး) ဖုန်း-၀၉-၅၁၈၇၁၀၅
(၄) ဦးချိုအေး (ဘိုကလေး) ဖုန်း-၀၉-၈၅၉၅၁၅၂
(၅) ဦးညွန့်ဝင်းအောင် (နေပြည်တော်၊ ပျဉ်းမနား) ဖုန်း-၀၉-၄၉၂၀၉၀၇၆

ကျင်းပရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၈၁၅၅၊ Toyota Landcruiser, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသက်ခိုင် ၁၄/ဟသတ(နိုင်)၀၄၆၉၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အများသိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ ရာမဏီတောင်ကွင်း၊ ကွင်းအမှတ်-၆၆၄/အေ၊ ဦးပိုင်အမှတ်-၁၁၃၊ ဧရိယာ ဒသမ ၆၅ဧကရှိ မြေကွက်အတွင်းမှ ဒသမ ၀၇ဧကရှိမြေကို စာချုပ်အဆက်အစပ်ဖြင့် ဒေါ်ထားထားဦး ၁၂/ဒပန(နိုင်)၀၁၆၀၃၀ထံမှ ဒေါ်ငွေငွေမြင့် ၁၂/မဂတ(နိုင်)၀၄၂၀၂၈က လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ၂၀၁၂-၂၀၁၃ မြေခွန်ပြေစာတွင် ဦးဝင်းခိုင်ဌေးအမည်ပေါက်ဖြင့် လက်ရှိထားသည့်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် စပ်လျဉ်း၍ ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံခတ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း မပြုလုပ်ရန်နှင့် ပိုင်ရေးဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်းမပြုလုပ်ရန် သတိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုခံရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ငွေငွေမြင့် ၁၂/မဂတ(နိုင်)၀၄၂၀၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဟန် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၇၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၁၊ လူနေရပ်ကွက်အမှတ် (မြင်သာစုပေါင်း)၊ မြေကွက်အမှတ် ၁၄၀/၂ ဟုခေါ်တွင်သော ၀ ဒသမ ၀၈၉ ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူများဖြစ်သော ဦးရဲကြူ ၁၂/ဥကတ(နိုင်)၀၉၉၉၉၆နှင့် ဒေါ်ဝင်းဝင်းရီ ၁၂/ဥကတ(နိုင်)၁၀၂၁၀၅တို့ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာလွင်	**ဒေါ်အေးနန္ဒာဝင်း**	**ဒေါ်မိတင်ဇာလင်း**
စဉ်-၂၅၇၁၀	**စဉ်-၂၈၀၂၆**	**စဉ်-၃၀၄၉၁**
LL.B,D.B.L,D.M.L,D.I.L	**LL.B, D.B.L, D.M.L**	**LL.B, D.B.L, D.M.L,D.I.L**

အထက်တန်းရှေ့နေများ
အမှတ် ၉/၁၁၊ အခန်း ၁၀၂/ဘီ၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ ပညာ ၁၃ လမ်း၊ မြေကွက်အမှတ် ၉၈၁ ဟုခေါ်တွင်သော နှစ်၆၀မြေငှားဂရန်မြေကွက်အား ဦးထွန်းဦး၊ မထွေးရီ၊ ဒေါ်စောရီတို့ သုံးဦးအမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်းမြေ(အလျား၆၀ပေ×အနံ၄၀ပေ) မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်အစွန်ဆုံးအခြမ်း ပေ(၆၀×၁၅)ရှိ မြေကွက်+ အဆောက်အအုံအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စောရီ S/OKA-၀၁၇၀၈၉ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအေးထွန်း ၁၂/ဥကတ(နိုင်)၀၄၁၁၁၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇင်မင်းထိုက် LL.B, D.B.L	**ဒေါ်နှင်းဝတ်ရည် LL.B**
အထက်တန်းရှေ့နေ (စဉ်-၃၀၀၉၄)	**အထက်တန်းရှေ့နေ (စဉ်-၃၀၁၅၁)**

အမှတ် ၈၇၅/က၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၄၅၂၂၈၂၊ ၀၉-၄၂၁၇၁၇၄၃၅

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013)ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း။

ဦးစိုးမြင့် (တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်)နှင့်ဇနီး ဒေါ်ဝါဝါကျော်

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013)ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း။

ဦးသိန်းတင် (တိုင်းဒေသကြီးဥပဒေအရာရှိ)နှင့်ဇနီး ဒေါ်မြရီ
တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ခရိုင်နှင့်မြို့နယ် ဥပဒေရုံးများမှ
အရာရှိ/ဝန်ထမ်းများ၊ တနင်္သာရီတိုင်းဒေသကြီး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မအူပင်ခရိုင်တရားရုံး
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၄

မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီ လီမိတက် (၄င်း၏ကိုယ်စားလှယ်စာရသူ ဦးချိုဝင်းလှိုင်) **နှင့်** ဦးတင့်လွင်
တရားနိုင် **တရားရှုံး**

ယခင် ရန်ကုန်တိုင်းတရားရုံး ၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၁၃၄၈တွင် ချမှတ်ခဲ့သောဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၅ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဈေးလမ်း၊ စည်ပင်ဈေးဆိုင် (ဆ/၅) လွင်စိုက်ပျိုးရေးဆေးဆိုင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၁၀ တိတိ။

လေလံတင်ရောင်းချရမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်းအောင်)
ခရိုင်တရားသူကြီး၊ မအူပင်ခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅(အီး)၊ မြေကွက်အမှတ်-၄၅(အေ^၁)၊ ဧရိယာ ၀ဒသမ၁၇၀ဧကရှိ မြေပိုင်မြေနှင့်မြေကွက်ပေါ်ရှိ အာရ်စီသုံးထပ်တိုက်အဆောက်အအုံနှင့် အခြားအကျိုးခံစားခွင့်များအားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းမြင့် ၁၂/လမတ(နိုင်)၀၂၉၁၂၃၊ (၂၈)(ဘီ^၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသောအထောက်အထားပြသ၍ ဤကြေညာသည့်ရက်မှ ရက်သတ္တပတ်အတွင်း ကျွန်ုပ်ထံသို့စာဖြင့် ရုံးချိန်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကို B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေကြီး၊ စဉ်-၁၅၄၇
၂၇/ဘီ(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကျောင်းကြီးရပ်ကွက်၊ သဃ်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ အောင်စည်းခံဘုရားလမ်း၊ အမှတ်(၁၄၁/၁၄၂)ရှိ ဥယျာဉ်ခြံမြေအမျိုးအစား၊ အကျယ် ၇၅ ပေ×၂၁၉ ပေအကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးခိုင်မင်းအောင်(တီဂျီအိုင်-၀၀၂၅၆၇)အမည်ဖြင့် ရရှိထားသောမြေကွက်ဖြစ်၍ ယင်းမြေကွက်နှင့်တကွ အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးခိုင်မင်းအောင်ထံမှ ဦးဝင်းကျော် ၁၄/ဟသတ(နိုင်)၀၇၇၁၂၃ကလည်းကောင်း၊ ဦးဝင်းကျော်ထံမှ ယခုရောင်းချသူ ဦးတာရာက ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးအေး ၁၂/ဥကတ(နိုင်)၀၄၃၆၀၃က ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသာထွန်း B.A,R.L	**ဦးသော်ဇင် LL.B**	**ဒေါ်ဝတ်ရည်ဝင်း LL.B**
တရားလွှတ်တော်ရှေ့နေ(၁၉၀၁)	**အထက်တန်းရှေ့နေ(၃၁၈၅၄)**	**အထက်တန်းရှေ့နေ(၂၈၂၁၅)**
ဖုန်း-၀၉-၉၆၉၉၄၈၄၊ ၀၉-၄၂၁၁၃၉၃၅၇	**ဖုန်း-၀၉-၄၃၀၆၄၂၈၁**	**ဖုန်း-၀၉-၄၂၀၂၇၆၅၃၀**

အမှတ် ၂၀၂၊ ဥက္ကာ ၇လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ ပင်လုံလမ်း၊ တိုက်အမှတ်၈၊ အခန်း ၁၀ အမည်ပေါက် ဒေါ်မြင့်မြင့်စန်း ၁၂/ဥကတ(နိုင်)၀၁၂၄၅၂ထံမှ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်(၈-၉-၂၀၁၃)ဖြင့် ဝယ်ယူထားသူ ဦးအေးလူ(ခ)ဦးဟန်ညွန့် ၁၂/သဃက(နိုင်)၀၀၈၃၂၂က အဆောက်အအုံနေထိုင်ခွင့်စာချုပ်နှင့် တိုက်ခန်းအရောင်းအဝယ်စာချုပ်တို့တင်ပြ၍ တိုက်ခန်းအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာ့အလင်း

‹၂၇› ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ အထူးကဏ္ဍ

2 7 th S E A Games Special

2013, December 16, Monday

ပြေးခုန်ပစ်အားကစားပြိုင်ပွဲ လမ်းလျှောက်ပြိုင်ပွဲ မြန်မာနိုင်ငံမှ စောမာလာနွယ် ရွှေတံဆိပ်ဆုဆွတ်ခူး

ဒီဇင်ဘာ ၁၅ရက်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် စောမာလာနွယ် ပန်းဝင်လာစဉ်။
(ဓာတ်ပုံ-စိုးညွန့်)

နေပြည်တော်
ဒီဇင်ဘာ ၁၅

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ဖွင့်လှစ်လိုက်ပြီဖြစ်ရာ မြန်မာနိုင်ငံမှ ပြေးခုန်ပစ်အားကစားမယ် စောမာလာနွယ်က အိမ်ရှင်မြန်မာအတွက် အမြန်လမ်းလျှောက်အားကစားနည်းဖြင့် ပွဲဦးထွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးလိုက်ပြီဖြစ်သည်။

ကီလိုမီတာ ၂၀ အမြန်လမ်းလျှောက်ပြိုင်ပွဲတွင်ရွှေတံဆိပ်ဆုဆွတ်ခူးပေးလိုက်ခြင်းဖြစ်သည်။ စောမာလာနွယ်သည် အဆိုပါပြိုင်ပွဲတွင် စံချိန် ၁ နာရီ ၃၅ မိနစ် ၀၃ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဗီယက်နမ်မှ THI THANH PHUC NGUYEN က ၁ နာရီ ၃၇ မိနစ် ၀၈ စက္ကန့်ဖြင့် ဒုတိယငွေတံဆိပ်ဆွတ်ခူးသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကေခိုင်မျိုးထွန်းက စံချိန် ၁နာရီ ၄၀ မိနစ် ၁၅ စက္ကန့်ဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသားကီလိုမီတာ ၂၀ အမြန်လမ်းလျှောက်ပွဲတွင်လည်း မြန်မာနိုင်ငံမှ မျိုးမင်းသီဟက ကြေးတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားမှ HENDRO HENDRO က ၁ နာရီ ၂၉ မိနစ် ၄၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ရသည်။ ဗီယက်နမ်မှ XUAN VINH VO က ငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် ဗီယက်နမ်၊ မလေးရှား၊ ထိုင်းတို့မှ ပြေးခုန်ပစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နှစ်ဦး၊ ဗီယက်နမ်နှင့် ထိုင်းတို့မှ တစ်ဦးစီ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအမျိုးသမီးများက ပထမနှင့် တတိယနေရာမှ ပန်းဝင်ခဲ့ကြသည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာမှ နှစ်ဦး၊ မလေးရှားမှနှစ်ဦး၊ အင်ဒိုနီးရှားမှတစ်ဦး၊ ဗီယက်နမ်မှတစ်ဦး၊ ထိုင်းမှတစ်ဦးစီ နောက်ဆုံးအဆင့်ပြိုင်ပွဲအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ မျိုးမင်းသီဟက ကြေးတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့သည်။

မြင့်မောင်စိုး

ဒီဇင်ဘာ ၁၅ရက်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် မြန်မာသံလုံးပစ်အားကစားသမား အောင်နိုင်မျိုး ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။
(ဓာတ်ပုံ-ဟိန်းထက်)



အမျိုးသမီးတာဝေးစက်ဘီးပြိုင်ပွဲ ကီလိုမီတာ ၃၀ တစ်ဦးတည်းဝင်ရောက်ယှဉ်ပြိုင်သည့် စင်ကာပူနိုင်ငံမှ ရွှေတံဆိပ်ဆုဆွတ်ခူး

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးတာဝေးစက်ဘီးပြိုင်ပွဲ ကီလိုမီတာ ၃၀ ကို ယနေ့နံနက် ၉နာရီက ရာဇဌာနီလမ်း၊ နှင်းဆီဝိုင်းအနီး၌ကျင်းပပြီး မြန်မာနိုင်ငံမှ ကစားသမားနှစ်ဦး၊ မလေးရှားနိုင်ငံမှ နှစ်ဦး၊ ထိုင်းနိုင်ငံမှ နှစ်ဦး၊ စင်ကာပူနိုင်ငံမှ တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ တစ်ဦးနှင့် တီမောလက်စ်တေနိုင်ငံမှတစ်ဦး စုစုပေါင်းအားကစားသမား ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ ကျောနံပါတ် (၆၃)က ပထမ(ရွှေတံဆိပ်ဆု)၊ ထိုင်းနိုင်ငံမှ ကျောနံပါတ် (၇၀)က ဒုတိယ(ငွေတံဆိပ်ဆု)နှင့် အင်ဒိုနီးရှားနိုင်ငံမှ ကျောနံပါတ် (၁၇)က တတိယ(ကြေးတံဆိပ်ဆု) အသီးသီးရရှိသည်။ ၎င်းဆုတံဆိပ်များကို အာရှစက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဦးတို့က ချီးမြှင့်ပေးသည်။ ယင်းနောက် အမျိုးသားတာဝေးစက်ဘီးပြိုင်ပွဲ ကီလိုမီတာ ၅၀ ကို မွန်းလွဲ ၂ နာရီတွင် အဆိုပါနေရာ၌ ဆက်လက်ကျင်းပခဲ့သည်။

သတင်း-ဖြိုးဖြိုး၊ သိမ့်သိမ့်၊ ဓာတ်ပုံ-သူရ(တောင်ငူ)

ဒီဇင်ဘာ ၁၅ ရက်က ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် လာရောက်အားပေးကြည့်ရှုကြသည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အလံကို ကိုင်မြှောက်၍ လွှင့်ထူအားပေးကြစဉ်။ ဓာတ်ပုံ-သူရ(တောင်ငူ)

ရွှေရောင်အိပ်မက် မပျက်ပြယ်လိုကြသည့် မြန်မာပရိသတ်များ၏ ရင်တွင်းခံစားချက်များကို ထုဆစ်ပုံဖော်ခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသည်ကား ကျင်းပသည့်အချိန်ကာလတို့ တရွေ့ရွေ့ကုန်ဆုံးလာသည်နှင့်အမျှ မြန်မာပရိသတ်တို့၏ ရွှေရောင်အိပ်မက်နှင့်ရွှေဆုလဒ်မျှော်မှန်းချက်များက ပိုမိုရှင်သန်ကြီးထွားလာချေပြီဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားပြီးဆုံးချိန်မှစတင်ကာ နေ့စဉ်နေ့တိုင်း မြန်မာနိုင်ငံအားကစားအသင်းများ၏ ရွှေတံဆိပ်ရယူပိုင်ဆိုင်မှုနှင့် အခြားနိုင်ငံများအလိုက် ရွှေရယူပိုင်ဆိုင်မှုအခြေအနေများကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများ၊ စာစောင်များတွင် သီးသီးသန့်သန့် ဖော်ပြရေးသားကြေညာပေးလျက်ရှိရာ အားကစားဝါသနာရှင် ပရိသတ်များ၊ ရွှေရောင်အိပ်မက်မက်လိုသူ ပြည်သူများအတွက် တိုင်း၍ရက်သည့် ကပွလာ၊ မိုးရွာသည်နှင့်အဆင်သင့်ဟု ဆိုရလောက်အောင် ကောင်းမွန်သည့် အစီအစဉ်များဖြစ်နေသည်။

ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မြားပစ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် Men's Recurve Individual ပြိုင်ပွဲကို လာရောက်ကြည့်ရှုအားပေးသူပရိသတ်တစ်ဦးဖြစ်သည့် ဦးကျော်ထွန်းက သူ၏အမြင်နှင့်သုံးသပ်ချက်ကိုပြောပြရာတွင် "ကျွန်တော်က နေပြည်တော်ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်က လာအားပေးတာပါ၊ ကျွန်တော်က သေနတ်ပစ် အားကစားနဲ့ မြားပစ်အားကစားကို ပိုပြီးခုံမင်တယ်။ ပြောရရင် ကျွန်တော်တို့ အားကစားသမားတွေတော်တော်များများမှာ အားနည်းချက်လေးတွေရှိနေသေးတယ်ဆိုတာ တွေ့ရတယ်။ အားကစားဆိုတာရဲ့ သဘောကိုက အရှုံးနဲ့အနိုင်ဆိုတာရှိတယ်လေ။ အနိုင်ရရင် ပျော်ရွှင်ရမှာဖြစ်သလို အရှုံးနဲ့ရင်ဆိုင်ရရင်လည်း လက်ခံနိုင်ဖို့လိုပါတယ်။ ပရိသတ်တစ်ယောက်အနေနဲ့ပြောရရင် မြားပစ်အားကစားသမားတွေတင်သာမကဘဲ ကျန်တဲ့အားကစားပြိုင်ပွဲတွေကို ယှဉ်ပြိုင်နေကြတဲ့ အားကစားသမားတွေအားလုံးကို ထွန်းပေါက်အောင်မြင်စေချင်ပါတယ်။ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်တဲ့သူတွေ ဖြစ်စေချင်ပါတယ်"ဟု ပြောပြသည်။ အလားတူ အဆိုပါပြိုင်ပွဲကို လာရောက်ကြည့်ရှုနေသူ ဂျပန်နိုင်ငံမှ ကွန်ပျူတာကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည့် မစ္စတာ ကိုဂျိအိရှိဒက "ကျန်ခဲ့တဲ့နှစ် အောက်တိုဘာလက နေပြည်တော်ကိုရောက်ပါတယ်။ ဒီမြားပစ်ပြိုင်ပွဲကိုလာပြီးအားပေးရတာ အလွန်အမင်း စိတ်လှုပ်ရှားမိတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်းဂျပန်မှာ တက္ကသိုလ်တက်တုန်းက မြားပစ်အားကစားကိုကောင်းကောင်းလေ့လာလိုက်စားခဲ့ဖူးတော့ ဒီအားကစားကို တော်တော်ကြိုက်ပါတယ်။ မြားပစ်အားကစားဆိုတာ စိတ်တည်ငြိမ်ဖို့ အလွန်အရေးကြီးပါတယ်။ တော်တန်ရုံအပြင်အာရုံပျံ့လွင့်လို့မရတဲ့ ကစားနည်းဖြစ်ပြီး ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့အတူ တည်ငြိမ်စွာ ကစားရတာမို့လို့ တကယ့်ကိုခက်ခဲနက်နဲတဲ့ အားကစားနည်းတစ်ခုဆိုတာ အထူးပြောစရာမလိုပါဘူး" ဟု ဖြေကြားခဲ့သည်။

အလားတူ မြန်မာ့အားကစားလောက ပိုမိုမြင့်မားတိုးတက်လာစေလိုသည့် အားကစားပရိသတ်များကလည်း သူတို့ ရင်တွင်းခံစားချက်မျိုးစုံကို ရှုထောင့်မျိုးစုံမှ ရင်ဖွင့်ပြောကြားကြရာတွင်. . .

ကိုတင်ထွန်း(အငှားယာဉ်မောင်း) နေပြည်တော်

"မြန်မာအားကစားသမားလေးတွေကို ချစ်ပါတယ်။ ဒါကြောင့်လည်း ဘယ်လောက်ဝေးဝေးအပင်ပန်းခံပြီး လိုက်အားပေးဖြစ်တယ်။ အခုကတော့ ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်ပရိသတ်ရှေ့မှာ ပြိုင်ကြရတာဖြစ်တဲ့အတွက် အင်ပြည့်အားပြည့် ယှဉ်ပြိုင်ကစားကြစေချင်တယ်။ သူတို့တွေ အောင်မြင်မှုရရှိကြမှသာ နိုင်ငံ့ဂုဏ်ကျက်သရေမြင့်မားလာမှာလေ"

မစန်းစန်းလွင်(ကျောင်းဆရာမ) နေပြည်တော်

"အားကစားသမားတွေ ပြိုင်ပွဲဝင်ခါနီးတိုင်းမှာ အဆိုတော်မျိုးကြီးရဲ့ အမ်ဝိုင်အေအင်န်အမ်အေအာရ် မြန်မာ မြန်မာ မြန်မာတဲ့ ဟေ့ဆိုတဲ့ သီချင်းစာသားလေးကို ဖွင့်ပြလို့ရရင်ကောင်းမယ်။ သူတို့လို အားကစားသမားတွေ မပြောနဲ့၊ ကျွန်မတို့ ပရိသတ်တွေတောင် ကြားလိုက်ရတဲ့အချိန်တိုင်း ရင်ထဲမှာ အားတက်လာသလို ခံစားရတာအမှန်ပဲ။"

ဦးစန်းမြင့်အောင် (မြို့မဈေး)

"ပြိုင်ပွဲအစမှာ အောက်ခြေကအသင်းတွေရဲ့ ဆုတံဆိပ်ရရှိမှုအခြေအနေတွေက အခုဆိုရင် ဇယားထိပ်မှာရှိနေတဲ့ မြန်မာနဲ့ နီးနီးကပ်ကပ်ရှိလာပြီဆိုတော့ နည်းနည်းစိတ်ပူလာတာအမှန်ပဲ။ မြန်မာအားကစားအသင်းတွေ ပိုပြီးကြိုးစားဖို့တော့လိုနေပြီလို့ ခံစားရတယ်။ နိုင်ငံတော်အပိုင်းရော။ ကျွန်တော်တို့ ပရိသတ်အပိုင်းကပါ သူတို့ကို အစွမ်းကုန်အားပေးနေတာပဲဗျာ။ ဒီတော့ စွမ်းအားအပြည့်ထုတ်သုံးပြီး ကျန်တဲ့နိုင်ငံတွေကို အပြတ်အသတ်နောက်မှာ ချန်ထားနိုင်ခဲ့ဖို့ မျှော်လင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ပြည်သူတွေ၊ ပရိသတ်တွေ အားရပျော်ရွှင်ကျေနပ်ရမှာပါ။"

"ဒီဇင်ဘာ ၁၃ရက်က မြန်မာကရွှေ ၂၆ ခုရထားပေမယ့် ဇယားအောက်က ဗီယက်နမ်က ၂၂ ခုရရှိနေတာကိုတွေ့နေရတယ်။ အလားတူပဲ ကျန်တဲ့ ထိုင်းအသင်းတွေ၊ အင်ဒိုနီးရှားအသင်းတွေကလည်း မနီးယိုးစွဲလိုက်နေတာ ကို တွေ့နေရတော့ စိတ်ပူမိတာအမှန်ပဲဗျ" ဟုလည်း သူ၏ ပူပန်မှုအတွေးများကို ဖွင့်ဟပြောကြားခဲ့သည်။

(၄၄) နှစ်တာကာလကို ကြာရှည်စွာ ဖြတ်သန်းကျော်လွန်ခဲ့ပြီးမှ ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကြီး၏ ထည်ဝါခမ်းနားသိုက်မြိုက်စည်ကားမှုကို ကမ္ဘာနှင့်အဝန်းအသိအမှတ်ပြုလက်ခံလာချိန်တွင် မြန်မာနိုင်ငံ အားကစားအသင်းများ၏ အောင်မြင်မှုများကို မွတ်သိပ်ဆာလောင်နေကြသည့် မြန်မာပရိသတ်များအတွက် ယခုပြိုင်ပွဲကြီး၌ ဝင်ရောက်ယှဉ်ပြိုင်နေကြသော အားကစားသမားများက တစ်စုံတစ်ခုသော အတိုင်းအတာအထိ အောင်မြင်မှုများဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

အောင်နိုင်(သတင်းစဉ်)

၁၀ မီတာ အမျိုးသားလေသေနတ် ဗီယက်နမ်အသင်းလိုက်နှင့် တစ်ဦးချင်းအလို

ရန်ကုန် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီး၏ (10M Air Pistol Men) ၁၀ မီတာ အမျိုးသားလေသေနတ်ပစ် အားကစားပြိုင်ပွဲ ပွဲစဉ်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်က စတင်ကျင်းပခဲ့ရာ အသင်းလိုက် ၁၀ မီတာ အမျိုးသားလေသေနတ်ပစ် အားကစားသမား ၁၅ ဦးတို့မှ ပြိုင်ပွဲအဖွင့်စတင်ဆိုင်းညှိပစ်ခတ်ခဲ့ကြပြီး နံနက် ၉ နာရီမှ ၁၀ နာရီ ၁၅ မိနစ်အထိ နိုင်ငံပေါင်း ငါးနိုင်ငံမှ ၁၀ မီတာ အမျိုးသားလေသေနတ်ပစ် အားကစားပြိုင်ပွဲ၏ အသင်းလိုက် ၁၅ ဦးပွဲစဉ်များအား စတင်ကျင်းပခဲ့သည်။

အဆိုပါ ၁၀ မီတာ အမျိုးသားလေသေနတ်ပစ်အားကစားပြိုင်ပွဲ၏ အသင်းလိုက်ပွဲစဉ်များတွင် ဗီယက်နမ်အသင်းက စုစုပေါင်းရရှိအမှတ် ၁၇၀၅ ဒသမ ၅၀ မှတ်ဖြင့် ပထမဆု (ရွှေတံဆိပ်)၊ စင်ကာပူအသင်းက စုစုပေါင်းရရှိအမှတ် ၁၇၀၃ ဒသမ ၄၆ မှတ်ဖြင့် ဒုတိယဆု(ငွေတံဆိပ်)၊ မလေးရှားအသင်းက စုစုပေါင်းရရှိအမှတ် ၁၇၀၂ ဒသမ ၄၇ မှတ်တို့ဖြင့် အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ဆွတ်ခူးရရှိ

ထို့နောက် နိုင်ငံအလိုက် ၁၀ မီတာ အမျိုးသားလေသေနတ်ပစ် အားကစားသမားများထဲမှ အမှတ်အများဆုံးရရှိသူရှစ်ဦးအား ရွေးချယ်ကာ FINAL SHOOTING တစ်ဦးချင်းအလိုက် ၁၀ မီတာ အမျိုးသားလေသေနတ်ပစ်အားကစားပြိုင်ပွဲကျင်းပသည်။ အဆိုပါ တစ်ဦးချင်း အလိုက် ၁၀ မီတာ အမျိုးသားလေသေနတ်ပစ် အားကစားပြိုင်ပွဲ

» စာမျက်နှာ ၄ မှ

ဒုတိယဗိုလ်လုပွဲ အစီအစဉ်အဖြစ် အာဆီယံစစ်တုရင်ပုံမှန် တစ်ဦးချင်း အမျိုးသားပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပရာ ထိုင်းနိုင်ငံသား ကောစီး ဗိုလ်စွဲကာ ဒုတိယဆုကိုလည်း ထိုင်းနိုင်ငံသား ဆေရ်းဟာန် ကပင်ရရှိခဲ့ပြီး မြန်မာနိုင်ငံမှ နေဦးကျော်ဒွန်းက တတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။

ဆုပေးပွဲ အစီအစဉ်များကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁၆ ရက်တွင် အသင်းလိုက် ရိုးရာစစ်တုရင်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြေးခုန်ပစ် မီတာ ၄၀၀ အပြေးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံမှ အပြေးမယ် ယဉ်ယဉ်ခိုင် ဝင်ရောက်ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-ကျော်သူဝင်း

လေသေနတ်ပစ်အားကစားပြိုင်ပွဲ ကျင်းပ
စ်ဦးချင်းအလိုက်ပွဲစဉ်များ ရွှေတံဆိပ်ဆွတ်ခူးရရှိ

ပါင်းရရှိအမှတ် ်ဖြင့် ပထမဆု ာပူအသင်းက ၁၇၀၃ ဒသမ ဆု(ငွေတံဆိပ်)၊ စုစုပေါင်းရရှိ မ ၄၇ မှတ်တို့ ူးရရှိခဲ့သည်။

ရှိ

င်အလိုက် ၁၀ လသေနတ်ပစ် းထဲမှ အမှတ် းအား ရွေးချယ် SHOOTING ၁၀ မီတာ ်ပစ်အားကစား အဆိုပါ တစ်ဦး ာ အမျိုးသား းကစားပြိုင်ပွဲ

တွင် ဗီယက်နမ်နိုင်ငံမှ HOANG XUAN VINH က ပထမဆု (ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ မလေးရှားနိုင်ငံမှ CHEW EDDY က ဒုတိယဆု (ငွေတံဆိပ်)ဆုကိုလည်းကောင်း၊ စင်ကာပူနိုင်ငံမှ LIM SWEE HON က တတိယဆု(ကြေးတံဆိပ်) ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးခဲ့ကြပြီး ယနေ့အထိ ဗီယက်နမ်နိုင်ငံမှ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုတို့ကို ဆွတ်ခူးရရှိထားကြောင်း မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ ထုတ်ပြန်ချက်အရသိရသည်။

ယနေ့ ဖိုင်နယ်တစ်ဦးချင်းအလိုက် ပွဲစဉ်တွင် မြန်မာနိုင်ငံမှ ရဲထွန်းနောင်က ကျည် ၁၆ တောင့်ပစ်ခတ်ချိန်၌ ပစ်မှတ်အလယ်ဗဟို ၁၀ ဒသမ ၉ ကို မထိမှန်ဘဲ အမှတ် ၆ ဒသမ ၇မှတ် ဖြစ်သွားသောကြောင့်

နား လိုက်ရခြင်းဖြစ်ပြီး ၎င်းတတိယဆု (ကြေးတံဆိပ်) ရရှိမည့်နေရာသို့ စင်ကာပူနိုင်ငံမှ LIM SWEE HON က ဆွတ်ခူးရရှိသွားသောကြောင့် အဆိုပါတတိယဆု (ကြေးတံဆိပ်)နှင့် လွဲချော်ခဲ့ရခြင်း ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)

ပီတန်းအမျိုးသားတစ်ဦးချင်း မြန်မာရွှေရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ပီတန်းအားကစားနည်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ မြန်မာအသင်းက ရွှေဆုရယူပေးနိုင်ခဲ့ပြီး အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေဆုရရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ ဆီမီးဖိုင်နယ်သို့ မြန်မာ၊ထိုင်း၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ရောက်ရှိခဲ့ကြသည်။ မြန်မာနှင့်ထိုင်းအသင်းယှဉ်ပြိုင်ကြရာတွင် မြန်မာအသင်းက ရွှေရရှိခဲ့ပြီး ထိုင်းအသင်းက ဒုတိယ၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းမှ အားကစားသမားတို့က တတိယဆု များ ဆွတ်ခူးနိုင်ခဲ့သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေဆုကို ယမန်နေ့က ဆွတ်ခူးပေး နိုင်ခဲ့သော်လည်း ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည့် နှစ်ယောက်တွဲပြိုင်ပွဲတွင်မူ ဆီမီးဖိုင်နယ် အဆင့်သို့ပင် တက်ရောက်နိုင်ခြင်းမရှိဘဲ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့က ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့က ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကာ ထိုင်းအသင်းမှာ ရွှေဆုနှင့် ကမ္ဘောဒီးယားမှာ ဒုတိယဆု၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့က တတိယဆုကို ပူးတွဲဆွတ်ခူးနိုင်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-ခင်ရတနာ

ရွှေမြန်မာပြည် ရွှေဂုဏ်ရည်

* အခွင့်လည်းသာ၊ အခါလည်းသင့်
မြင့်ကြစွမ်းရည်၊ ညီကြအားမာန်
အောင်ပွဲခံကြ၊ ရွှေလျှံခစေ
မြန်မာ့ရွှေပြည် ရွှေဂုဏ်ရည်၊
ရွှေရောင်လွှမ်းလို့ လှစေမည်။

* တစ်နိုင်ငံလုံး၊ ပျော်မဆုံးပဲ
အုန်းအုန်းကျွက်ကျွက်၊ တစ်ခဲနက်ဖြင့်
လက်ခုပ်သံတွေ၊ လျှံထွက်စေအောင်
မောင်မယ်တို့သည်၊ စွမ်းအားညီတူ
ပြည်သူမျှော်မှန်း၊ ရွှေပျော်လွှမ်းဖို့
ကြိုးပမ်းလှရန်၊ ချိန်ခါတန်ပြီ
မြန်မာ့ဂုဏ်ရည် ရွှေဂုဏ်ရည်။
ရွှေဂုဏ်ဆောင်ကြ အောင်ရမည်။

* ဩော်…
"အဓိက"ကား၊ မြန်မာ့ဘောလုံး
ထိပ်ဆုံးပြန်ရောက်၊ ရွှေလျှံတောက်၍
နောက်ကျမကျန်၊ ရှေ့ရောက်ရန်နှင့်
ပြည်မြန်မာကို၊ ချစ်သည်ဆိုသော်…
ပြည်သူများကို၊ ချစ်သည်ဆိုသော်…
အိုး…ဘာကြောက်ရ၊ ဘာနောက်ကျအံ့
မြန်မာ့အားကစား မြင့်ကြမည်။
မြန်မာ့အားကစား မြင့်ကြရမည်။
ရွှေမြန်မာပြည် ရွှေဂုဏ်ရည်။ ။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအောင်နိုင်ရေးသို့

ခင်ဖုန်းကြည်(မိုင်းပွန်)

မြန်မာဂေါက်သီးကစားသမားသတ္တမနေရာ၌ယှဉ်ပြိုင်နေ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ တစ်ဦးချင်း ဂေါက်သီးပြိုင်ပွဲများကို နေပြည်တော်ရှိ Royal Myanmar Golf Club ၌ ကျင်းပလျက်ရှိရာ ကစားသမား ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး မလေးရှားကစားသမားက ဦးဆောင်လျက်ရှိကာ မြန်မာနိုင်ငံမှ မျိုးဝင်းအောင်က ခုနစ်ချက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ယနေ့ကျင်းပသည့် တစ်ဦးချင်းပွဲစဉ်၏ နောက်ဆုံးရလဒ်များကို ဆီးဂိမ်းဂေါက်သီးပြိုင်ပွဲ ကျင်းပရေးကော်မတီကထုတ်ပြန်ခဲ့ရာ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကစားသမားများက လေးချက်စီ၊ အင်ဒိုနီးရှားမှ သုံးချက်နှင့် မြန်မာနိုင်ငံမှ မျိုးဝင်းအောင်၊ ဗီယက်နမ်ကစားသမား၊ စင်ကာပူကစားသမားတို့က နှစ်ချက်စီ အသီးသီး လျော့ရိုက်ထားပြီး သိန်းနိုင်ဦးက ရိုက်ချက်တစ်ချက်လျော့ကာ ယှဉ်ပြိုင်လျက်ရှိပြီး ရဲထက်အောင်နှင့်မောင်မောင်ဦးတို့မှာလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီပိုရိုက်ကာ ကြိုးစားယှဉ်ပြိုင်လျက်ရှိသည်။

ခင်ရတနာ

မြန်မာဟော်ကီရှုံးပွဲရှိသော်လည်း ငွေတံဆိပ်မျှော်မှန်းထား

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်းတွင် ဟော်ကီပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက ဗီယက်နမ်အသင်းနှင့်မလေးရှားအသင်းတို့ အမျိုးသားပွဲစဉ်ယှဉ်ပြိုင်ရာတွင် မလေးရှားက ဗီယက်နမ်အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ခဲ့ပြီး ဒုတိယပွဲစဉ်ဖြစ်သော မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ယှဉ်ပြိုင်ကြရာ မြန်မာအသင်းမှ ဂိုးသွင်းရိုက်ချက်များရရှိခဲ့သော်လည်း လွဲချော်ချက်များကြောင့် ပရိသတ်များအားမလိုအားမရဖြစ်ကာ စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ သက်တမ်းနုသော မြန်မာ့ဟော်ကီအသင်းသည် ပြည်ပပြိုင်ပွဲအတွေ့အကြုံရှိသော ပြိုင်ဘက်အသင်းများနှင့်ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ပုံကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။

"စင်ကာပူကိုရှုံးခဲ့ပေမယ့် ဗီယက်နမ်အသင်းကျန်ပါသေးတယ်။ အဲဒီအသင်းကို ကျွန်တော်တို့နိုင်မယ်လို့ ယုံကြည်ပါတယ်။ တတိယနေရာလုရပါလိမ့်မယ်။ မြန်မာဟော်ကီသက်တမ်းနုပါသေးတယ်။ ဆီးဂိမ်းမှာ ဟော်ကီအားကစားက နောက်တိုးပါဝင်ခဲ့တဲ့ အားကစားတစ်ခုပါ။ ဒါကြောင့် အသင်းကို ဟော်ကီကစားရမယ်ဆိုတာ ဒီနှစ်ဖေဖော်ဝါရီမှ သိခဲ့ရတာပါ။ မြန်မာအမျိုးသား၊ အမျိုးသမီးဟော်ကီအသင်းကတော့ အကောင်းဆုံးကြိုးစားပြီးရိုက်ခဲ့တာကို ပရိသတ်အမြင်ပါပဲ။ မနေ့ကပွဲဆိုရင် မလေးရှားနဲ့ ကမ္ဘောဒီးယားပွဲမှာ ၃၆ ဂိုး-ဂိုးမရှိနဲ့ မလေးရှားကနိုင်တယ်။ မြန်မာအမျိုးသမီးအသင်းအနေနဲ့ ခြောက်ဂိုးပဲ ရှုံးခဲ့တယ်။ မလေးရှားအသင်းက ကမ္ဘာ့အဆင့် ၁၁ ရှိပါတယ်။ စင်ကာပူဆိုရင်အဆင့် ၃၃ မှာရှိတယ်။ ဒီလိုအသင်းမျိုးတွေနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ ပေးဂိုးနည်းအောင် ထိန်းရိုက်ရတယ်။ အမေရိကန်အသင်းဆိုရင် ကမ္ဘာ့အဆင့် ၁၈ ရှိပါတယ်။ လေ့ကျင့်ချိန် တိုတောင်းတဲ့ကာလအတွင်းမှာ မြန်မာဟော်ကီအသင်းက ထဲထဲဝင်ဝင်လေ့ကျင့်ပြီး ပြိုင်ပွဲဝင်ခဲ့ရပါတယ်။ ဆုတစ်ခုတော့ မျှော်မှန်းထားပါတယ်။ ငွေကိုမျှော်မှန်းထားပြီး အတတ်နိုင်ဆုံးကြိုးစားကာ မြန်မာဟော်ကီအသင်းယှဉ်ပြိုင်နေပါတယ်" ဟု မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဒုဥက္ကဋ္ဌဖြစ်သော ဦးစောလုလုထော်က ရှင်းပြခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)

ပြေးခုန်ပစ်
၌ ကျင်းပရာ
စဉ်။
-ကျော်သူဝင်း



မြန်မာကရာတေးဒိုအမျိုးသမီး အသင်းလိုက် ကုမိတဲ့အတိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ထိသာ တက်ရောက်နိုင်ပြီး ကြေးတံဆိပ်ရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကရာတေးဒိုပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့ရာ အမျိုးသားအသင်းလိုက် ကုမိတဲ့အတိုက်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့်မလေးရှားအသင်း နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက အနိုင်ရရှိပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အမျိုးသမီးအသင်းလိုက် ကုမိတဲ့အတိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကိုလည်းကောင်း၊ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို လည်းကောင်း၊ ဗီယက်နမ်အသင်းက လာအိုအသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

မြန်မာကရာတေးဒိုအမျိုးသမီးအသင်းလိုက် ကုမိတဲ့အတိုက်ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အင်ဒိုနီးရှားအသင်းကို ပထမအဆင့် (Round-1) တွင် အနိုင်ရရှိခဲ့ပြီး (Round -2,3)တွင် ရှုံးနိမ့်၍ ဗိုလ်လုပွဲမတက်နိုင်ဘဲ ဆီမီးဖိုင်နယ်အဆင့်ထိသာ တက်ရောက်နိုင်ခဲ့ပြီး တတိယဆုကြေးတံဆိပ် သာရရှိခဲ့သည်။

သတင်း-ဖြိုးဖြိုး၊ သိမ့်သိမ့်
ဓာတ်ပုံ-သူရ(တောင်ငူ)

ရိုးရာစစ်တုရင်ပြိုင်ပွဲမှ မြန်မာဆီးဂိမ်းအတွက် ၃၅ နှစ်မြောက်သော ရွှေတစ်ခုနှင့် အာဆီယံစစ်တုရင်ပြိုင်ပွဲမှ ကြေးတစ်ခုတို့ကို ဝင်းဇော်ထွန်းနှင့် နေဦးကျော်ဒွန်းတို့ ရယူပေး

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်း၏စစ်တုရင်ပြိုင်ပွဲ နောက်ဆုံးအဆင့် ဗိုလ်လုပွဲ ရိုးရာစစ်တုရင် ငါးမိနစ် လျှပ်တစ်ပြက်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာ စစ်တုရင် ကစားသမား ဝင်းဇော်ထွန်းက ရွှေဆုရယူနိုင်ခဲ့ပြီး အာဆီယံ စစ်တုရင် ပုံမှန် တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအားကစားသမား နေဦးကျော်ဒွန်းက တတိယဆု ဆွတ်ခူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုင်း၊ လာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်နှင့် မြန်မာစစ်တုရင်အားကစားသမားများသည် နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ် အတွင်း အာဆီယံစစ်တုရင်နှင့် နိုင်ငံတကာစစ်တုရင်ပြိုင်ပွဲများကို ရှုံးထွက်အဆင့်ဖြင့် အဆင့်ဆင့်ယှဉ်ပြိုင်ကစားကြရာ နောက်ဆုံးဗိုလ်လုပွဲစဉ်များအဖြစ် ရိုးရာစစ်တုရင် ငါးမိနစ်လျှပ်တစ်ပြက်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ဘက် ထိုင်းနိုင်ငံသား စစ်တုရင်ကစားသမားကို မြန်မာစစ်တုရင်ချန်ပီယံတစ်ဦးဖြစ်သူ ဝင်းဇော်ထွန်းက အနိုင်ကစားကာ ယနေ့ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြောသည်။

ရိုးရာစစ်တုရင် ငါးမိနစ်လျှပ်တစ်ပြက် တစ်ဦးချင်းအမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းမှ ဝင်းဇော်ထွန်းက ရွှေတံဆိပ်ဆုရရှိခဲ့ပြီး ထိုင်းနိုင်ငံသား တင်စီဝိုရာသပ်က ဒုတိယရရှိခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသား စစ်တုရင်ကစားသမား ဟဲလေတော့ဖစ်က တတိယဆုများ အသီးသီးရရှိခဲ့ကြသည်။ စာမျက်နှာ ၂ »

သတင်းနှင့်ဓာတ်ပုံ-ခင်ရတနာ

မြားပစ်ပြိုင်ပွဲများ မြန်မာမှ အောင်ငိုမ်းနှင့် ဗီယက်နမ်မှ ငုယင်တိုင်ချောင်တို့ အမှတ်အများဆုံးရရှိနေ

မြားပစ်ပြိုင်ပွဲ မီတာ ၇၀ အကွာ အဝေးပြိုင်ပွဲ၌ အမှတ်အများဆုံးရရှိထားသည့် မြန်မာမြားပစ်အားကစားမယ် အောင်ငိုမ်း၏ ယှဉ်ပြိုင်မှုကို မြင်တွေ့ရစဉ်။ သူရ(တောင်ငူ)

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲကြီး၏ မြားပစ်ပွဲစဉ်များကို ဒုတိယနေ့အဖြစ် ယနေ့ ယှဉ်ပြိုင်ကစားကြရာ Compound ဆန်ခါတင်ရွေးချယ်ပွဲအတွင်း မြန်မာအားကစားသမားများဖြစ်သည့် ရှိန်းထက်ကျော်၊ လင်းနိုင်၊ စိုင်းဇင်မင်းထက်၊ အောင်ခြိမ့်ဘော်၊ အောင်ငိုမ်း၊ လှလှစံ၊ အေးအေးသင်း၊ ယောစိမ်းယတို့ ရွေးချယ်ခံရပြီး ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့မှ ကစားသမားများလည်း ပါဝင်ကာ ဗိုလ်လုပွဲအထိ အဆင့်ဆင့်ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်သည်။

မီတာ ၇၀ အကွာအဝေးရှိ ပစ်မှတ်များကို သတ်မှတ်ချိန်အတွင်း မြားအစင်းရေ ၇၂စင်းခန့် ယှဉ်ပြိုင်ပစ်ခတ်စေရာ အမျိုးသားအနေနှင့် ဗီယက်နမ်မှ ငုယင်တိုင်ချောင်မှာ ရမှတ်စုစုပေါင်း ၆၉၉ မှတ်ဖြင့် အမှတ်အများဆုံးရရှိခဲ့ပြီး မြန်မာမှ ရှိန်းထက်ကျော်နှင့် လင်းနိုင်တို့မှာ ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ရမည်ဖြစ်ကာ အမျိုးသမီးပွဲစဉ်တွင် မြန်မာမှ အောင်ငိုမ်းမှာ ရမှတ်စုစုပေါင်း ၆၈၆ မှတ်ဖြင့် အမှတ်အများဆုံးနေရာရရှိထားပြီး အေးအေးသင်းနှင့် ရှုံးပွဲထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။

မြားပစ်ပြိုင်ပွဲ အမျိုးသား Recurve ပြိုင်ပွဲအသင်းလိုက်တွင် မလေးရှားနှင့် မြန်မာအသင်းတို့ယှဉ်ပြိုင်ရာ မလေးရှားအသင်းက အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သလို ထိုင်းနှင့် မလေးရှားတို့ပြိုင်ပွဲ အမျိုးသားပွဲစဉ်များတွင် ထိုင်းအသင်းက ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

Recurve အမျိုးသမီးပွဲစဉ်များတွင်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်ရန်အတွက် အင်ဒိုနီးရှားနှင့် စင်ကာပူ၊ မြန်မာနှင့် မလေးရှား၊ ဗီယက်နမ်နှင့် မလေးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ယှဉ်ပြိုင်ကြရာ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားဒုတိယအသင်းတို့က ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ **ခင်ရတနာ**

အမျိုးသားတစ်ဦးချင်း ဂေါက်သီးပြိုင်ပွဲ၌ ဂေါက်သီးအားကစားသမားတစ်ဦး ယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။ (သတင်း-၃) ဓာတ်ပုံ-ခင်ရတနာ

SEA Games မာတိကာ

ပီတန်းအမျိုးသားတစ်ဦးချင်း မြန်မာရွှေရရှိ စာ-၃

မြန်မာကရာတေးဒိုအမျိုးသမီး အသင်းလိုက်ကုမိတဲ့အတိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ထိသာ တက်ရောက်နိုင်ပြီး ကြေးတံဆိပ်ရရှိ စာ-၃

မြန်မာဟော်ကီရှုံးပွဲရှိသော်လည်း ငွေတံဆိပ်မျှော်မှန်းထား စာ-၃